# မြန်မာ့အလင်း

အတွဲ (၅၄) အမှတ် (၁၅၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၁ ရက်၊ တနင်္ဂနွေနေ့။


ကျွန်တော်တို့ ဖဆပလအစိုးရကို အသရေပျက်မှုဖြစ်စေတဲ့ စကားမျိုးကလွဲလို့ရှိရင်၊ ဟုတ်တာ မဟုတ်တာ အပထားလို့ တရားဥပဒေအတွင်းမှာ ခင်ဗျားတို့ ကျွန်တော်တို့ကို ဆဲချင်သလို ဆဲနိုင်တယ်၊ ဝေဖန်ချင်သလို ဝေဖန်နိုင်တယ်။ မှန်မှန်/ မမှန်မှန်၊ သို့သော်လည်း တရားဥပဒေက လွန်မြောက်တဲ့ကိစ္စမျိုးဆိုရင် သည်းခံပြီး မနေနိုင်ဘူး။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ ပြောကြားခဲ့သော နှစ်သစ်ကူးမိန့်ခွန်းမှ ကောက်နုတ်ချက်)

# လက်ဆင့်ကမ်းထမ်းဆောင်ကြမယ့် လူငယ်များရဲ့ အခန်းကဏ္ဍကို အလေးအနက်ထား စဉ်းစားခဲ့

**နိုင်ငံတော်သမ္မတကြီး ပြောကြားသည့် ရေဒီယိုမိန့်ခွန်း**

**(၂၀၁၅ ခုနှစ် မတ်လ)**

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော့်အနေနဲ့ ဒီလမိန့်ခွန်းမှာ ယခုနှစ် ပြည်ထောင်စုနေ့မှာရေးထိုးခဲ့တဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်နဲ့စပ်လျဉ်းပြီး အစပြုပြောကြားလိုပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးအရယူဖို့ အပြီးသတ်ကြိုးပမ်းနေတဲ့ကာလများမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များဟာ ကမ္ဘာ့အလယ်မှာ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံနဲ့ တန်းတူရည်တူရှိတဲ့ ပြည်ထောင်စုကြီး တစ်ရပ်ပေါ်ထွက်လာဖို့ သမိုင်းဝင်ဆုံးဖြတ်ချက်တစ်ရပ်ကို ပင်လုံမြို့မှာ လက်မှတ်ရေးထိုးခဲ့တဲ့နေ့ကို အစွဲပြုပြီး ပြည်ထောင်စုနေ့အဖြစ် နှစ်စဉ် ပုံစံအမျိုးမျိုးနဲ့ ကျင်းပလာခဲ့ကြပါတယ်။

ယခုနှစ်(၆၈)ကြိမ်မြောက်ကျင်းပတဲ့ ပြည်ထောင်စုနေ့အခမ်းအနားဟာ ယခင်နှစ်များထက်ပိုမိုပြီး ထူးခြားမှု၊ အနှစ်သာရပြည့်ဝမှုနဲ့ အဓိပ္ပာယ်ရှိမှုများစွာ ပြည့်နှက်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အကြောင်းအရင်းကတော့ ယခုနှစ် ပြည်ထောင်စုနေ့မှာ နိုင်ငံတော်အစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ရွေးကောက်ပွဲကော်မရှင်၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻

> " ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးအရ ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုများရှိတာဟာ သဘာဝကျတဲ့ ကိစ္စဖြစ်၊ မိမိတို့ရဲ့ နိုင်ငံရေးရည်မှန်းချက်အတွက် အင်တိုက်အားတိုက် ယှဉ်ပြိုင်ကြတဲ့အခါ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် လေးစားမှု၊ နားလည်မှု၊ သဘောထားကြီးမှုများနဲ့ မိမိတို့ရဲ့ရည်မှန်းချက်ကို ရရှိဖို့ ကြိုးပမ်းရန်လို "

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြဘုရားနှင့် GRAND PALACE တို့သို့ လေ့လာ

**ဗန်ကောက် ဖေဖော်ဝါရီ ၂၈**

တရားဝင်ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းနိုင်ငံဗန်ကောက်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် မြဘုရားသို့ရောက်ရှိပြီး ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကပ်လှူပူဇော်ပြီး အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ယခင် ထိုင်းဘုရင်များစံမြန်းခဲ့ကြသည့် Grand Palace သို့ရောက်ရှိပြီး ယဉ်ကျေးမှုအနုပညာလက်ရာများ၊ အဆောက်အအုံများနှင့် ထီးသုံးနန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ BHUMIRAJANAGARINDRA KIDNEY INSTITUTE ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံ၏ အခန်းများဖွဲ့စည်းထားရှိမှု၊ ခေတ်မီဆေးရုံသုံး စက်ပစ္စည်းကိရိယာများတပ်ဆင်ထားရှိမှုနှင့်

*စာမျက်နှာ ၈ ကော်လံ ၁* ❐



# မြေနီကုန်းခုံးကျော်တံတား ၈၅ ရာခိုင်နှုန်းပြီးစီး မတ်လအကုန်၌ ယာဉ်များသွားလာမှုပြုနိုင်မည်

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-မြင့်အောင်(စက်မှုဆေးဝါး)**

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြေနီကုန်း ခုံးကျော်တံတား တည်ဆောက်မှုသည် ယခုဖေဖော်ဝါရီလအကုန်၌ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေး စီမံကိန်းမန်နေဂျာ ဦးသက်လင်းက မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောကြားခဲ့သည်။

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရေးအတွက် လှည်းတန်းခုံးကျော်တံတား၊ ဘုရင့်နောင်ခုံးကျော်တံတား၊ ရွှေဂုံတိုင်ခုံးကျော်တံတားများကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။


ယခုအခါ စတုတ္ထမြောက်ခုံးကျော်တံတားတစ်စင်းအဖြစ် မြေနီကုန်း၌ တည်ဆောက်လျက်ရှိနေပြီ ဖြစ်သည်။ မကြာမီ ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

စီမံကိန်းဒါရိုက်တာ ဦးသက်လင်းက "မတ်လအကုန်လောက်မှာ ယာဉ်တွေ သွားလာနိုင်တော့မှာပါ"ဟု အတည်ပြုပြောကြားခဲ့သည်။

မြေနီကုန်း ခုံးကျော်တံတားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် Capital Development မှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။

တံတားတည်ဆောက်ရန် မြေတိုင်းတာမှုကို ၂၀၁၄ ဩဂုတ် ၁၃ ရက်တွင်ပြုလုပ်ခဲ့ပြီး ပန္နက်တော်တင်

*စာမျက်နှာ ၇ ကော်လံ ၄* ❍

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ခေတ်မီတပ်မတော်ဖြစ်ရေးကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေး တပ်မတော်ကို တောင့်တင်းခိုင်မာပြီး ခေတ်မီတပ်မတော်အဖြစ် ထူထောင်ကြိုးပမ်းသွားရန် အရေးကြီးပေသည်။ ''တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်''ဆိုသည့်အတိုင်း တပ်မတော်ကို အဘက်ဘက်မှ တောင့်တင်းခိုင်မာအောင် တည်ဆောက်သွားရမည်ဖြစ်ပါသည်။

မျက်မှောက်ခေတ်ကမ္ဘာ့ရေးရာများကို လေ့လာကြည့်လျှင် လေကြောင်းစွမ်းပကားသည် များစွာအရေးပါလျက်ရှိပါသည်။ လေကြောင်းစွမ်းအားသာလွန်မှုကို အားပြု၍ စစ်ပွဲအောင်နိုင်ရေးအတွက် မိမိယှဉ်ပြိုင်ဘက်အပေါ် လွှမ်းမိုးချုပ်ကိုင်ရန်နှင့် မိမိတပ်ဖွဲ့ဝင်များ တိုက်ပွဲစွမ်းရည်ပိုမိုတိုးတက်စေရန် အသုံးပြုလာကြသည်။ သာလွန်သောလေကြောင်းတိုက်ခိုက်ရေး စွမ်းအားရရှိရေးအတွက် ခေတ်မီလေတပ်မတော်တစ်ခု တည်ထောင်ရမည်ဖြစ်သကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော နည်းပညာရပ်များကိုလည်း သိရှိလေ့လာကျွမ်းကျင်တတ်မြောက်ရန် လိုအပ်လာပါသည်။

မိတ္ထီလာတပ်နယ် လေကြောင်းအတတ်သင် လေတပ်စခန်း၌ ဖေဖော်ဝါရီ ၂၅ ရက်က တပ်မတော် (လေ)၏ K-8W လေ့ကျင့်ရေးဂျက်လေယာဉ်၊ ATR-42 သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် BEE-CH- 1900 D သယ်ယူပို့ဆောင်ရေးလေယာဉ်များ တပ်တော်ဝင်အခမ်းအနားကျင်းပခဲ့သည်။ K-8W လေယာဉ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ CATIC ကုမ္ပဏီနှင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံးတို့ ပူးပေါင်းကာ မြန်မာနိုင်ငံအတွင်း တပ်ဆင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ယခု လွှဲပြောင်းပေးအပ်သည့် K-8W လေယာဉ်များတပ်တော်ဝင် အခမ်းအနားသည် တတိယအကြိမ်ဖြစ်၍ ယခုလွှဲပြောင်းမှုအပါအဝင် တပ်မတော်(လေ)သို့ စုစုပေါင်း K-8W လေယာဉ် ၁၈ စင်း လွှဲပြောင်းပေးပြီးဖြစ်ကြောင်း သိရသည်။

K-8W လေ့ကျင့်ရေးဂျက်လေယာဉ်များသည် အပေါ့စားတိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်နိုင်ပြီး ခေတ်မီအဆင့်မြင့် ရှေ့တန်းဂျက်တိုက်လေယာဉ်များ မောင်းနှင်မည့် လေသူရဲများကို ကြားခံလေ့ကျင့်ပေးနိုင်သော အပေါ့စားတိုက်ခိုက်ရေး အမောင်းသင်ဂျက်လေယာဉ်အမျိုးအစားဖြစ်သည်။ တပ်မတော်(လေ)၏ အနာဂတ်မျိုးဆက်သစ်လေသူရဲများကို လေ့ကျင့်ပျိုးထောင်ပေးသွားနိုင်မည်ဖြစ်၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဆတက်ထမ်းပိုး ထမ်းဆောင်သွားနိုင်ရန် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

မြန်မာ့တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ရည်မှန်းတည်ဆောက်လျက်ရှိရာ ယခုကဲ့သို့ လေတပ်၊ ရေတပ်၊ ကြည်းတပ်တို့ကို ခေတ်မီလက်နက်များ တပ်ဆင်အသုံးပြုခြင်းဖြင့် နိုင်ငံတော်က အားကိုးရသည့် ခေတ်မီတပ်မတော်ဖြစ်ရေး ကြိုးပမ်းတည်ဆောက်သွားရန် လိုအပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း



# ရခိုင်ပြည်နယ် လုပ်ငန်းစီမံချက်ဖော်ဆောင်မှု ရှင်းလင်းပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စတာနီကိုး လတ်ကော့ပယ်လ်အား ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီကအဆိုပါ ဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နယ်စပ်ဒေသနေ တိုင်းရင်းသားများအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ (၆)ရပ် ဖွဲ့စည်းဆောင်ရွက်ပေးနေမှုနှင့် ရခိုင်ပြည်နယ် လုပ်ငန်းစီမံချက် (Action Plan)ပါ လုပ်ငန်းစဉ်များ အကောင်ထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဩစတြေးလျ သံအမတ်ကြီးက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများမှတစ်ဆင့် ကူညီဆောင်ရွက်ပေးနေမှု၊ နှစ်နိုင်ငံအစီအစဉ်ဖြင့် ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အနာဂတ် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အနုပညာတက္ကသိုလ်(ရန်ကုန်) ဓာတ်ပုံပြိုင်ပွဲပြပွဲနှင့် ပန်းချီပြပွဲ ခင်းကျင်းပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက သရဖီဆောင်ခန်းမ၌ Our University ဓာတ်ပုံပြိုင်ပွဲ ပြပွဲနှင့် My Favourites Art Exhibition ပန်းချီပြပွဲ အခမ်းအနားကို ကျင်းပရာ ပထမဦးစွာ ပါမောက္ခချုပ် ဦးကျော်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ဧည့်ပါမောက္ခ ဦးမြင့်သိန်းဖေက ဓာတ်ပုံဆု ရွေးချယ်ပုံနှင့် ပတ်သက်ပြီးလည်းကောင်း၊ ပန်းချီပညာဌာနမှူး ပါမောက္ခ ဦးမြတ်ထွန်းအောင်က ပန်းချီပြပွဲ၏ ရည်ရွယ်ချက်နှင့် စည်းမျဉ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြပွဲတွင် ကျောင်းသားကျောင်းသူများ၏ ဓာတ်ပုံများနှင့် ပန်းချီကား ၈၀ ကျော် ပြသထားသည်။ ပြပွဲသို့ ပါမောက္ခချုပ် ဦးကျော်ဦးနှင့်အတူ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပညာရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆေးပညာသင်ကြားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**မန္တလေး ဖေဖော်ဝါရီ ၂၈**

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် ပြုလုပ်သော ဆေးပညာ သင်ကြားရေးဆိုင်ရာ Evaluation of Assessment in Postgraduate Medical Education Workshop ကို ဖေဖော်ဝါရီလ စတုတ္ထပတ်က မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ဆေးတက္ကသိုလ်-မန္တလေး ငွေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ တင်မောင်ဟန်က အမှာစကားပြောကြားပြီး ဘွဲ့လွန်ဆေးပညာသင်ကြားရေး ဆန်းစစ်မှုနှင့် ပြည်လည်ဆန်းစစ်မှု စသည်တို့ကို ရှင်းလင်းဖတ်ကြားကြပြီး ပါမောက္ခ (ဌာနမှူး) ပါမောက္ခ၊ တွဲဖက်ပါမောက္ခနှင့် ဘွဲ့လွန်ကထိက ၄၉ ဦးတို့က အဖွဲ့လိုက်ဆွေးနွေးကြပြီး ဆွေးနွေးကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**



ဖေဖော်ဝါရီ ၂၆ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်သဒ္ဓမ္မဇျူဟာဓမ္မရုံတွင် နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ကွင်းဆင်းထုတ်ပေးခြင်း အခမ်းအနားကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးကြည်လွင်က ပြည်သူများအား နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားကတ်အရေးကြီးပုံကို ရှင်းလင်းဆွေးနွေးစဉ်။

**အောင်သန်း( မင်္ဂလာတောင်ညွန့်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၇၅ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၆-၁၀၃၈ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၇၀၀၀-၃၁၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၈၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၀၀-၃၇၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၃၅၀-၂၇၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၆၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၆၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၄၀၀-၂၆၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၅၄၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁

၂၀၁၅ ခုနှစ် မတ်လ ၁ ရက်တွင် ကျရောက်သော ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံသမ္မတ ဥက္ကဋ္ဌအဖွဲ့ အကြီးအကဲ မစ္စတာ မာလေဒန် အိုင်ဗန်နစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

နိုင်ငံရေးပါတီများမှခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တချို့သောခေါင်းဆောင်များဟာ ငြိမ်းချမ်းရေးနဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်များရဲ့ နက်နဲသိမ်မွေ့မှုကြောင့် အချိန်ယူဖြတ်ကျော်နေရတဲ့ အခိုက်အတန့်မှာ ပြည်သူအများစုရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် စိုးရိမ်စိတ်တွေလျော့ပါးစေရေးနဲ့ ပြည်သူတွေရဲ့မျှော်လင့်ချက်များ လျော့ပါးမသွားစေဖို့ ငြိမ်းချမ်းရေးဆောင်ရွက်နေတဲ့ခေါင်းဆောင်များအနေနဲ့ ခိုင်မာတဲ့ ကတိကဝတ်ပေးဖို့လိုအပ်တယ်လို့ တိုင်းရင်းသားခေါင်းဆောင်အချို့က ကျွန်တော့်ကိုအကြံပြုခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းရင်းသားခေါင်းဆောင်များရဲ့ အကြံဉာဏ်ကိုအလေးအနက်လက်ခံစဉ်းစားပြီး အခုလို ကတိပြုချက်ကို လက်မှတ်ရေးထိုးနိုင်ဖို့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒီကတိပြုချက်ဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အရေးကြီးအဆင့်များဖြစ်တဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကိုအပြီးသတ်ညှိနှိုင်းနိုင်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်များရေးဆွဲနိုင်ရေးနဲ့ နိုင်ငံရေးဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ်အတွင်းမှာ အမြန်ဆုံးစတင်နိုင်ရေးစတဲ့လုပ်ငန်းစဉ်များကို ငြိမ်းချမ်းရေးဖော်ဆောင်နေတဲ့ ခေါင်းဆောင်များအားလုံးက တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှုတို့ကို အခြေခံပြီး ဆောင်ရွက်သွားမယ်ဆိုတာကို ပြည်သူများထံ အလေးအနက်ကတိပြုတဲ့ အနေနဲ့ လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အားလုံးပြည့်စုံလုံလောက်တဲ့အဆင့်မှာ မရှိသေးဘူးဆိုတာကို ကျွန်တော်တို့ အားလုံး လက်ခံထားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် စိန်ခေါ်မှုများ၊ အခက်အခဲများကိုကျော်လွှားနိုင်ဖို့အတွက် ပေါ်ပေါက်လာတဲ့အခွင့်အလမ်းများ၊ ရေရာသေချာမှုများကို ခိုင်မာစေဖို့ဆိုတဲ့စေတနာနဲ့ ကျွန်တော်ကိုယ်တိုင်ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်ရှင်သန်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ရေးဆိုတဲ့ စိတ်ရင်းစေတနာမှန်ကို ထပ်လောင်းအတည်ပြုလိုတဲ့အတွက် ရေးထိုးရခြင်းလည်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းနဲ့သာ ဖြေရှင်းရေးဆိုတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်အပေါ် ကျွန်တော်တို့အစိုးရရဲ့ အလေးအနက်ထားမှုကို သက်သေထူခြင်းလည်းဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့ရဲ့ အစည်းအဝေးများကိုလည်း မတ်လအလယ်လောက်မှာ ဆက်လက်ပြုလုပ်သွားဖို့ စီစဉ်ဆောင်ရွက်လျက်လည်း ရှိပါတယ်။

ဖေဖော်ဝါရီလအတွင်းမှာ တိုင်းရင်းသားများရဲ့ အမျိုးသားနေ့အထိမ်းအမှတ်များ၊ အခမ်းအနားများရှိပါတယ်။ တိုင်းရင်းသားရိုးရာဓလေ့များနဲ့ ကြန်အင်လက္ခဏာတွေ ပြန်လည်ဖော်ကျူးနိုင်ဖို့၊ တိုင်းရင်းသားများရဲ့ အမျိုးသားနေ့များကို ဂုဏ်သိက္ခာရှိစွာ ပြန်လည်ကျင်းပနိုင်ခြင်းဟာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကနေ ပေါ်ထွက်လာတဲ့ နိုင်ငံရေးဖြစ်ထွန်းမှုများအဖြစ် ရှုမြင်ရမှာလည်းဖြစ်ပါတယ်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာဖြစ်ပွားခဲ့တဲ့ တိုက်ပွဲများနဲ့ ပတ်သက်ပြီး အနည်းငယ်ရှင်းလင်းပြောကြားလိုပါတယ်။ အချုပ်အခြာအာဏာ၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ပြည်ထောင်စုရဲ့သွေးစည်းညီညွတ်မှုဆိုတဲ့ ကိစ္စများကို လက်နက်ကိုင်အကြမ်းဖက်တဲ့နည်းလမ်းနဲ့ ထိပ်တိုက်ရင်ဆိုင်လာမှုကို တပ်မတော်နဲ့လုံခြုံရေးအဖွဲ့အစည်းများအနေနဲ့ အလျင်အမြန်တုံ့ပြန်ကာကွယ်မှုမျာပြုလုပ်ခဲ့ရပါတယ်။

တိုက်ပွဲများဖြစ်ပွားရာဒေသများက ပြည်သူလူထုတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ဖို့အလွန်အရေးကြီးတာဖြစ်တဲ့အတွက် အထူးအလေးပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံပြည်သူလူထုများကို တတ်အားသရွေ့ ဝိုင်းဝန်းကူညီပေးကြတဲ့တာဝန်သိပြည်သူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများရဲ့ နိုင်ငံသားကောင်းပီသမှုကိုလည်း ကျွန်တော့်အနေနဲ့ အလေး အနက်အသိအမှတ်ပြုကြောင်းပြောကြားလိုပါတယ်။ ကိုးကန့်ဒေသမှာ အသက်စွန့်တာဝန်ထမ်းဆောင်နေတဲ့ စစ်သည်တစ်ဦးချင်းအပေါ်မှာ ပြည်သူများရဲ့ မေတ္တာထားရှိမှု၊ အားပေးထောက်ခံမှု၊ ပံ့ပိုးကူညီမှုများကို တွေ့ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အားတက်ဝမ်းမြောက်မိကြောင်းလည်း ပြောကြားလိုပါတယ်။ အသက်ခန္ဓာစွန့်လွှတ်အနစ်နာခံပြီး တိုင်းပြည်ကာကွယ်သွားကြတဲ့၊ သက်စွန့်ဆံဖျား တိုင်းပြည်တာဝန်များကို ထမ်းဆောင်လျက်ရှိကြတဲ့ တပ်မတော်သားများအားလုံးအတွက်လည်း နိုင်ငံတော်သမ္မတအနေနဲ့ လေးစားဂုဏ်ယူကြောင်း အလေးအနက်ပြောကြားလိုပါတယ်။ တစ်ချိန်တည်းမှာပဲ တိုက်ပွဲဖြစ်ပွားရာဒေသက ပြည်သူများကို မွန်မြတ်တဲ့စိတ်စေတနာနဲ့ ကယ်ဆယ်ရေးလုပ်ငန်းများကို စွန့်စွန့်စားစားလုပ်ဆောင်ခဲ့ကြတဲ့ ကြက်ခြေနီအဖွဲ့များကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါတယ်။

ကိုးကန့်ဒေသမှာဖြစ်ပွားနေတဲ့ တိုက်ပွဲများနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံတော်အစိုးရနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြားမှာ နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံအကြားငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်နဲ့အညီ ပူးပေါင်းဆောင်ရွက်ကြဖို့ သဘောတူညီထားပြီးဖြစ်ပါတယ်။ ကာလရှည်ကြာရှိခဲ့တဲ့ နှစ်နိုင်ငံဆက်ဆံရေး၊ တန်းတူရည်တူ အပြန်အလှန်လေးစားသမှုရှိရေးနဲ့ တစ်နိုင်ငံရဲ့နယ်မြေကိုအသုံးချပြီး အခြားတစ်နိုင်ငံရဲ့အကျိုးစီးပွားကို ထိပါးစေမယ့် အဖျက်အမှောင့် လုပ်ငန်းတွေကို နှစ်နိုင်ငံလုံးက ခွင့်ပြုမှာမဟုတ်ဘူးဆိုတဲ့ နားလည်မှုမျိုးလည်း နှစ်နိုင်ငံကြားမှာရှိထားပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းဖို့ ပြည်သူများနဲ့တစ်သားတည်းရှိတယ်ဆိုတာကိုလည်း အလေးအနက်ထုတ်ဖော်ပြောကြားထားပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ကိုးကန့်ဒေသရဲ့လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ထိန်းချုပ်လာနိုင်ပြီဖြစ်သလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်း အစီအမံများစီစဉ်ထားရှိပြီးဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရတာဝန်ယူပြီးနောက်မှာ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ကဏ္ဍစုံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအနက် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုဟာလည်း အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခု၊ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ သို့သော်လည်းပဲ နှစ်ပေါင်းများစွာ ယိုယွင်းခဲ့တဲ့ကိစ္စရပ်တစ်ခုကို ပြင်ဆင်ဖို့ကြိုးပမ်းတဲ့အခါ လိုအပ်ချက်တွေ၊ စိန်ခေါ်မှုတွေရှိတာဟာလည်း သဘာဝကျတဲ့ကိစ္စရပ်ဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေမှာလည်း ပညာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာကျောင်းသားအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့တိုင်ပင်ပြီး ပြည်သူများရဲ့လိုအပ်ချက်များနဲ့အညီ ပြင်ဆင်နိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပြီး အခုဆိုရင် လွှတ်တော်မှာ အသေးစိတ်ဆွေးနွေးလုပ်ဆောင်နေကြပြီဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အထူးပြုပြီးပြောချင်တာကတော့ ဒီလိုပြုပြင်ပြောင်းလဲဖို့ကြိုးပမ်းတဲ့အခါမှာလည်း မြန်မာနိုင်ငံရဲ့လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုခိုင်မာရေးနဲ့ ပွင့်လင်းလွတ်လပ်ပြီး ငြိမ်းချမ်းသာယာတဲ့ လူ့အဖွဲ့အစည်းတည်ဆောက်ရေးအတွက် မောင်းနှင်အားဖြစ်လာမယ့် ပညာရေးစနစ်တစ်ခုအောင်မြင်စွာ ပေါ်ပေါက်လာဖို့အတွက် ရေတိုရေရှည်အစီအမံများ၊ လွှမ်းခြုံစဉ်းစားမှုများနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြဖို့ ပါဝင်ပတ်သက်နေတဲ့ အဖွဲ့အစည်းအသီးသီးကို တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံမှာ အလုပ်သမားအခွင့်အရေးများအနက် အခြေခံအကျဆုံးကိစ္စရပ်တစ်ခုဖြစ်တဲ့ အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်နိုင်ရေးအတွက် အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနဲ့ လုပ်ငန်းရှင်များရဲ့ကိုယ်စားလှယ်များ ပူးပေါင်းပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုကြိုးပမ်းကြတဲ့အခါမှာ အလုပ်ရှင်အလုပ်သမားဘက်ပေါင်းစုံအတွက် မျှတတဲ့နှုန်းထားများပေါ်ပေါက်လာရေးကို ဒေသချင်းမတူညီမှု၊ အလုပ်ရုံစက်ရုံချင်းမတူညီမှု၊ အပေါ်မှာစနစ်တကျလေ့လာခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို လုပ်ငန်းစဉ်အဆင့်ဆင့်အနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်လည်းရှိပါတယ်။ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်နိုင်ရေးဟာ ဆောလျင်စွာ လုပ်ဆောင်ရမယ့်ကိစ္စဖြစ်သော်ငြားလည်း မျှတတဲ့နှုန်းထားတစ်ခု ပေါ်ပေါက်ဖို့အတွက် လုံလောက်တဲ့ပြင်ဆင်မှုများ၊ လေ့လာမှုများ၊ ဆွေးနွေးညှိနှိုင်းမှုများကို အမြင်ကျယ်ကျယ်၊ သဘောထားကြီးကြီးထားပြီး သည်းခံစိတ်ရှည်မှုနဲ့ဆွေးနွေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ အဓိကအကျဆုံးကတော့ မလိုလားအပ်တဲ့ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းနဲ့ အင်အားသုံးဖြေရှင်းရခြင်းဆိုတဲ့ နည်းလမ်းများကို ရှောင်လွှဲနိုင်ရေးပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်တာကာလအတွင်းမှာ အလုပ်သမားရေးရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာမှာ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းများကို ရှောင်ရှားပြီး အစိုးရ၊ အလုပ်သမားအဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်များနဲ့လုပ်ငန်းရှင်ကိုယ်စားလှယ်များ အကျေအလည်ဆွေးနွေးညှိနှိုင်းခြင်းဖြင့် လိုအပ်ချက်တွေကိုအောင်မြင်အောင် ညှိနှိုင်းနိုင်ခဲ့တဲ့ သာဓကတွေလည်းရှိခဲ့ပါတယ်။ ဒါကြောင့် အလုပ်ရှင်၊ အလုပ်သမားများအကြား လိုအပ်ချက်တွေ ဖြေရှင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ လက်ရှိပေါ်ပေါက်နေတဲ့ အလုပ်သမားဆိုင်ရာ အငြင်းပွားမှုများမှာလည်း အစိုးရအနေနဲ့ အလုပ်ရှင်နဲ့အလုပ်သမား နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကနေ ဖြေရှင်းဆွေးနွေးကြဖို့ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဝိုက်ကတ်လို့ခေါ်တဲ့ ယာယီသက်သေခံလက်မှတ်များနဲ့ ပတ်သက်ပြီး ပြည်သူများအနေနဲ့ မေးခွန်းများ ပေါ်ပေါက်နေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားလိုပါတယ်။ ဒီဝိုက်ကတ်ကိုင်ဆောင်ထားသူတွေရဲ့ နိုင်ငံသားဖြစ်မှု ရေရာသေချာစွာစိစစ်နိုင်ဖို့ မကြာခဏဆိုသလို အခက်အခဲတွေ ပေါ်ပေါက်ခဲ့တဲ့အတွက် လူတစ်ဦး နိုင်ငံသားဖြစ်မဖြစ် စိစစ်နေဆဲကာလမှာ အသိအမှတ်ပြု အထောက်အထားတစ်ခုအနေနဲ့သာ ယာယီထုတ်ပေးထားခြင်းဖြစ်ပါတယ်။ နိုင်ငံသားဖြစ်မှုနဲ့ပတ်သက်တဲ့ကိစ္စများကိုလည်း ဥပဒေနဲ့အညီ လိုအပ်သလို စိစစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယာယီသက်သေခံလက်မှတ်များရဲ့ သက်တမ်းဟာ လာမယ့်မတ်လအကုန်မှာ ကုန်ဆုံးမှာဖြစ်တယ်လို့လည်း တရားဝင်ကြေညာထားပြီး ဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ဆဲကာလအတွင်းမှာလည်း ရသင့်ရထိုက်တဲ့အခွင့်အရေး မဆုံးရှုံးဖို့ အစိုးရ၊ အဖွဲ့အစည်း အသီးသီးက အကူအညီများပေးအပ်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရတာဝန်ယူချိန်ကစလို့ မြန်မာ့လူ့အဖွဲ့အစည်းအတွက် လိုအပ်နေတဲ့ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်များဟာ ပြည်သူလူထုလိုလားတဲ့ ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်မယ်ဆိုတဲ့ အခြေခံစဉ်းစားမှုများနဲ့ စတင်ခဲ့တာဖြစ်ပါတယ်။ ပထမဦးစွာ ဒီလုပ်ငန်းစဉ်တွေ ပေါ်ပေါက်လာဖို့ လိုအပ်တဲ့ ဖြေလျှော့မှုတွေကို လုပ်ဆောင်ခဲ့ပါတယ်။ ဒီနေရာမှာ အနာဂတ်ကာလများမှာ လက်ရှိမျိုးဆက်တွေရဲ့ တာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်ကြမယ့် လူငယ်များရဲ့ အခန်းကဏ္ဍကိုလည်း အလေးအနက်ထား စဉ်းစားခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ လူငယ်များရဲ့အခန်းကဏ္ဍနဲ့ တာဝန်ကျေပွန်မှု အစဉ်အလာကို အစဉ်အလေးထားပါတယ်။ ဒါ့ကြောင့် လက်ရှိမြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များမှာ လူငယ်များဂုဏ်သိက္ခာရှိရှိ ပါဝင်နိုင်ရေးကိုလည်း လျစ်လျူရှုခြင်းမပြုခဲ့ဘဲ အားပေးကူညီခဲ့ပါတယ်။ နိုင်ငံရေးအရ ဖြေလျှော့မှုတွေကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ယနေ့ လူငယ်တွေအနေနဲ့ တစ်ချိန်က အထီးကျန်ဆန်ခဲ့ရတဲ့ တိုင်းပြည်အခြေအနေကြောင့် ကမ္ဘာကြီးနဲ့ မျက်ခြည်ပြတ်ခဲ့ရတဲ့ အခြေအနေကနေ ကမ္ဘာကြီးနဲ့ လွတ်လပ်စွာ ကူးလူးဆက်ဆံလာနိုင်ခြင်းဆိုတဲ့ အခွင့်အလမ်းများကို ရရှိလာခဲ့ပါတယ်။ လွတ်လပ်စွာလှုပ်ရှားလုပ်ဆောင်နိုင်ခွင့်နဲ့ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး အသစ်၊ အသစ်တွေကို သင်ယူလာနိုင်တာနဲ့အမျှ အတွေးအခေါ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများလည်း တိုးတက်ရရှိလာနေတာကို တွေ့ရပါတယ်။

ဒါဟာ အနာဂတ်ကာလမှာ ခေါင်းဆောင်မှုပေးနိုင်ရန်၊ ပညာတတ်သော၊ အရည်အချင်းပြည့်ဝသော၊ ဂုဏ်သိက္ခာရှိသော လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးရာရောက်တဲ့ ပထမခြေလှမ်းလို့ ဆိုရမှာဖြစ်ပါတယ်။ လူငယ်များအနေနဲ့လည်း ပွင့်လင်းလာတဲ့ အခြေအနေများကို အမိအရအသုံးချပြီး မိမိတို့အတွက် အတွေ့အကြုံ၊ ဗဟုသုတ၊ အတွေးအမြင်များ တိုးတက်ဖို့ ပြင်ဆင်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒီလို ပြင်ဆင်မှုတွေရှိမှသာလျှင် ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းကို မျိုးဆက်တစ်ဆက်မှ တစ်ဆက်ကို လွှဲပြောင်းပေးချိန်မှာ တစ်ဆင့်ပြီးတစ်ဆင့် ဖွံ့ဖြိုး တိုးတက်သွားနိုင်မှာ ဖြစ်တဲ့အတွက် စဉ်ဆက်မပြတ်ကြိုးပမ်းပြင်ဆင်ကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ဖေဖော်ဝါရီလထဲမှာ ထူးခြားချက်တစ်ခုကတော့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်နဲ့ တိုက်ဆိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဂုဏ်ရည်များကို အောက်မေ့တဲ့၊ အနာဂတ်ရဲ့ မျိုးဆက်သစ်တွေ အားကျအတုယူဖွယ်ဖြစ်စေတဲ့ ဖော်ကျူးမှုတိုင်းကိုလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ တစ်ဆက်တည်းမှာပင် ကျွန်တော်တို့အားလုံး တစ်ဦးချင်းစီဟာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဆိုအမိန့်များ၊ ကိုယ်ကျင့်တရားနဲ့ တိုင်းပြည်အပေါ်ထားရှိတဲ့ အာဇာနည်စိတ်ဓာတ်ကို ချီးမွမ်းနေရုံ၊ လေးစားအားကျရုံ၊ ဖော်ကျူးရုံမျှနဲ့ တာဝန်ကျေပြီလို့ မယူဆကြဘဲ လိုက်နာလုပ်ဆောင်ဖို့ လိုကြောင်းကိုလည်း မီးမောင်းထိုးပြလိုပါတယ်။ ဗိုလ်ချုပ်ရဲ့ အဆိုအမိန့်များကို လက်တွေ့ကျင့်သုံးနိုင်ဖို့နဲ့ ဗိုလ်ချုပ်ရည်မှန်းခဲ့တဲ့ ဒီမိုကရေစီအရေး၊ တန်းတူရည်တူရှိရေးနဲ့ ကမ္ဘာ့အလယ်မှာတင့်တယ်တဲ့ ပြည်ထောင်စုကြီးတစ်ရပ်အဖြစ် ရောက်ရှိအောင် နိုင်ငံရေးခေါင်းဆောင်များအားလုံးနဲ့ နိုင်ငံသားတစ်ဦးချင်းစီက ကြိုးပမ်းတည်ဆောက်ခြင်းသည်သာလျှင် တာဝန်ကျေပြီး ကျေးဇူးဆပ်ရာရောက်တယ်လို့ ခံယူထားကြရမှာဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ အနာဂတ် အနှစ် (၁၀၀)ကို ရည်မှန်းကြည့်တဲ့အခါ ထိုအချိန်မှာရှိနေကြမယ့် တိုင်းပြည်ရဲ့အနာဂတ်လူငယ်တွေက တမ်းတကြ၊ လေးစားကြ၊ အားကျရတဲ့ ခေါင်းဆောင်တွေဖြစ်စေဖို့ ဒီကနေ့လူငယ်တွေအနေနဲ့ ကြိုးပမ်းကြဖို့လည်း တိုက်တွန်းအားပေး လိုပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်တဲ့ အခြေခံများကို ကြိုးပမ်းတည်ဆောက်နေတာဖြစ်ပါတယ်။ ဒီဖြစ်စဉ် တစ်ခုချင်းစီရဲ့ အောင်မြင်မှုကို အဆုံးအဖြတ်ပေးနိုင်မယ့်အရေးကြီးတဲ့ အချိန်ကာလများကိုလည်း ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ကာလများမှာ ဒီလုပ်ငန်းစဉ်သုံးရပ်အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ ဖြစ်စဉ်တစ်ခုရဲ့ တိုးတက်မှုဟာ အခြားဖြစ်စဉ်တစ်ခုရဲ့ ဖြစ်ထွန်းတိုးတက်မှုအတွက် အားဖြည့်ပေးရာရောက်ပြီး ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ ရည်မှန်းချက်ကို ရောက်ရှိသွားစေဖို့အတွက် နိုင်ငံရေးခေါင်းဆောင်များအားလုံးနဲ့ ပြည်သူလူထုတစ်ဦးချင်းစီက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။ အထူးသဖြင့် တိုင်းပြည်ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အဆုံးအဖြတ်ပေးမယ့် ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအင်အားစုအားလုံး အင်တိုက်အားတိုက် ဝင်ရောက်ယှဉ်ပြိုင်မယ့် အထွေထွေရွေးကောက်ပွဲများကို ယခုနှစ် နိုဝင်ဘာလထဲမှာ ကျင်းပတော့မှာလည်းဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးအရ ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုများရှိတာဟာ သဘာဝကျတဲ့ကိစ္စဖြစ်ပါတယ်။ တစ်ဖက်မှာလည်း မိမိတို့ရဲ့ နိုင်ငံရေးရည်မှန်းချက်အတွက် အင်တိုက်အားတိုက် ယှဉ်ပြိုင်ကြတဲ့အခါ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ သဘောထားကြီးမှုများနဲ့ မိမိတို့ရဲ့ ရည်မှန်းချက်ကိုရရှိဖို့ ကြိုးပမ်းရန် လိုအပ်ကြောင်းလည်း အလေးအနက်တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

နိုင်ငံတကာသတင်း

# ရုရှားအတိုက်အခံ ဒုတိယဝန်ကြီးချုပ်ဟောင်း မော်စကို၌ သေနတ်သမားတစ်ဦးလက်ချက်ဖြင့်သေဆုံး



**မော်စကို ဖေဖော်ဝါရီ ၂၈**

ရုရှားအတိုက်အခံခေါင်းဆောင် ဒုတိယဝန်ကြီးချုပ်ဟောင်း ဘောရစ် နမ့်စော့(ဗ်)သည် မော်စကိုမြို့၌ သေနတ်သမားတစ်ဦး၏ လက်ချက်ဖြင့် သေဆုံးခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ပြောသည်။ မစ္စတာ နမ့်စော့(ဗ်)သည် ကရင်မလင်ရင်ပြင်အနီး တံတားကို မော်တော်ယာဉ်ဖြင့် ဖြတ်ကျော်စဉ် အခြားကားတစ်စီးပေါ်မှ သေနတ်သမားတစ်ဦးက ပစ္စတိုသေနတ်ဖြင့် နောက်ကျောဘက်ကို လေးချက်ပစ်ခတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

သူသည် ယူကရိန်းစစ်ပွဲကို ဆန့်ကျင်သည့် ချီတက်ဆန္ဒပြပွဲကိုတနင်္ဂနွေနေ့တွင် ပြုလုပ်ရေး ထောက်ခံဆော်ဩခဲ့ပြီး နာရီပိုင်းအကြာ ယင်းကဲ့သို့ သေနတ်သမားတစ်ဦး၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်က အဆိုပါလူသတ်မှုကို ရှုတ်ချကြောင်း သတင်းထုတ်ပြန်ပြီး လူသတ်မှုကို အမြန်ဆုံး စစ်ဆေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြောသည်။

အသက် ၅၅ နှစ်အရွယ် မစ္စတာ နမ့်စော့(ဗ်)သည် ၁၉၉၀ ပြည့်လွန်နှစ်က သမ္မတဘောရစ်ယဲ့လ်ဆင် လက်ထက်တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ယဲ့လ်ဆင်နေရာတွင် မစ္စတာပူတင် ဆက်ခံခဲ့ပြီးနောက် နမ့်စော့(ဗ်)သည် နိုင်ငံရေးအတိုက်အခံဖြစ်လာခဲ့ သည်။ **(ဘီဘီစီ)**



# မက္ကဆီကိုနိုင်ငံ၏ အလိုအရှိဆုံးမူးယစ်ရာဇာ ဂိုမက်ဇ်အား သေနတ်တစ်ချက်မျှမဖောက်ရဘဲ ရဲအဖွဲ့က လက်ရဖမ်းဆီး

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၈**

မက္ကဆီကိုရဲတပ်ဖွဲ့က နိုင်ငံ၏ အလိုအရှိဆုံး မူးယစ်ရာဇာ ဆာဗန်ဒို "လာတူတာ"ဂိုမက်ဇ်အား လက်ရဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

မစ္စတာဂိုမက်ဇ်သည် နိုက်တမ်ပလာမူးယစ်မှောင်ခိုအဖွဲ့၏ ခေါင်းဆောင်ဖြစ်ပြီး ၎င်းအားသေနတ်တစ်ချက်မျှမပစ်ဘဲ မီချော်ကန်ပြည်နယ် မိုးလီယာ၌ ဖမ်းဆီးလိုက်သည်ဟုဆိုသည်။

၎င်းအား ဖမ်းဆီးနိုင်မှုနှင့်အတူ ဥပဒေအရ ပြင်းထန်စွာအရေးယူရမည်ဖြစ်ကြောင်း သမ္မတပီနာနီတိုးက တွစ်တာဝက်ဘ်ဆိုက်၌ ရေးသားခဲ့သည်။

အဆိုပါဒေသ၌ လအတန်ကြာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းမူးယစ်ရာဇာအား ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဒေသမီဒီယာသို့ပြောသည်။

ရဲတပ်ဖွဲ့က မစ္စတာဂိုမက်ဇ်နှင့်အတူ ၎င်း၏အစ်ကိုဖြစ်သူ ဖလာဗီယိုဂိုမက်ဇ်အပါအဝင် အပေါင်းအဖော်အချို့ကိုလည်း ဖမ်းဆီးလိုက်သည်။ မစ္စတာဂိုမက်ဇ်သည် ယခင်က ကျောင်းဆရာဟောင်းတစ်ဦးဖြစ်ပြီးနောင်သောအခါ မက္ကဆီကိုနိုင်ငံ၏ မူးယစ်ရာဇာများတွင် အာဏာအရှိဆုံးဖြစ်လာပြီး မီချော်ကန်ဒေသကို ထိန်းချုပ်နိုင်ခဲ့သည်။ **(ဘီဘီစီ)**

# နာမည်ကြီးအကြမ်းဖက်သမားနှစ်ဦး ပါကစ္စတန်အကျဉ်းထောင်မှထွက်ပြေး

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၈**

ပါကစ္စတန်မြောက်ပိုင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ်က ကမ္ဘာလှည့်ခရီးသည် ၁၀ ဦးကို သတ်ဖြတ်ခဲ့မှုတွင် ပါဝင်ခဲ့သော စစ်သွေးကြွနှစ်ဦးကို ရှာဖွေဖမ်းဆီးမှုများ ပြုလုပ်လျက်ရှိကြောင်း အာဏာပိုင်များက ပြောသည်။

ပါကစ္စတန်မြောက်ပိုင်း အဓိကမြို့တစ်မြို့ဖြစ်သည့် ဂီလ်ဂစ်ရှိ အကျဉ်းထောင်တစ်ခုတွင် ဖမ်းဆီးထားသော စစ်သွေးကြွလေးဦး ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ အစောင့်များ၏ပစ်ခတ်မှုကြောင့် တစ်ဦးဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့ကြောင်း အရာရှိကြီးတစ်ဦးဖြစ်သူ ဆစ်ဗတိန်အာမက်ကပြောသည်။

စစ်တပ်ယူနီဖောင်းများ ဝတ်ဆင်ထားသော စစ်သွေးကြွအုပ်စုတစ်စုသည် ၂၀၁၃ ခုနှစ် ဇွန်လတွင် ဂီလ်ဂစ်ဘယ်တစ္စတန်၌ ကမ္ဘာလှည့်ခရီးသွား ၁၀ ဦးနှင့် ဒေသခံလမ်းပြတစ်ဦးကို သတ်ခဲ့သည်။ ဂီလ်ဂစ်ဘယ်တစ္စတန်မြို့၏ လုံခြုံရေးအကြီးအကဲသည် အပြင်ဘက်တွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းမရှိကြောင်းနှင့် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၄၅ မိနစ်တွင် အကျဉ်းသားများ ထွက်ပြေးကြောင်းပြောသည်။ ထွက်ပြေးလွတ်မြောက်မှုကို စုံစမ်းစစ်ဆေးစဉ် အကျဉ်းထောင်ကြီးကြပ်သူနှင့် ထောင်စောင့်များကို ရာထူးမှခေတ္တချထားခဲ့ကြောင်း အရာရှိများက ပြောသည်။

အကျဉ်းထောင်အတွင်း လုံခြုံရေးတိုးမြှင့်ချထားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေမှုများပြုလုပ်လျက်ရှိသည်။ ထွက်ပြေးအကျဉ်းသမားနှစ်ဦး၏ သတင်းပေးနိုင်မည့်သူအား ရူပီးငွေနှစ်သိန်းဆုချီးမြှင့်မည်ဟု အာဏာပိုင်များက ကြေညာထားသည်။ **(ဆင်ဟွာ)**

# ဒုတိယပြည်နယ်မှူးဟောင်း လာဘ်စားမှုဖြင့် ထောင်ဒဏ် ၁၇ နှစ်ချမှတ်

**ပေကျင်း ဖေဖော်ဝါရီ ၂၈**

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းနီဖိတ်ခ်အား လာဘ်ပေးလာဘ်ယူပြုလုပ်မှုဖြင့် စနေနေ့က ထောင်ဒဏ် ၁၇ နှစ် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ရှန်ဒေါင်ပြည်နယ် အရှေ့ပိုင်း ဒေါင်ဂျင်းမြို့တော်ရှိ ပြည်နယ်တရားရုံးမှ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး နီ၏ပိုင်ဆိုင်မှုများမှ ယွမ်တစ်သန်း (အမေရိကန် ဒေါ်လာ ၁၆၂၉၀) တန်ဖိုးကို ပြည်သူ့ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခဲ့သည်။

၎င်းသည် ၂၀၀၀ပြည့်နှစ်နှင့် ၂၀၁၂ ခုနှစ်ကြားတွင် လုပ်ငန်းကိစ္စရပ်ပေါင်း ၄၉ ခုအတွက် ကုမ္ပဏီကိုးခုရှိ အလုပ်အမှုဆောင်များထံမှ ယွမ် ၁၃ သန်းနီးပါးတန်ဖိုးရှိ အနုပညာပစ္စည်းများ၊ ငွေသားနှင့် ကျောက်မျက်အရိုင်းတုံးများ လက်ခံရယူခဲ့သည်ဟု တရားရုံးမှ သိရသည်။ မိသားစုဝင်ငွေ ယွမ် ၅ ဒသမ ၇၈ သန်းကို မည်ကဲ့သို့ရရှိကြောင်း ၎င်းအနေဖြင့် ရှင်းပြနိုင်စွမ်းမရှိကြောင်း သိရသည်။

၎င်းအနေဖြင့် အစုစပ်မြေယာများ၊ သတ္တုတွင်းများနှင့် အခြားလုပ်ငန်းများစွာတို့တွင် အကျိုးအမြတ်ရယူခဲ့သည်။ လုပ်ငန်းစီမံကိန်းများ၊ အိမ်ရာဖြိုဖျက်ခြင်းနှင့် အိမ်ရာပြန်လည်အခြေချနေထိုင်မှုတို့တွင် တရားမဝင်အကူအညီများ ပေးအပ်ခဲ့သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# အီရတ်လူနည်းစုများ အိုင်အက်စ်များကြောင့် မျိုးပြုတ်မည့် အန္တရာယ်ကိုရင်ဆိုင်နေရ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၈**

အိုင်အက်စ်စစ်သွေးကြွများသည် အီရတ်လူနည်းစုအုပ်စုများကို နိုင်ငံ၏ အဓိကနေထိုင်ရာ နေရာများမှ ဖယ်ရှားပစ်ရန်ကြိုးစားနေကြောင်း လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့များက သတိပေးခဲ့သည်။

အသေးစိတ်ဖော်ပြချက်တစ်ခုတွင်အကျဉ်းနည်းဖြင့် ကွပ်မျက်ခြင်း၊ အတင်းအကျပ်ဘာသာပြောင်းခိုင်းခြင်း၊ အဓမ္မပြုကျင့်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများကို အဆိုပါ အီရတ်လူနည်းစုက ခံစားခဲ့ရကြောင်း ဖော်ပြပါရှိသည်။ အဆိုပါရက်စက်ယုတ်မာမှုများသည် စစ်ရာဇဝတ်မှုနှင့်တူညီပြီး အချို့ဖြစ်ရပ်များတွင် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းများလည်း ပါဝင်သည်။

အီရတ်လူနည်းစုများသည် မျိုးပြုတ်မည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း နိုင်ငံတကာဥပဒေနှင့် လူ့အခွင့်အရေးအဖွဲ့က ပြောခဲ့သည်။ အိုင်အက်စ်စစ်သွေးကြွများသည် လူနည်းစုဖြစ်သည့် အီရတ်ခရစ်ယာန်၊ ကာကီ၊ ရှာဘတ်ခ်၊ တာ့ခ်မန်းနှင့်ရာဇီဒီးလူမျိုးများကို ဦးတည်တိုက်ခိုက်ခဲ့ပြီး မိုဆူးလ်မြို့မှ ခရစ်ယာန်များကို ထွက်ခွာပေးရန်နှင့် သို့မဟုတ်ပါက ကွပ်မျက်ခံရမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။

ရှာဘတ်လူမျိုးအနည်းဆုံး ၁၆၀ အသတ်ခံခဲ့ရပြီး အချို့သူများမှာ ပိုင်ဆိုင်သမျှပစ္စည်းများကိုထားခဲ့ရကာ ၎င်းတို့ကိုသူဖုန်းစားဘဝသို့ ပြောင်းလဲစေခဲ့ကြောင်း အီရတ် အမတ်တစ်ဦး၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။ **(ဘီဘီစီ)**



■ *ကျောဖုံးမှ*

မောင်အောင်မှိုင်းဆန်း၊ မောင်နန္ဒစစ်အောင်၊ မောင်အောင်နေပိုင်တို့ (၉)ဦးက လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်လိုပါသဖြင့် တွေ့ဆုံခွင့်ပြုပေးပါရန် ၎င်းတို့ကိုယ်စား အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က တင်ပြလာပါသည်။

၂။ အဆိုပါ ရည်ရွယ်ချက်ကောင်းကောင်းနှင့် တင်ပြချက်အပေါ်တွင် ပြည်ထောင်စုလွှတ်တော်က စေတနာပါပါဖြင့် လွှတ်တော်တွင် ဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဦးဆောင်သော ဥပဒေကြမ်းကော်မတီမှ လက်ခံတွေ့ဆုံစေ၍ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို ၂၇-၂-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံ၍ ရှင်းလင်းပြောကြားခဲ့ပါသည်။

၃။ ၎င်းနောက် ပြည်ထောင်စုလွှတ်တော် ကျင်းပနေပုံများကိုလည်း ကြည့်ရှုလေ့လာခွင့်ပြုခဲ့ပါသည်။ ဤသို့ တွေ့ဆုံလေ့လာခွင့်ရရှိစေခဲ့သည့်အတွက် ဥပဒေပြုလွှတ်တော်များ၏ ဥပဒေပြုလုပ်ငန်းစဉ်နှင့် လွှတ်တော်များ၏ ဆောင်ရွက်နေမှုကို သိမြင်ခွင့်ရရှိစေခဲ့ပါသည်။

၄။ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်တွင် ဥပဒေပြုလွှတ်တော်များသည် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ဖြစ်ထွန်းစေသော၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော ဥပဒေများပြဋ္ဌာန်းရန်နှင့် ပြဋ္ဌာန်းပြီး ဥပဒေများသည် တရားမျှတပြီး အများပြည်သူ အမှန်တကယ်လိုက်နာနိုင်မည့် ဥပဒေများဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အဆိုပါ ဥပဒေများသည် မိမိတို့နိုင်ငံက လက်ခံကျင့်သုံးလျက်ရှိသော နိုင်ငံတကာ Convention များ၊ Treaty များနှင့် ညီညွတ်စေရန်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

**ပြည်ထောင်စုလွှတ်တော်ရုံး**

❀ *ကျောဖုံးမှ*

အဆိုပါ ဆုံးဖြတ်ချက်နှင့်အညီ ဖေဖော်ဝါရီလ (၁၆)ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနမှ တင်သွင်းခဲ့ရာ အမျိုးသားလွှတ်တော်မှ ဥပဒေကြမ်းအပေါ် ကြားနာမည့်အစီအစဉ်ကို ဖေဖော်ဝါရီလ (၂၄)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

ယင်းကဲ့သို့ ဆန္ဒပြကျောင်းသားတို့၏တောင်းဆိုချက်အရ အမျိုးသားပညာရေးဥပဒေပြင်ဆင်နိုင်ရေးကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်တွင် စတင်ကြားနာဆွေးနွေးဆောင်ရွက်နေပြီဖြစ်ရာ ဆန္ဒပြကျောင်းသားများအနေဖြင့် ဆန္ဒထုတ်ဖော်မှုများအား ရပ်ဆိုင်းထားရန် လိုအပ်ပါသည်။ သို့သော် ဆန္ဒပြကျောင်းသားများသည် ထပ်မံ၍ အင်အားစုစည်းပြီး ရန်ကုန်မြို့သို့ ဦးတည်ချီတက်ဆန္ဒပြရန် စီစဉ်နေကြကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရသည် အဖြစ်နိုင်ဆုံး လိုက်လျောခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ လွှတ်တော်တွင် တင်ပြဆွေးနွေးနေကြစဉ် ဆန္ဒပြကျောင်းသားများအနေဖြင့် ဆန္ဒပြမှုများ ရပ်ဆိုင်းထားရမည်ဖြစ်ပါသည်။

ထပ်မံပြီး ရန်ကုန်မြို့သို့ ဦးတည်ချီတက်ဆန္ဒပြမည်ဆိုပါက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းရာမရောက်ဘဲ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ဦးတည်ရာရောက်စေမည် ဖြစ်ပါသည်။ သို့ပါ၍ ဆန္ဒပြမှုများရပ်ဆိုင်းကြပါရန်နှင့် လိုက်နာမှုမရှိဘဲ ဆက်လက်သပိတ်မှောက်လှုပ်ရှားမှုများ ပြုလုပ်လာပါက နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီသည် ယနေ့ နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာနရုံး စုဝေးခန်းမ၌ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ခရိုင်ပညာရေးမှူးများသည် အဓိက မောင်းနှင်အားများဖြစ်ကြောင်း၊ ခရိုင်ပညာရေးမှူးများ တစ်ဦးချင်းစီ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားနေအောင် အပတ်တကုတ်ကြိုးစားအားထုတ်နေကြရမည် ဖြစ်ကြောင်း၊ ခရိုင်ပညာရေးမှူးများသည် မိမိခရိုင်အတွင်းရှိ မြို့နယ်များ၏ ပညာရည်မြင့်မားရေးအတွက် မြို့နယ်ပညာရေးမှူးများနှင့် အမြဲတစေ ထိတွေ့နေရမည်ဖြစ်ပြီး ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ တည်ဆဲပညာရေးမူဝါဒနှင့် တည်ဆဲပညာရေးဥပဒေများနှင့်အညီ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်ကောင်း စေတနာအရင်းခံဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူတိုင်းအခြေခံပညာသင်ယူခွင့်ရရှိရေးနှင့် လူတိုင်းအခြေခံစာတတ်မြောက်ရေးအတွက် ကျောင်းမနေသည့် ကျောင်းနေအရွယ်ကလေးများကို ရှာဖွေဖော်ထုတ်ပြီး တစ်ယောက်မကျန် စာသင်ယူနိုင်အောင် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝသော ပညာရေးဖြစ်ပေါ်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သင်ကြားသူ ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည် အရည်အချင်းပြည့်မီအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးအသုံးဆိုင်ရာများကို သုံးစွဲကြရာတွင် ငွေစာရင်းသုံးစွဲမှု စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က စီမံခန့်ခွဲရေးနှင့် သင်ကြားရေးဆိုင်ရာများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်းက လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ကြရာတွင် လတ်တလောဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ရေရှည်စီမံဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးမှာကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် တက်ရောက်လာကြသော ခရိုင်ပညာရေးမှူးများက ဆောင်ရွက်လျက်ရှိသော ပညာရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အေးချမ်းစွာ ပညာသင်ကြားရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မိဘ ဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန်၊ ချမှတ်ထားသော မူဝါဒများ၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာ စောင့်ထိန်းကြရန်၊ အတွေ့အကြုံ ရင့်ကျက်သူများပီပီ စွမ်းစွမ်းတမံဖြင့် တာဝန်ယူဆောင်ရွက်ကြရန်တို့ကို တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးမြို့တွင် အခြေချမှီတင်းနေထိုင်လျက်ရှိသော ကိုးကန့်တိုင်းရင်းသားမိသားစုများ၏ သဘောထားခံယူချက် ရှင်းလင်းပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးမြို့တွင် အခြေချမှီတင်းနေထိုင်လျက်ရှိသော ကိုးကန့်တိုင်းရင်းသားမိသားစုများ၏ သဘောထားခံယူချက် ရှင်းလင်းတင်ပြပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၃ လမ်း၊ ၆၂x၆၃ လမ်းကြားရှိ ကိုးကန့်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုပန်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်း၊ ကိုးကန့်တိုင်းရင်းသားများ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် အဖွဲ့ဝင်များ၊ ကိုးကန့်တိုင်းရင်းသား အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုနှင့်အဖွဲ့ဝင်များ၊ မန္တလေးမြို့တွင် အခြေချမှီတင်းနေထိုင်ကြသော ကိုးကန့်တိုင်းရင်းသားမိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကိုးကန့်တိုင်းရင်းသားများ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က တင်ပြရာတွင် ယနေ့ကျင်းပသော အခမ်းအနားသည် လောက်ကိုင်၊ ကိုးကန့်ဒေသသို့ ဖုန်ကျားရှင်ဦးဆောင်သော ကိုးကန့်လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့ ဝင်ရောက်လာပြီး နိုင်ငံတော်မှဖွဲ့စည်းပေးထားသော လက်ရှိကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့အား အာဏာသိမ်းပိုက် ဖြုတ်ချတိုက်ခိုက်ခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးမြို့တွင် အခြေချမှီတင်းနေထိုင်လျက်ရှိသော ကိုးကန့်တိုင်းရင်းသားမိသားစုများ၏ သဘောထားခံယူချက် ရှင်းလင်းတင်ပြပွဲဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၈ ရက်က ကိုးကန့်လက်နက်ကိုင် ဖုန်ကျားရှင်ဦးဆောင်သော ကိုးကန့်တိမ်းရှောင်အဖွဲ့များက ကိုးကန့်ဒေသကိုဝင်ရောက်လာပြီး တိုက်ခိုက်ခဲ့မှုကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေးကို လုံးဝပျက်သုန်းသည် အထိဖြစ်ရပ်များ ပေါ်ပေါက်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားများအပြင် အခြားသောတိုင်းရင်းသားများလည်း ပြဿနာပေါင်းစုံ အခက်အခဲများစွာ ကြုံတွေ့ရကြောင်း၊ ထို့အပြင် မိမိဝမ်းစာအတွက် ကိုးကန့်ဒေသသို့သွားရောက်ပြီး ကြံခုတ်လုပ်ငန်း၊ လက်ဖက်ခူးလုပ်ငန်းများနှင့် အခြားလက်လုပ်လက်စား လုပ်ငန်းများတွင် လုပ်ကိုင်ကြသော မြန်မာတိုင်းရင်းသားများလည်း ဆင်းရဲဒုက္ခများစွာတွေ့ကြုံရသည့်အပြင် အသက်ဆုံးရှုံးခဲ့သည့် ဖြစ်စဉ်များပါ ကြုံတွေ့ခဲ့ရကြောင်း သိရသဖြင့် မိမိတို့ကိုးကန့်တိုင်းရင်းသားများအနေဖြင့် အလွန်ဝမ်းနည်းကြေကွဲစွာ ခံစားရပါကြောင်း၊ ကိုးကန့်လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့ စတင်လှုပ်ရှားတိုက်ခိုက်မှုကြောင့် ဆင်းရဲဒုက္ခမျိုးစုံ ခံစားလာရခြင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ အချုပ်အခြာအာဏာ အရေးသုံးပါးကို ထိပါးလာခြင်းအပေါ် ကျွန်တော်တို့ ကိုးကန့်တိုင်းရင်းသား မိသားစုများက လုံးဝ လက်ခံနိုင်စရာမရှိကြောင်း၊ ယခုလို ကိုးကန့်ဒေသ တရားဥပဒေစိုးမိုးရေး ပျက်ပြားနေချိန် ရက်ပေါင်း ၉၀ အတွင်း စစ်အုပ်ချုပ်ရေးဖြင့် ဆောင်ရွက်ခြင်းကို ကြိုဆိုထောက်ခံကြောင်း၊ ယခုလို နိုင်ငံတော်အစိုးရအဖွဲ့နှင့် တပ်မတော်ကဦးစီးပြီး ပြန်လည်ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အသီးသီးမှ စတင်ပြုလုပ်ဆောင်ရွက်နေပြီဖြစ်ရာ မိမိတို့ တိုင်းရင်းသားများ၊ လူကြီး၊ လူငယ်မရွေး စိတ်ရင်းစေတနာအပြည့်အဝထားပြီး တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ကိုးကန့်တိုင်းရင်းသား အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုက ထောင်သောင်းများစွာသော တိုင်းရင်းသားပြည်သူတို့ ဆင်းရဲဒုက္ခများစွာ တွေ့ကြုံရသည့်အပြင် အသက် ဆုံးရှုံးခဲ့ရမှုများအပေါ် အလွန်ဝမ်းနည်း ကြေကွဲရကြောင်း၊ နှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ထိပါးလာမှုအပေါ် ကိုးကန့်မိသားစုအားလုံးက လုံးဝလက်မခံနိုင်ကြောင်းကို ကိုးကန့်ဘာသာဖြင့် ပြောကြားခဲ့ကြောင်းနှင့် သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

# ကြက်ငှက်တုပ်ကွေး မဖြစ်ပွားအောင် ကြက်ခြံများအား သက်ဆိုင်ရာမှ ကွင်းဆင်းစစ်ဆေး

**မုံရွာ ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ကြက်ငှက်တုပ်ကွေးရောဂါများဖြစ်ပွားလျက်ရှိသော ကိစ္စနှင့်ပတ်သက်၍ မကွေးမြို့နယ်အတွင်းရှိ အသားစားနှင့် ဥစားကြက်ခြံများကို ဖေဖော်ဝါရီ ၂၅ ရက်မှစတင်ကာ မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရောဂါရှာဖွေရေးဓာတ်ခွဲခန်းဝန်ထမ်းများနှင့် မကွေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်း၍ အသားစားကြက်နှင့် ဥစားကြက်ခြံ ၄၅ ခြံကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါကြက်ခြံများအား ပိုးသတ်ဆေးဖျန်းခြင်း၊ ကြက်ခြံများ၏ ဇီဝလုံခြုံမှုမြင့်တင်ခြင်းလုပ်ငန်းများ၊ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မကွေးမြို့ရှိ မြို့မဈေး၊ ရန်ပယ်ဈေး၊ ရန်ကင်းဈေး၊ ကန်သာဈေးစသည့် စည်ပင်ပိုင်ဈေးများမှ ကြက်သားရောင်းချသော ဆိုင်များကို မကြာမီကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်းကိုလည်း မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရောဂါရှာဖွေရေးဓာတ်ခွဲခန်း သုတေသနအရာရှိ ဒေါက်တာမာမာအေးက ဖေဖော်ဝါရီ ၂၈ ရက်က ပြောသည်။

မုံရွာခရိုင်အတွင်းမှ ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားလျက်ရှိသော ကိစ္စနှင့်ပတ်သက်ပြီး ပခုက္ကူခရိုင် မြိုင်မြို့ မြို့မဈေး မြို့အဝင်ဆောက်လုပ်ရေး လမ်းအသုံးပြုခကောက်ခံရေးစခန်းနှင့် သံမြေကျင်းကျေးရွာအနီးရှိ ပုသိမ်-မုံရွာကားလမ်းဆုံတို့တွင် ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲကစတင်ပြီး မြိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူများနှင့်အဖွဲ့ပူးပေါင်း၍ မိမိမြို့နယ်အတွင်း ၄င်းဒေသမှမွေးမြူရေးကြက်၊ ကြက်ဥ၊ ဘဲ၊ ဘဲဥ၊ ငုံး၊ ငုံးဥအစရှိသည်တို့ကို ဝင်ရောက်ရောင်းဝယ်နိုင်မှု မရှိစေရေးအတွက် ယာဉ်များအားစစ်ဆေးခြင်း၊ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့က ပြောသည်။ ယခုမကွေးမြို့ပေါ်ရှိဈေးများတွင် အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်သည့်သတင်းများကြောင့် ဒေသခံများ ယခင်ကလောက် စားသုံးမှုမရှိကြောင်း၊ ရောင်းဝယ်ဖောက်ကားမှုလည်း နည်းပါးသွားကြောင်း ဒေသခံများက ပြောသည်။ **ကျော်ဇေယျ**

ဥပဒေရေးရာ

*National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးဆောင်ရွက်ရာတွင် နိုင်ငံ့ကောင်းကျိုးအတွက် ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် စဉ်းစားဆင်ခြင်သုံးသပ်ကြရန်သည်သာ အဓိကပဓာန

မောင်သဟစိ

ယနေ့ကာလတွင် စိတ်ဝင်စားမှု အများဆုံးအကြောင်းအရာမှာ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအကြောင်း ဖြစ်ပါသည်။ အားလုံးစိတ်ဝင်စားသင့်သော အကြောင်းအရာလည်းဖြစ်ပါသည်။ အကြောင်းမူ ပညာရေးသည် အားလုံးနှင့်သက်ဆိုင်နေသောကြောင့် ဖြစ်ပါသည်။ အားလုံးနှင့်သက်ဆိုင်သော ပညာရေးဖြစ်သည့်အတွက် အားလုံးကလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ယနေ့စိတ်ဝင်စားမှု အများဆုံးအကြောင်းအရာဖြစ်သော အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အားလုံးက အမြင်အမျိုးမျိုးဖြင့် အကြံပြုဆွေးနွေးနေကြမည် ဖြစ်ပါသည်။ အကြံပြုဆွေးနွေးရန်အတွက်လည်း အားလုံးတွင် တာဝန်ရှိသည့်အားလျော်စွာ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးဆွဲရာ၌ ကြောင်းကျိုးညီညွတ်ပြီး နိုင်ငံ့ကောင်းကျိုးအတွက် ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် စဉ်းစားသုံးသပ်ခြင်းသည်သာ အဓိကပဓာနဖြစ်သည်ဟူ၍ခံယူလျက် မှတ်သားလေ့လာမိသမျှကို အကြံပြုတင်ပြဦးမည်ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအခန်း (၄)တွင် ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ကိုအာမခံခြင်း ခေါင်းစဉ်အောက်၌ ကျောင်းသားများ၏ အရေးကိစ္စ၊ ဆရာ၊ ဆရာမများ၏အရေးကိစ္စ၊ အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကိစ္စ၊ ဘာသာစကားသင်ကြားရေးကိစ္စဆိုင်ရာများကို အပိုဒ်များခွဲလျက် တွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် လတ်တလောတွင် ကောင်းမွန်သည်ဟု ထင်မြင်ရနိုင်သော်လည်း ရေရှည်အတွက် ဖြေရှင်း၍မရသည့် ပြဿနာအသစ်အဆန်းများပေါ်ပေါက်လာနိုင်စရာအကြောင်းရှိပါသည်။ ဥပမာအားဖြင့် အခန်း (၄) ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ကိုအာမခံခြင်းအောက်ရှိ အပိုဒ်ခွဲ (က - ဂဂ)တွင် **'အခြေခံပညာပြီးဆုံးသည့် ကျောင်းသူ၊ ကျောင်းသားများအားလုံး အဆင့်မြင့်ပညာကဏ္ဍတွင် လွတ်လပ်စွာ ဘာသာရပ်ရွေးချယ်သင်ယူခွင့်ရှိမည် '** ဟူ၍ ပြဋ္ဌာန်းရန် ဖော်ပြထားပါသည်။ ထိုအချက်သည် နုနယ်ငယ်ရွယ်သူ ကျောင်းသား၊ ကျောင်းသူများအတွက် သည်းခြေကြိုက် အကြောင်းအရာဖြစ်သော်လည်း အမှန်တကယ်လက်တွေ့ဆောင်ရွက်ရာတွင် ဖြစ်နိုင်ရန် ခက်ခဲသောအကြောင်းအရာဖြစ်နေသည်ဟု စဉ်းစားဆင်ခြင်မိပါသည်။ အခြေခံပညာပြီးဆုံးသည့် ကျောင်းသား၊ ကျောင်းသူများသည် အဆင့်မြင့်ပညာရေးကို ကူးပြောင်းသင်ယူရာတွင် တစ်ဦးချင်းစီ၏ ဉာဏ်ရည်နှင့် ကိုက်ညီမည့် ဘာသာရပ်သည်သာ အဓိကအခရာကျပေလိမ့်မည်။ ဥပမာ ဉာဏ်ရည်နိမ့်သူတစ်ဦးအနေဖြင့် ၎င်း၏ဆန္ဒအရ ဆေးပညာဘာသာရပ်ကိုလေ့လာသင်ယူလိုသော်လည်း ခက်ခဲနက်နဲလှသည့် ဆေးပညာဘာသာရပ်ကိုသင်ယူရာတွင် ဉာဏ်ရည်မမီသောကြောင့် အရည်အသွေးမပြည့်ဖြစ်ရမည်မှာသေချာသည်။ ထိုသူမျိုးကို ၎င်းတို့၏ဆန္ဒအတိုင်း ဆေးပညာဘာသာရပ်ကို သင်ယူလေ့လာခွင့်ပြုသော် မည်သို့ဖြစ်ချိမ့်မည်နည်း။ ဆေးပညာသင်ယူရန်ဆန္ဒရှိသော ကျောင်းသားအရေအတွက် များပြားမှုကို လက်ခံသင်ကြားပေးရန်အတွက် ဆေးတက္ကသိုလ်များအတွက် အခက်ဖြစ်ချိမ့်မည်။ တစ်ဖန် ပြန်လည်စဉ်းစားမိသည်မှာ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် တည်ဆောက်ကြရာတွင် သူ့နေရာနှင့်သူ အံဝင်ခွင်ကျကျွမ်းကျင်လှသည့် နိုင်ငံ့သားကောင်း လူ့စွမ်းအားအရင်းအမြစ်များ များစွာလိုအပ်ပေသည်။ ဘာသာရပ်တစ်ခုတည်းကိုသာဆန္ဒတူ၍ စုပြုံတိုးဝှေ့သင်ယူမည်ဆိုပါက ထိုဘာသာရပ်တစ်ခုတည်းကိုသာ ကျွမ်းကျင်သည့်သူများဖြင့် စုပုံနေမည်ကို သတိမူကြရပေမည်။ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီ၏ လိုအင်တစ်ခုတည်းကိုသာကြည့်ပြီး ဆိုင်ရာဆိုင်ရာတက္ကသိုလ်အသီးသီး၏ လိုအပ်ချက်၊ နိုင်ငံတော်၏ လိုအပ်ချက်တို့ကို မျက်ကွယ်ပြုလိုက်မည်ဆိုပါမူ ရေရှည်တွင် စိန်ခေါ်မှုအမျိုးမျိုးဖြင့် ရင်ဆိုင်ရမည့်ပြဿနာပေါင်းမြောက်မြားစွာကို သန္ဓေတည်ပေးလိုက်သည်နှင့် တူလှပေသည်။ နိုင်ငံသားတစ်ဦးချင်းစီနှင့် နိုင်ငံတော်၏ ရေရှည်အကျိုးကိုမျှော်ကိုးလျက် မူလအမျိုးသားပညာရေးဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း **သင်ယူလိုသူ၏ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များ၏ သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးစေရေး** ဟူ၍ ထည့်သွင်းဖော်ပြသင့်ပါကြောင်း အကြံပြုလိုပါသည်။

ဆက်လက်၍ အပိုဒ်ခွဲ (ခ-ဃဃ)တွင် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း အခန်း (၄) အပိုဒ်ခွဲ (ခ-ဃဃ)တွင် **ဆရာ၊ ဆရာမများသည် နှစ်သက်ရာပါတီသို့ ဝင်ခွင့်ရှိသည်**ဟူ၍ လေ့လာတွေ့ရှိရပါသည်။ ထိုအချက်သည်လည်း အလွန်ဆင်ခြင်ဖွယ်ကောင်းသောအချက်ဖြစ်ပါသည်။ ဆရာ၊ ဆရာမဟူ၍ အမည်ကင်ပွန်းတပ်ခံကြရသူများတွင် ပုဂ္ဂလိကဆရာ၊ ဆရာမများ ပါဝင်နေသကဲ့သို့ နိုင်ငံ့ဝန်ထမ်းဆရာ၊ ဆရာမများလည်းပါဝင်လျက်ရှိပါသည်။ ပုဂ္ဂလိကဝန်ထမ်းဆရာ၊ ဆရာမများနှင့် နိုင်ငံ့ဝန်ထမ်းဆရာ၊ ဆရာမများ သစ္စာစောင့်သိရပုံချင်း တူညီနိုင်မည်မဟုတ်သည်ကို သတိမူမိပါသည်။ ပုဂ္ဂလိကဝန်ထမ်းဆရာ၊ ဆရာမများသည် ထိုပုဂ္ဂလိကပိုင်ရှင်၊ အဖွဲ့အစည်းက ချမှတ်ထားသောစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကြရပေမည်။ မလိုက်နာပါမူ အနီးဆရာ၊ ဆရာမများအား ပုဂ္ဂလိကပိုင်ရှင်၊ အဖွဲ့အစည်းက ၎င်းတို့သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လက်ခံမည်မဟုတ်ပေ။ အလားတူ နိုင်ငံတော်အစိုးရအဖွဲ့၏ လက်အောက်တွင်ရှိသော ကျောင်းများ (အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ)၌ တာဝန်ထမ်းဆောင်ကြရသူ သင်ကြားရေးဝန်ထမ်း ဆရာ၊ ဆရာမများနှင့် စီမံခန့်ခွဲရေးဆိုင်ရာဝန်ထမ်းများသည် နိုင်ငံတော်က ချီးမြှင့်သောလစာ၊ အဆောင်အယောင်များကို ရရှိခံစားကြရသူများဖြစ်ပါသည်။ နိုင်ငံတော်၏လစာနှင့် အဆောင်အယောင်များကို ရရှိခံစားနေကြရသော နိုင်ငံ့ဝန်ထမ်း ဆရာ၊ ဆရာမများသည် နိုင်ငံတော်အတွက် ပြန်လည်အလုပ်အကျွေးပြုကြရမည့်သူများဖြစ်ပါသည်။ နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို စောင့်သိလိုက်နာကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်သည် များစွာအခရာကျသည်ဖြစ်ပြီး **ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်**ဟူသော ဆောင်ပုဒ်ကိုလည်းသတိမူရာ၏။ နိုင်ငံတော်အတွက် အလုပ်အကျွေးပြုရန် တာဝန်ရှိသောနိုင်ငံ့ဝန်ထမ်း ဆရာ၊ ဆရာမများသည် နိုင်ငံတော်အကျိုးကို ရှေးရှုလျက် နိုင်ငံ့အရေးဖြစ်သော အမျိုးသားနိုင်ငံရေးကို ဦးလည်မသုန် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အမျိုးသားနိုင်ငံရေးကျင့်ဝတ်ကိုလည်း လိုက်နာစောင့်ထိန်းကြရမည့်သူများဖြစ်ပါသည်။ ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေးမတူညီသည်ကိုသတိမူလျက် တက္ကသိုလ်တစ်ခုအတွင်းရှိ ဆရာ၊ ဆရာမများသည် မိမိနှစ်သက်ရာပါတီသို့ ဝင်ရောက်မည်ဆိုပါက ပါတီစွဲ၊ ဝါဒစွဲများကို အခြေခံလျက် သူတစ်လူငါတစ်မင်းဖြင့် အချင်းချင်းစိတ်ဝမ်းကွဲပြီး ရန်ထောင်မာန်စောင်ခြင်းကြောင့် မူလတာဝန်ဝတ္တရားများလျော့ပါးနိမ့်ကျပြီး အဖွဲ့အစည်း ပြိုကွဲသွားမည်မှာအသေအချာဖြစ်ပါသည်။ ထိုအခါ နိုင်ငံ့အတွက် လိုအပ်သည့် စွမ်းအားစုအမျိုးမျိုးကျဆင်းသွားမည်မှာလည်း အသေအချာ ဖြစ်ပါသည်။ နိုင်ငံ့အတွက် စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်မလာဘဲ လျော့ပါးကျဆင်းသွားခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် အဘယ်သို့ တည်ဆောက်နိုင်ပါအံ့နည်း။ ဤအချက်များကို ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် စဉ်းစားဆင်ခြင်လျက်ဝန်ထမ်းထုအတွင်း မလိုလားအပ်သော ပြဿနာအရှုပ်အထွေး၊ ဂိုဏ်းဂဏသွေးကွဲမှုများ မရှိစေရေးအတွက် **နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရမည်**ဟူသော အချက်ကိုနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်တွင် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတွင် ဆရာ၊ ဆရာမများသည် နှစ်သက်ရာပါတီသို့ ဝင်ရောက်ခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်ကို ထည့်သွင်းရန် လုံးဝမသင့်လျော်ပါကြောင်းအကြံပြုလိုပါသည်။

**နိုင်ငံတော်အတွက် အလုပ်အကျွေးပြုရန်တာဝန်ရှိသော နိုင်ငံ့ဝန်ထမ်း ဆရာ၊ ဆရာမများသည် နိုင်ငံတော်အကျိုးကိုရှေးရှုလျက် နိုင်ငံ့အရေးဖြစ်သော အမျိုးသားနိုင်ငံရေးကို ဦးလည်မသုန် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အမျိုးသားနိုင်ငံရေးကျင့်ဝတ်ကိုလည်း လိုက်နာစောင့်ထိန်းကြရမည့်သူများဖြစ်ပါသည်။ ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေးမတူညီသည်ကို သတိမူလျက် တက္ကသိုလ်တစ်ခုအတွင်းရှိ ဆရာ၊ ဆရာမများသည် မိမိနှစ်သက်ရာပါတီသို့ ဝင်ရောက်မည်ဆိုပါက ပါတီစွဲ၊ ဝါဒစွဲများကို အခြေခံလျက် သူတစ်လူငါတစ်မင်းဖြင့် အချင်းချင်းစိတ်ဝမ်းကွဲပြီး ရန်ထောင်မာန်စောင်ခြင်းကြောင့် မူလတာဝန်ဝတ္တရားများလျော့ပါးနိမ့်ကျပြီး အဖွဲ့အစည်း ပြိုကွဲသွားမည်မှာ အသေအချာဖြစ်**

ဆက်လက်၍ အဆိုပါအခန်းရှိ အပိုဒ်ခွဲ (ခ - ဇဇ)တွင်လည်း **ဆရာ၊ ဆရာမများသည် မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာ ရွေးချယ်လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်** ဟူ၍ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပြန်ပါသည်။ **လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိသည်** ဆိုသောစကားနှင့် **လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်** ဆိုသော စကားအနက်အဓိပ္ပာယ်သည် မတူကွဲပြားခြားနားလျက်ရှိပါသည်။ လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိသည်ဆိုသောစကားသည် နိုင်ငံ့ဝန်ထမ်းဆရာ၊ ဆရာမတစ်ဦးချင်းစီအတွက် ရပိုင်ခွင့်ဖြစ်ပါသည်။ လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်ဆိုသောစကားသည် မိမိလျှောက်ထားသည်နှင့် ဖြစ်ကိုဖြစ်ရမည်ဟူသော ပြဋ္ဌာန်းချက်ကိုဖြစ်စေသည့်ဥပဒေဖြင့် အတင်းအကျပ်ရယူခြင်းမျိုးဖြစ်ပါသည်။ မိမိလျှောက်ထားသည့် ကျောင်း သို့မဟုတ် တက္ကသိုလ်တွင် မိမိအတွက် နေရာတူ လစ်လပ်မှုမရှိခဲ့သော် လစ်လပ်မှုပေါ်ပေါက်အောင် စောင့်ဆိုင်းရမည်ဖြစ်ပါသည်။ မိမိလျှောက်ထားသည့်နေရာပေါ်ပေါက်လာပါက မိမိရမည့်အခွင့်အလမ်းဖြစ်ပါသည်။ **ဆရာ၊ ဆရာမများသည် မိမိနှစ်သက်ရာ ကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာရွေးချယ်လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်** ဖော်ပြထားသည့်အတိုင်းဆိုပါမူ ဆရာ၊ ဆရာမတစ်ဦးချင်းစီ၏ ဆန္ဒအတိုင်းတောင်းဆိုသည်နှင့် လိုက်လျောပေးရမည့် အနေအထားဖြစ်ပါသည်။ ထိုအခါ **ရေများရာမိုးရွာ**ဆိုသည့်အတိုင်း ဝေးလံခေါင်းပါးနယ်စွန်နယ်ဖျားရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ဆရာ၊ ဆရာမအင်အားမရှိသလောက်နည်းပါးပြီး မြို့ပေါ်ကျောင်းများတွင် ပိုလျှံဆရာ၊ ဆရာမများဖြင့် စုပုံနေမည်ကိုလည်း သတိမူမိပါသည်။ ဤသို့ဆိုလျှင် နိုင်ငံတော်က အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးနှင့် တိုင်းရင်းသားလူမျိုးများအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်မှာ လုံးဝမဖြစ်နိုင်တော့ပါ။ ထို့ကြောင့် **ဆရာ၊ ဆရာမများသည် မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာရွေးချယ်လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်**ဟူသော ဖော်ပြချက်ကိုပြဋ္ဌာန်းရန် မသင့်လျော်ပါကြောင်း စေတနာကောင်းဖြင့် အကြံပြုလိုပါသည်။

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအခန်း (၄) အပိုဒ်ခွဲ (ဂ)နှင့် အပိုဒ်ခွဲ (ဂ)အောက်ရှိ (ကက)အပိုဒ်တို့ကို လေ့လာမိပြန်ပါသည်။ အပိုဒ်ခွဲ (ဂ)တွင် **အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီကို ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသောလွတ်လပ်သည့် ပညာရှင်များဖြင့် ဖွဲ့စည်းမည်ဟူ၍လည်းကောင်း၊** အပိုဒ်ခွဲ (ဂ) အောက်ရှိ အပိုဒ်ခွဲ (ကက)တွင် **အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲ**

*စာမျက်နှာ ၇ သို့*

# ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ပြည်သူများ၏ လိုလားချက်များကို အဆင့်ဆင့်တင်ပြ ကူညီဖြေရှင်းဆောင်ရွက်ပေးရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် စည်ပင်သာယာခန်းမ၌ ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖြူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယကက ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များကို ဆောင်ရွက်နေကြရသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် မိမိတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်များကို သေသေချာချာ နားလည်သဘောပေါက်ပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပို၍ ပို၍ စည်ပင်သာယာလာအောင် မှန်မှန်ကန်ကန်စနစ်တကျ အသုံးချရမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်ကာလသည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည့်အခွင့်အလမ်းများ ရှိပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ပြည်သူများက ရွေးချယ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ မိမိရပ်ကွက်၊ ကျေးရွာကို မှန်ကန်မျှတစွာ စီမံအုပ်ချုပ်ရန် လိုအပ်ပါကြောင်း။

မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိဇာတိ၊ မိမိမွေးရပ်မြေကဲ့သို့သဘောထားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မြို့နယ်အတွင်းတွင် ဖွဲ့စည်းထားသည့်မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီများလည်းရှိပါကြောင်း၊ မိမိမြို့နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ခြေကိုအခြေခံပြီး ဖွဲ့စည်းထားသည့် ကော်မတီများကလည်း ဆောင်ရွက်နေကြပါကြောင်း၊ နိုင်ငံသားများသည် နိုင်ငံတော်ကို သစ္စာစောင့်သိရမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေးတွင်လည်း ပါဝင်ကြရမည်ဖြစ်ကြောင်း၊ ယင်းတို့ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားတိုင်းသည် မိမိနိုင်ငံကာကွယ်ရေးအတွက် တာဝန်ရှိပါကြောင်း၊ ထို့အတူ နိုင်ငံသားများဖြင့် ဖွဲ့စည်းထားသည့် ဝန်ထမ်းများသည်လည်း မိမိတာဝန်ကို တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။



တာဝန်ယူဆောင်ရွက်ရာတွင်လည်း စိတ်ကောင်းစေတနာထား၍ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိရပ်ကွက်၊ ကျေးရွာအတွင်းတွင်ရှိသည့် ပြည်သူများ၏ လိုလားချက်များကို အဆင့်ဆင့်တင်ပြ ကူညီဖြေရှင်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ပြည်သူများ၏လိုအပ်ချက်၊ ဆန္ဒသဘောထား၊ အခွင့်အရေးကိုရယူ၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယခုအခါ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ရေးဆိုသည့် တူညီသည့် ရည်မှန်းချက်များ ထားရှိဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ မိမိတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများပြဋ္ဌာန်းပြီး ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်နေပါကြောင်း၊ တူညီသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရနှင့် လွှတ်တော်တို့တွင် တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူများ ပူးပေါင်းပါဝင်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

ပြည်သူများ၏လိုအပ်ချက်များကို လွှတ်တော်များတွင် တင်ပြတောင်းဆိုနိုင်ပါကြောင်း၊ မိမိမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအတွက် ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် တူညီသည့် ရည်မှန်းချက်ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်မည်ဆိုပါက ဖွံ့ဖြိုးတိုးတက်လာမည်မှာသေချာပါကြောင်း၊ ဖြူးမြို့နယ်သည် ရေခံမြေခံကောင်းသော မြို့နယ်ဖြစ်ပြီး နိုင်ငံရေးနှင့် ပတ်သက်၍ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါကြောင်း၊ လူမှုရေးဘက်တွင်လည်း နိုးကြားမှုရှိပါကြောင်း၊ စီးပွားရေးဘက်တွင်လည်း သဟဇာတဖြစ်ပါကြောင်း၊ လူဦးရေနှစ်သိန်းငါးသောင်းကျော်ရှိသည့် မြို့ဖြစ်ပြီး မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တောသယံဇာတ ကောင်းမွန်သည့် နေရာဒေသတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိဒေသကို မှန်မှန်ကန်ကန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြည်သူ့ဆန္ဒကို အလေးအနက်ထား၍ စေတနာ၊ မေတ္တာ၊ သစ္စာတရားတို့ဖြင့် မိမိဒေသကို ဥပဒေနှင့်အညီ အုပ်ချုပ်ရန်နှင့် စေတနာမှန် လုပ်နည်းလုပ်ဟန်မှန် ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဦးတင်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုလွှတ်တော်နာယကက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုလွှတ်တော်နာယကသည် ဖြူးမြို့ မြို့မအနောက်ရပ်ကွက်ရှိ ဖြူးမြို့နယ်ခန်းမ တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုသည်။

ယင်းနောက် ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့သို့ရောက်ရှိကာ အောင်တော်မူ ပိဋကတ်တိုက် တည်ဆောက်မည့်မြေနေရာနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ကြည့်ရှုပြီး ငါးထပ်ကြီးဘုရားအား ဝင်ရောက်ဖူးမြော်ကြည်ညိုသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တတိယအကြိမ် အာဆီယံတရားသူကြီးချုပ်များညီလာခံ တက်ရောက်ရန် ဖိလစ်ပိုင်ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဖိလစ်ပိုင်နိုင်ငံ ဘိုရာကေးကျွန်း၌ မတ် ၁ ရက်မှ ၃ ရက်အထိကျင်းပမည့် တတိယအကြိမ် အာဆီယံတရားသူကြီးချုပ်များညီလာခံသို့ တက်ရောက်ရန်အတွက် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာသွားသည်။

အာဆီယံတရားသူကြီးချုပ်များ ညီလာခံသည် အာဆီယံဒေသ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန်ရည်ရွယ်၍ ၂၀၁၃ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပသည်။ ဒေသတွင်း တရားစီရင်ရေးဆိုင်ရာ အစည်းအဝေးဖြစ်သည်။ ယခုကျင်းပမည့် တတိယအကြိမ် အာဆီယံတရားသူကြီးချုပ်များ ညီလာခံတွင် အာဆီယံတရားစီရင်ရေးအဖွဲ့အစည်းများ၏ သတင်းအချက်အလက်များ Internet Portal တစ်ခုဖွံ့ဖြိုးဖြစ်ပေါ်စေခြင်း၊ အာဆီယံဒေသတွင်း တရားသူကြီးများနှင့် တရားရေးအရာရှိများ၏ လေ့ကျင့်သင်ကြားမှု ပူးပေါင်းဆောင်ရွက်ခြင်း၊ တရားရုံးဆိုင်ရာ နည်းပညာအသုံးပြုမှု၊ မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းများနှင့် အာဆီယံဒေသတွင်း တရားမမှုခင်းဆင့်ဆိုမှုများ စသည့်ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြမည်ဖြစ်သည်။

ပြည်ထောင်စုတရားသူကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

ဗားကရာလမ်းမကြီးကို ဖြတ်ကျော်လျက် ပြည်လမ်းမကြီးပေါ်မှ မြောက်မှတောင်သို့ အလျားလိုက်တည်ဆောက်ထားခြင်း ဖြစ်သည်။ တံတားဧရိယာသည် ဒဂုံစင်တာရှေ့မှ ပြည်သူ့ဥယျာဉ်အထိဖြစ်ပြီး အရှည်ပေ ၂၃၁၀ ကျော်ရှိသည်ဟု သိရသည်။

တံတားအကျယ်မှာ ၄၈ ပေရှိမည်ဖြစ်ပြီး ယာဉ်လေးစီးတစ်ပြိုင်တည်းသွားလာနိုင်မည်ဟုဆိုသည်။ မြေပြင်မှ ကင်းလွတ်အမြင့်သည် ၁၃ ပေ ဒသမ ၁၂ ရှိပြီး တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်အထိ ဖြစ်ကြောင်း သိရသည်။

တံတားတည်ဆောက်စဉ်ကာလတွင် မြေနီကုန်းဧရိယာတစ်ဝိုက်၌ ယာဉ်ကြောကျပ်တည်းမှုများ ရှိနေသည်။ ဗားကရာလမ်းဆုံမှသည် တော်လှန်ရေးပန်းခြံ၊ ဦးဝိစာရမီးပွိုင့်အထိ ကားတန်းရှည်ကြီး နေ့စဉ်ဖြစ်ပေါ်လျက်ရှိနေသည်။ တော်လှန်ရေးပန်းခြံဘက်မှလာပါက မြေနီကုန်းမီးပွိုင့် လွတ်ရန် နှစ်ကြိမ်၊ သုံးကြိမ်ထက်မနည်း စောင့်ဆိုင်းမောင်းနှင်နေကြရသည်ကို တွေ့ရသည်။

ထို့အတူ ပြည်လမ်းမပေါ် မြေနီကုန်းမှ ဟံသာဝတီအဝိုင်းအထိ ယာဉ်ကြောတောင့်ခံနေဆဲ ဖြစ်သည်။ သို့သော်တံတားကြီး တည်ဆောက်ပြီးပါက ဗားကရာလမ်းကြောသည်လည်းကောင်း၊ ပြည်လမ်းကြောသည်လည်းကောင်း ယခုထက်ပိုမိုအဆင်ပြေစွာ မောင်းနှင်နိုင်ကြတော့မည်ဖြစ်ကြောင်း သုံးသပ်ကြသည်။

ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

*စာမျက်နှာ ၆ မှ*

**ရေးကော်မတီသည် ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လက်ခံသည့် လွတ်လပ်သောပညာရှင် အနည်းဆုံးပညာရှင် (၅)ဦး၊ လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သောပညာရှင်(၂)ဦး၊ ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သောပညာရှင် (၂)ဦး ပါဝင်ဖွဲ့စည်းမည်ဟူ၍ လည်းကောင်း** ဖတ်ရှုရပါသည်။ အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီကို ပညာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်ဟု ဆိုထားသော်ငြား အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီ အဆိုပြုဖွဲ့စည်းပုံတွင် ပညာရေးဝန်ကြီးဌာနမှ လုပ်ငန်းကျွမ်းကျင်သည့် တာဝန်ရှိသူများကို အဓိကမထားဘဲ ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းကို အဓိကအားပြုထားကြောင်း တွေ့ရှိရပါသည်။ အဆိုပါကော်မတီက ကျောင်းသင် သင်ရိုးကိုရေးဆွဲပါမူ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်၊ ပညာရေးအခြေခံမူများနှင့် လုံးဝသွေဖည်သွားမည်မှာ သေချာလှပါသည်။ ထိုသင်ရိုးညွှန်းတမ်းသည် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် သင်ရိုးညွှန်းတမ်းမဟုတ်မူဘဲ လူတစ်စု၏ အလိုကျရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများသာ ဖြစ်ပေါ်လာနိုင်ပါသည်။ သင်ရိုးညွှန်းတမ်းတစ်ခုရေးဆွဲရာတွင် ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂများ ပါဝင်ခြင်းဖြင့် သင်ရိုးညွှန်းတမ်း၏ အဆင့်အတန်းစံနှုန်း ပိုမိုမြင့်မားလာပါမည်လောဟူ၍ အမေးဖြင့် ဆင်ခြင်စဉ်းစားစရာများစွာ ဖြစ်ပေါ်လာပါသည်။ သင်ရိုးညွှန်းတမ်းအရည်အသွေးမြင့်မားရန်မှာ အဆင့်လိုက် သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းမူဘောင်နှင့် ကိုက်ညီမှု၊ သင်ရိုးညွှန်းတမ်း ရည်ရွယ်ချက်များနှင့်ပြည့်စုံမှု၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းအဆင့်များနှင့် တစ်ပြေးညီဖြစ်မှု၊ ဘာသာတစ်ခုချင်း အတန်းလိုက်ဖွံ့ဖြိုးမှုစံနှုန်းများနှင့် အံဝင်ခွင်ကျဖြစ်မှု၊ မိမိနိုင်ငံ၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် လျော်ကန်သင့်မြတ်မှုများနှင့် ပြည့်စုံသော သင်ရိုးညွှန်းတမ်းများကို ရေးဆွဲခြင်းသည်သာ အဓိကပဓာနဖြစ်ပါသည်။ ထို့ကြောင့် ဤအပိုဒ်ခွဲဖော်ပြချက်ကိုလည်း ပြန်လည်စဉ်းစားသုံးသပ် ရမည်ဖြစ်ကြောင်း အကြံပြုလိုပါသည်။

သို့ပါ၍ ဥပဒေတစ်ရပ်ရေးဆွဲရာတွင် မိခင်ကြီးသဖွယ်ဖြစ်သော ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း ညီညွတ်ရန်လိုအပ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးပါဝင်သည့် တစ်မျိုးသားလုံးဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်ရာတွင် ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် စဉ်းစားဆင်ခြင်သုံးသပ်ကြရန်သည်သာ အဓိကပဓာနဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

## ပြည်တွင်းသတင်း

❒ *ရှေ့ဖုံးမှ*

ဝေဒနာရှင်များအား ဆေးဝါးကုသပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ **(ယာပုံ)**

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက် သည်။

ယင်းနောက် ဆေးရုံအစည်းအဝေးခန်းမ၌ BHUMIRAJANAGARINDRA KIDNEY INSTITUTE HOSPITAL မှ ညွှန်ကြားရေးမှူး Prof. Teerachai Chantarojanasiri, MD. နှင့် တာဝန်ရှိသူများက ဆေးရုံဆိုင်ရာ အချက်အလက်များ၊ ဝေဒနာရှင်များအား ဆေးဝါးကုသပေးနေမှု၊ ဆေးရုံ၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထိုင်းနိုင်ငံသုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်၊ စစ်သံမှူးဗိုလ်မှူးချုပ်ချစ်ဆွေ၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးမိသားစုများနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**





**စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် တေးသံရှင်များက ဖျော်ဖြေစဉ်။**

◆ *ကျောဖုံးမှ*

ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားနှင့် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယဆုရ ပဲခူးတိုင်းဒေသကြီးအသင်းမှ အားကစားသမားများအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက လည်းကောင်း၊ ဒုတိယဆုရ ကရင် ပြည်နယ်အသင်းအားကစားသမားများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက လည်းကောင်း၊ ပထမဆုရ မန္တလေးတိုင်းဒေသကြီးအသင်း အားကစားသမားများအား ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်သည်။

ယင်းနောက် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပြိုင်ပွဲ၌ တတိယတံခွန်စိုက်ဆုရ ပဲခူးတိုင်းဒေသကြီးအသင်းအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းကလည်းကောင်း၊ ဒုတိယတံခွန်စိုက်ဆုရမန္တလေးတိုင်းဒေသကြီးအသင်းအား ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်ကလည်းကောင်း၊ ပထမတံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းအား ဒုတိယသမ္မတ ဦးညဏ်ထွန်းက လည်းကောင်း၊ တံခွန်စိုက်ဆု ဖလားများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် စစ်တီးဝိုင်းမှ ဦးဆောင်၍ အလံချအဖွဲ့နှင့် အလံသယ်အဖွဲ့တို့သည် ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူပြီး ပြိုင်ပွဲဝင် အားကစားသမားများ ကွင်းအတွင်း ဆက်လက်ဝင်ရောက်နေရာ ယူကြသည်။

ထို့နောက် ဒုတိယသမ္မတက အမျိုးသားအားကစားပွဲတော်ပိတ်ပွဲ အထိမ်းအမှတ် အမှာစကားပြောကြားရာတွင် ဖေဖော်ဝါရီလ ၁၃ ရက်က စတင်ကျင်းပခဲ့သည့် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်၏ ပြိုင်ပွဲတစ်လျှောက်လုံးတွင် ပြိုင်ပွဲဝင် အားကစားသမားများသည် သန့်ရှင်းစင်ကြယ်သည့် အားကစား စိတ်ဓာတ်များနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မိမိတို့ ကိုယ်စားပြုသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၏ ဂုဏ်ရောင်ကို အားကစားဖြင့် ထွန်းပြောင်စေခဲ့ကြသည်ကို တွေ့ရှိရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ယခု အားကစားပွဲတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဆုံစည်းမှုသည် သာမန်ဆုံစည်းမှု မဟုတ်ဘဲ သန့်ရှင်းမွန်မြတ်သည့် အားကစားစိတ်ဓာတ်ကိုအခြေခံပြီး တရားမျှတသည့် ယှဉ်ပြိုင်မှုများနှင့် ရင်းနှီးချစ်ကြည်စွာ ဆုံစည်းမှုပင်ဖြစ်ပါကြောင်း၊ အားကစားသဘာဝအရ အရှုံးနှင့် အနိုင်ဆိုသည်မှာ အမြဲဒွန်တွဲရှိနေတတ်သော်လည်း နယ်ပယ်အသီးသီးက အားကစားအဖွဲ့အားလုံးရရှိလိုက်သည့် အားကစားအပေါ်တွင် အခြေခံသည့် ညီရင်းအစ်ကို မောင်နှမ စိတ်ဓာတ်နှင့် တစ်ယောက်အတွက်အများ၊ အများအတွက် တစ်ယောက်ဆိုသည့် စည်းလုံးညီညွတ်မှုများသည် တန်ဖိုးမဖြတ်နိုင်သည့် အမြတ်အဖြစ် ထာဝရကျန်ရစ်ခဲ့မည်ဖြစ်ပါကြောင်း။

ယခုပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရန် ကဏ္ဍအသီးသီးက ကြီးကြပ်ဆောင်ရွက်ပေးကြသည့် ပုဂ္ဂိုလ်များ၊ အားကစားပြိုင်ပွဲများတွင် တာဝန်ထမ်းဆောင်ကြသော အဖွဲ့ချုပ်များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒိုင်များ၊ ဂျူရီများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ ကစားသမားများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းကို မှတ်တမ်းတင်ပြောကြားလိုကြောင်း။

စင်ကာပူနိုင်ငံတွင် မကြာမီကျင်းပမည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၈)ကြိမ်မြောက် အာဆီယံမသန်မစွမ်းအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်ပြီး ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုအမျိုးသားအားကစားပြိုင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည့်အတွက် ရည်ရွယ်ချက်များအတိုင်း ပေါက်မြောက်အောင်မြင်ရန် အရှိန်အဟုန်မပြတ် ဆက်လက်လေ့ကျင့်ပြင်ဆင်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

လေ့ကျင့်သားပြည့်ဝမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု၊ ကာယကြံ့ခိုင်မှု၊ ဉာဏ်ရည်ထက်မြက်မှု၊ စည်းလုံးညီညွတ်မှု၊ ဇွဲလုံ့လရှိမှု၊ စည်းကမ်းလိုက်နာမှု၊ စာရိတ္တကောင်းမွန်မှုစသည့် အားကစားသမား ဂုဏ်ရည်များနှင့် ပြည့်စုံသည့် နိုင်ငံဂုဏ်ဆောင် အားကစား မောင်မယ်အကျော်အမော်များအဖြစ် အောင်မြင်မှုများ ဆွတ်ခူးနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း။

ယခုပြိုင်ပွဲမှ ရရှိခဲ့သည့် သွေးစည်း ညီညွတ်ရေး စိတ်ဓာတ်ဖြင့် ပြည်ထောင်စု တစ်နံတစ်လျားက တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ယခုထက်ပိုမိုသည့် စည်းလုံးညီညွတ်မှု၊ အပြန်အလှန်နားလည်မှု၊ နွေးထွေးသည့် ချစ်ကြည်ရင်းနှီးမှု၊ ပွင့်လင်းသည့် အမြင်ချင်းဖလှယ်မှုများဖြင့် အားကစားကဏ္ဍမှသည် မြင့်မားသည့် လူမှုအသိုက်အဝန်းဆီသို့ လှမ်းချီရင်း နိုင်ငံတော်၏ဂုဏ်ကို အားကစားနှင့် အစွမ်းကုန်မြှင့်တင်ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုရင်း စတုတ္ထအကြိမ် အမျိုးသားအားကစား ပွဲတော်ကြီးအား အောင်မြင်စွာပိတ်သိမ်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အားကစားဝန်ကြီးဌာနအလံချအဖွဲ့က စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်အလံကို တိုင်ထိပ်မှချ၍ အလံသယ်အဖွဲ့က ကွင်းအတွင်းမှ ပြန်လည်သယ်ဆောင်သည်။

ဆက်လက်၍ တေးသံရှင် ချမ်းချမ်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ၊ အားကစားသမားများက ဂီတစာဆိုဟသ်ာတ မြင့်ငွေ ရေးသားသော သွေးချင်းတို့ရေနှုတ်ဆက်သည် သီချင်းဖြင့် ကပြဖျော်ဖြေသီဆိုခဲ့သည်။ **(သတင်းစဉ်)**





အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပစဉ်။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နှင့်အဖွဲ့ ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Pisanu Suvanajata နှင့်ဇနီး၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာ ဝင်းမြင့်၊ ဦးထင်အောင်၊ ဒေါက်တာ စိုင်းကျော်အုန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာသတင်းရေးသားမည့်သတင်းမီဒီယာသမားများအတွက် သတင်းစာပညာသင်တန်းလာရောက်ပို့ချသူ ဒေါ်ခင်မေဇော်နှင့်တွေ့ဆုံခြင်း

အမေရိကန်နိုင်ငံသံရုံး(ရန်ကုန်)၏ပံ့ပိုးမှုဖြင့် နိုင်ငံတကာသတင်းစာဆရာအဖွဲ့ (International Center for Journalist-ICFJ)က ရွေးကောက်ပွဲဆိုင်ရာသတင်းရေးသားနည်းသင်တန်းကို ရန်ကုန်မြို့ အမေရိကန်စင်တာ၌ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချခဲ့သည်။ ထို့ပြင် ယင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်၌ ရန်ကုန် သူနာပြုတက္ကသိုလ်၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကမီဒီယာများမှ သတင်း မီဒီယာသမားများအား ပထမဆုံးအကြိမ် ရွေးကောက်ပွဲ သတင်း ရေးသားနည်းဆိုင်ရာ



သင်တန်းကို ပို့ချခဲ့သည်။

ICFJ ၏ သင်တန်းအစီအစဉ်တွင် ရွေးကောက်ပွဲနှင့် သတင်းမီဒီယာအခန်းကဏ္ဍ၊ သတင်းသမားကျင့်ဝတ်နှင့်စိန်ခေါ်မှုများ၊ အသံလွှင့်သတင်းထောက်နှင့် မာလ်တီမီဒီယာသတင်းတင်ပြခြင်း၊ သတင်းအရင်းအမြစ်များထံမှ သတင်းရယူခြင်း၊ ဆိုင်ဘာလုံခြုံရေးနှင့် သတင်းသမားများ သတိပြုစရာ လူမှုကွန်ရက်နှင့် ဒီဂျစ်တယ်မီဒီယာစသည့် အကြောင်းအရာများကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ အခြေစိုက်နိုင်ငံတကာ သတင်းစာဆရာအဖွဲ့ (ICFJ)မှ သင်တန်းမှူး ဒေါ်ခင်မေဇော်နှင့်အတူ Marguerite Sulivan၊ ရွေးကောက်ပွဲစောင့်ကြည့်ရေးဆိုင်ရာ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပြန်ကြားရေးဝန်ကြီးဦးရဲထွဋ်တို့က ပါဝင်ပို့ချခဲ့သည်။ ရွေးကောက်ပွဲတွင် မြန်မာသတင်းမီဒီယာသမားပါဝင်နိုင်မှုအခန်းကဏ္ဍအား ICFJ ၏ သင်တန်းမှူးဖြစ်သူ ဒေါ်ခင်မေဇော်ကို မြန်မာ့သတင်းစဉ်(ပြည်တွင်း)က တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး ။ အခု ရွေးကောက်ပွဲသတင်းရေးသားနည်း အတွက် သတင်းထောက်တွေကို ဘယ်လိုစံနှုန်းတွေနဲ့ ရွေးချယ်ခဲ့သလဲ။**

ဖြေ ။ များသောအားဖြင့် သတင်းစာတိုက်တွေက သူတို့သတင်းထောက်တွေကို တိုက်တွင်းသင်တန်းတွေ ပေးတာရှိတယ်။ သတင်းထောက်တွေကို သင်တန်းစေလွှတ်ရင်လည်း သတင်းတိုက်က စိတ်ကြိုက်ရွေးချယ်တာရှိတယ်။ မြန်မာပြည်က သတင်းထောက်တွေမှာ သတင်းတိုက်နောက်ခံမရှိတဲ့ အလွတ်သတင်းထောက်တွေ အများကြီးရှိတယ်။ ဒီတော့ အလွတ်သတင်းထောက်တွေအတွက် အခွင့်အရေးက နည်းတယ်။ ကျွန်မတို့ သတင်းထောက်တစ်ဦးချင်းစီကိုပျိုးထောင်ပေးချင်တယ်။ တစ်ဦးချင်းမပျိုးထောင်ပေးနိုင်ဘဲ သတင်းတိုက်တစ်ခုကောင်းလာဖို့ မဖြစ်နိုင်ဘူး။ နောက်ပြီးတော့ သတင်းထောက် မဖြစ်သေးပေမယ့် သတင်းကို စိတ်ဝင်စားပြီး သတင်းထောက်လုပ်ချင်တဲ့ သူတွေလည်း အများကြီးရှိတယ်။ ဒီအခါမှာ မီဒီယာကျင့်ဝတ်က ပြဿနာတစ်ခု ဖြစ်လာတယ်။ မီဒီယာ ကျင့်ဝတ်ကို မသိတာလည်းဖြစ်မယ်။ ဒါမှမဟုတ်ရင် အသိအမှတ်မှားတာလည်း ဖြစ်နိုင်တယ်။ ဒီအခါမှာ သတင်းမီဒီယာကျင့်ဝတ်ကို ချိုးဖောက်တယ်ဆိုတာမျိုးတွေဖြစ်လာပြီး သတင်းထောက်တွေအတွက် ထိခိုက်မှုတွေက အများကြီးဖြစ်လာတယ်။ ဒီတော့ Citizen Journalist ပဲဖြစ်ဖြစ်၊ တိုက်သတင်းထောက်ပဲဖြစ်ဖြစ်၊အလွတ်သတင်းထောက်ပဲဖြစ်ဖြစ် ကျင့်ဝတ်ကို သိဖို့လိုတယ်။ ဒါကြောင့်မို့လို့ သင်တန်းကို သတင်းအပေါ် စိတ်ဝင်စားသူများအားလုံး တက်ရောက်နိုင်တယ်ဆိုပြီး ကြော်ငြာလိုက်တယ်။ လျှောက်သူမှန်သမျှကို သင်တန်းအမှန်တကယ်တက်နိုင်သလားမေးပြီးတော့ လက်ခံတယ်။ အခု သတင်းတိုက်ကလာတဲ့သူရော၊ သတင်းတိုက်မဟုတ်ဘဲလာတဲ့သူတွေရောကို လက်ခံပြီး လူဦးရေပြည့်တဲ့အချိန်မှာ စာရင်းပိတ်လိုက်တယ်။

**မေး ။ ပုံနှိပ်မီဒီယာအတွက်ပဲ သီးသန့်ဖွင့်လှစ်တာလား။**

ဖြေ ။ မဟုတ်ပါဘူး။ ပုံနှိပ်မီဒီယာတင်မကဘဲ မာလ်တီမီဒီယာအတွက်ပါ ရည်ရွယ်တယ်။ အခုသွားနေတဲ့ မီဒီယာ ရေစီးကြောင်းက ပုံနှိပ်မီဒီယာတစ်ခုတည်းမှာပဲ တွယ်နေလို့မရတော့ဘူး။ ရှောင်လို့မရတဲ့ မာလ်တီမီဒီယာသတင်းခန်းဆိုတာ ဖြစ်လာတော့မယ်။ အားပေးချင်တော့ ကျွန်မက အကုန်လုံးကိုခေါ်ပြီး အကုန်လုံးကို သင်တယ်။ ပုံနှိပ်၊ ရုပ်သံ၊ ဒီဂျစ်တယ်မီဒီယာနဲ့ လူမှုကွန်ရက်မီဒီယာမျိုးတွေ ကျွန်မသင်ပါတယ်။

**မေး ။ သင်တန်းမှာ ဘယ်လိုအကြောင်းမျိုးကို သင်ကြားပေးခဲ့ပြီး ဘယ်သူတွေက လာရောက်ဟောပြောပို့ချခဲ့လဲ။**

ဖြေ ။ ကျွန်မတို့က လိုတာကို ပေးနိုင်ဖို့ ကြိုးစားတယ်။ ဒါသင်မယ်ပြင်ဆင်ထားပေမယ့် ဒီက သတင်းထောက်တွေအတွက် မလိုအပ်တာတွေကို ဖြုတ်ပစ်ရတာမျိုး၊ ဒီရောက်ပြီးတော့မှ ပြန်ဖြည့်စွက်ရတာမျိုးတွေတော့ ရှိပါတယ်။

ကျွန်မတို့ ICFJ သင်တန်းအတွက် မာဂရက်ကို ဖိတ်တယ်။ မာဂရက်က မြန်မာပြည်ကို လာတဲ့အကြိမ်ပေါင်း မနည်းတော့ဘူး။ သူက ပြောရေးဆိုခွင့်ရှိတဲ့ အစိုးရအရာရှိတွေ၊ နိုင်ငံရေးပါတီက ပုဂ္ဂိုလ်တွေကို သတင်းကို ဘယ်လိုထုတ်သင့်လဲ၊ မီဒီယာနဲ့ ဘယ်လိုဆက်ဆံသင့်လဲဆိုတာကိုသင်ကြားခဲ့တဲ့သူပါ။ ဒီတော့ သတင်းထောက်တွေအတွက် ဒါက အကျိုးရှိတယ်။ သူက ဟိုဘက်တစ်ဖက်ကို သင်တဲ့သူဆိုတော့ ဒီဘက်က ဘယ်လိုချဉ်းကပ်ရင်ကောင်းမယ်ဆိုတာ သိလာမယ်။ သတင်းမေးတယ်။ မဖြေဘူး၊ သတင်းမရဘူး ဆိုတာမျိုးတွေ မြန်မာပြည်မှာ အမြဲကြားနေရတော့ သတင်းကို ဘယ်ကရမလဲ၊ ဘယ်လိုရယူမလဲဆိုတာကို မာဂရက်က သင်ပေးနိုင်လို့ သူ့ကို ဖိတ်တယ်။

နောက်ဆိုက်ဘာ လုံခြုံရေးအတွက် မီဒိုက မရတနာထွန်းပါ။ သတင်းထောက်တွေက အခုအကုန်လုံး ဖုန်းတွေ၊ ဂျီမေးလ်တွေ သုံးပေမယ့် ဆိုက်ဘာလုံခြုံရေးကိုမသိဘူး။ ပြဿနာတစ်ခုဖြစ်လာရင် သတင်းပေးတဲ့သူတွေကို အကာကွယ်ပေးရတဲ့တာဝန် ကိုယ့်မှာရှိတယ်။ ကိုယ့်သတင်းတွေကို လုံခြုံအောင် ထားရမယ့်တာဝန် ကိုယ့်မှာရှိတယ်။ ဆိုက်ဘာလုံခြုံရေးက နေရာတကာမှာ လိုအပ်ပါတယ်။

လူမှုအဖွဲ့အစည်းထဲမှာတော့ လာမယ့်ရွေးကောက်ပွဲမှာ စောင့်ကြည့်လေ့လာမှုတွေ ပြုလုပ်နေတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ PACE ကကိုစိုင်းရဲကျော်စွာမြင့်ကို ဖိတ်တယ်။ သူ့ကြောင့် သတင်းထောက်တွေ အင်မတန်အကျိုးရှိတယ်။ သတင်းထောက်တွေ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ သတင်း ဘယ်လိုယူလို့ရသလဲ။ သတင်းအရင်းမြစ်တွေ ဘယ်မှာရှိသလဲဆိုတာကို သူအများကြီး ပေးသွားနိုင်တယ်လို့ ထင်ပါတယ်။

နောက်တစ်ခုက ဒီအစီအစဉ်ကို အမေရိကန်သံရုံးက လုပ်တဲ့အစီအစဉ်ပါ။ သံရုံးက ငွေကြေးထောက်ပံ့ပြီး ကျွန်မတို့ နိုင်ငံတကာသတင်းစာဆရာအဖွဲ့ (ICFJ) က သတင်းပညာနဲ့ပတ်သတ်ပြီး တာဝန်ယူပါတယ်။ အမေရိကန်သံရုံးက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်ကိုလည်း ဖိတ်ပါတယ်။ ဝန်ကြီးကလည်း သတင်းတွေနဲ့ ပတ်သက်ရင် စိတ်ဝင်စားတဲ့အတွက်ပါ။ သူလာတဲ့အတွက် ကျွန်မတို့က ဝမ်းသာတယ်။ ဘာကြောင့်လဲဆိုတော့ သတင်းထောက်တွေအနေနဲ့ မေးစရာရှိတဲ့ မေးခွန်းတွေ အများကြီးမေးနိုင်ခဲ့တယ်လို့ ကျွန်မထင်တယ်။ ဝန်ကြီးဦးရဲထွဋ်အနေနဲ့လည်း သူလုပ်နေတဲ့ မီဒီယာပြုပြင်ပြောင်းလဲရေးအကြောင်းတွေပြောသွားတဲ့အတွက် ကျွန်မအထင်နှစ်ဖက်စလုံး အကျိုးရှိမယ် ထင်ပါတယ်။

**မေး ။ ဆရာမတို့ ICFJ အနေနဲ့ သင်တန်းနဲ့ ပတ်သက်ပြီး သတင်းသမားတွေအပေါ် ဘယ်လောက်အထိ မျှော်လင့်ထားလဲ။**

ဖြေ ။ ကျွန်မလာကတည်းက အင်မတန် မျှော်လင့်တယ်။ ကျွန်မတို့ လာတဲ့အတွက် သတင်းသမားကောင်းတစ်ယောက် ပေါ်ထွက်လာတယ်ဆိုရင်ပဲ ကျွန်မကျေနပ်တယ်။ အခုလက်ရှိ တွေ့ရတာကတော့ ကျွန်မမျှော်လင့်ထားတာထက်ကို များတယ်။ စိတ်ဝင်တစားနဲ့ တက်ကြတာကို တွေ့ရလို့ အားရကျေနပ်တယ်။

**မေး ။ မြန်မာနိုင်ငံရဲ့ သတင်းသမားတွေနဲ့ ပတ်သက်ပြီး သုံးသပ်ပေးပါဦး။ အခုနဲ့အရင် ဘာကွာလဲပေါ့။**

ဖြေ ။ ကျွန်မတို့ မီဒီယာသမား စလုပ်တုန်းက ပြည်တွင်းမီဒီယာက လှုပ်ရှားခွင့်မရှိဘူး။ အခု မီဒီယာ ပြုပြင်ပြောင်းလဲမှုနဲ့အတူ မီဒီယာသမားတွေ လှုပ်ရှားလို့ရလာတယ်။ မီဒီယာသမားတွေ အများကြီး ထွက်လာတာ အင်မတန်ကောင်းတဲ့ လက္ခဏာပဲ။ စိတ်ဝင်စားတဲ့ သူတွေလည်း အလွန်များတယ်။ ဒါပေမယ့် အားနည်းချက်တွေရှိတယ်။ သတင်းသမားတွေက အတွေ့အကြုံမရှိတဲ့ အတွက် ကိုယ်ထင်တာနဲ့ ကိုယ်လုပ်နေရတယ်။ အခု ကျွန်မတို့ ပေးလိုက်တဲ့ အကြံဉာဏ်တွေက မီဒီယာ ပြုပြင်ပြောင်းလဲမှုမှာ အများကြီးအထောက်ပံ့ပေးနိုင်မယ်ထင်တယ်။ ဒီဂျစ်တယ်မီဒီယာဖြစ်လာပြီ။ အင်တာနက်တွေရလာပြီ။ အကုန်လုံးက ဖုန်းတွေနဲ့။ ကျွန်မတို့ခေတ်က လူငယ်တွေက မလုပ်ရဲဘူး။ ကြောက်ကြတယ်။ ဒီလောက်ထိ ထက်ထက်မြက်မြက်မရှိဘူး။ လူငယ်တွေ ပညာရေးပိုင်းဆိုင်ရာမှာ အားနည်းသွားပေမယ့် လူငယ်တွေရဲ့ စိတ်အားထက်သန်မှုကတော့ အလွန်မြင့်သွားတယ်။ ဒီအပေါ်မှာ ကျွန်မအင်မတန်အားရတယ်။ မျှော်လင့်ချက်တွေ အများကြီးရှိတယ်။

**မေး ။ ရွေးကောက်ပွဲတော့ နီးလာပြီပေါ့။ ရွေးကောက်ပွဲမှာ သတင်းရေးသားဖို့ မြန်မာသတင်းသမားတွေရဲ့ အားနည်းချက် အများစုက ဘာဖြစ်မယ်လို့ ထင်ပါသလဲ။**

ဖြေ ။ မြန်မာသတင်းသမားတွေက အတွေ့အကြုံနည်းတော့ အမှားများတယ်။ ကျွန်မဥပမာပေးချင်တယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့သတင်းကို လုပ်တဲ့အခါမှာ ဘယ်လို သတင်းမျိုးလိုက်သလဲ။ သတင်းသမားအများစုကတော့ ရွေးကောက်ပွဲဝင်မယ့် ပုဂ္ဂိုလ်တွေပြောတဲ့ စကားတွေကိုပဲမေးပြီးသတင်းရေးကြတယ်။ ဒီဥစ္စာက လုံးဝကိုမှားနေတယ်။ ကျွန်မတို့ နိုင်ငံမှာက ရွေးကောက်ပွဲက လုံးဝကို အသစ်အဆန်း။ ဒီမိုကရေစီစနစ်ကို ထူထောင်တာက ဘယ်လောက်မှ မကြာသေးဘူး။ အတွေ့အကြုံနည်းတဲ့အခါကျတော့သိဖို့ လိုတယ်လို့ ကျွန်မအနေနဲ့ ထင်မြင်ယူဆတယ်။ ရွေးကောက်ပွဲအတွက် ဘယ်သူ့ကို မေးရမှာလဲ။ ဘယ်လိုသတင်းမျိုးတင်မလဲ။ ရွေးကောက်ပွဲသတင်းကို မလိုက်တတ်တဲ့ သူကများနေတယ်။ အခုလောလောဆယ် ကျွန်မတို့ကြားတာက ရွေးကောက်ပွဲကော်မရှင်နဲ့ပါတီတွေ သတင်းမထုတ်သေးလို့ သတင်းမရေးနိုင်ဘူးဆိုတာ မဟုတ်ဘူး။ ကျွန်မတို့ လုပ်လို့ရတာ အများကြီးရှိတယ်။ မီဒီယာဆိုတာက လူထုနဲ့ နားနဲ့ မျက်စိ။ ဒီတော့လူထုက ဘာကိုလိုချင်လဲ ဆိုတာကိုရှာနိုင်ရမယ်။ တင်ပြနိုင်ရမယ်။ ဒါကို အခြေခံပြီတော့ ရွေးကောက်ပွဲသတင်းကို လုပ်နိုင်ရမယ်။ ကျွန်မတို့က လူထုအသံကိုတင်ရမယ်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုမှာ ရွေးကောက်ပွဲဆိုတာ လူထုကိစ္စပါ။ ရွေးကောက်ခံပုဂ္ဂိုလ်အကြောင်း မဟုတ်ဘူး။ (ကျေးဇူးပါပဲ)

**တွေ့ဆုံမေးမြန်း**
**သတင်းအဖွဲ့(သတင်းစဉ်)**
**ဓာတ်ပုံ- ICFJ facebook**

နိုင်ငံတကာ သတင်းစာဆရာအဖွဲ့ (International Center for Journalist-ICFJ)သည် မြန်မာနိုင်ငံရှိ မီဒီယာသမားများအတွက် မီဒီယာသင်တန်း၏ ပထမအဆင့်အနေဖြင့် မြန်မာပြည်မှ သတင်းထောက် ၁၅ ဦးကို ၂၀၁၄ နိုဝင်ဘာလအတွင်းက အမေရိကန် ပြည်ထောင်စုသို့ ဖိတ်ကြား၍ အမေရိကန်နိုင်ငံ၏ နှစ်လယ်ရွေးကောက်ပွဲအတွက် လေ့လာစေခဲ့သည်။ မကြာမီကာလများတွင် အသက်ဝင်လာတော့မည့် မြန်မာနိုင်ငံ၏ ၂၀၁၅ ရွေးကောက်ပွဲအတွက် အမေရိကန်နိုင်ငံသို့ ခေါ်ယူ၍ သင်တန်းပေးခဲ့သော မြန်မာသတင်းသမားများသာမက ရွေးကောက်ပွဲနှင့် ပတ်သက်၍ သတင်းရေးသားချင်သော ပြည်တွင်းသတင်းမီဒီယာသမားများအတွက်ပါ ရည်ရွယ်၍ ရွေးကောက်ပွဲသတင်းရေးသားနည်းသင်တန်းကို မြန်မာနိုင်ငံ၌ လာရောက်သင်တန်းပေးခြင်း ဖြစ်ကြောင်း ICFJ မှ သိရသည်။

နိုင်ငံတကာ သတင်းစာဆရာအဖွဲ့ (International Center for Journalist-ICFJ) သည် မတ်လ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်နေ့များတွင်လည်း ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်းသင်တန်းကို မန္တလေးမြို့ရှိ ဂျက်ဖာဆင်စင်တာ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း အမေရိကန်စင်တာမှ သိရသည်။



ပြည်တွင်းသတင်း

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၁**

၂၀၁၅ ခုနှစ် မတ် ၁ ရက်တွင်ကျရောက်သော ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ ဝန်ကြီးအဖွဲ့ ဒုတိယအကြီးအကဲနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဇလတ်ကို လဂမ်(ဒ်)ဇီဂျ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးစံမြင့်ဦး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၁**

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံမြင့်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဒီလီမြို့၌ တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တော် မာတန် ရောက်ခ်ထံပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

**(သတင်းစဉ်)**

## ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းဆင်းပွဲနှင့် အလုပ်တာဝန်ခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

နယ်စပ်ဒေသ အပါအဝင် ကျေးလက်/မြို့ပြနေ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းအမှတ်စဉ်(၇)ဆင်းပွဲနှင့် အလုပ်တာဝန်ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ၊ နည်းပြများနှင့် သင်တန်းဆင်း တိုင်းရင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ သင်တန်းဆင်းတိုင်းရင်းသူ ၁၄၀ ကို ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လွင်က အလုပ်သမား အသိအမှတ်ပြုလွှာများကို အထည်ချုပ်လုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အထည်ချုပ်လုပ်ငန်း ကုမ္ပဏီများမှ တာဝန်ရှိသူများက အလုပ်သမားများအား အထည်ချုပ်ဝန်ထမ်းအဖြစ် ခန့်အပ်လွှာနှင့် ထောက်ပံ့ငွေများ ချီးမြှင့်ပြီး အထည်ချုပ်လုပ်ငန်းရှင် တစ်ဦးက အလုပ်ခန့်အပ်ရခြင်း ရည်ရွယ်ချက်များနှင့် အလုပ်သမားခံစားခွင့်၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ယနေ့အထိ အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော သင်တန်းဆင်းတိုင်းရင်းသူများမှာ ကချင်၊ လီဆူး၊ ရဝမ်၊ ကဒူး၊ ကယား၊ ကရင်၊ ချင်း၊ နာဂ၊ မွန်၊ ရခိုင်၊ ရှမ်း၊ အာခါ၊ ပလောင်၊ ပအိုဝ်း၊ ဗမာ တိုင်းရင်းသူ ၇၄၂ ဦး ဖြစ်ကြပြီး အလုပ်တာဝန်များ ခန့်အပ်ပေးပြီးကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## နွေစပါး ပုလဲသွယ်မျိုးစေ့ ကွင်းသရုပ်ပြ

**အထက်မင်းလှ ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးနွေစပါး ၅ ဒသမ ၀၀ ဧက မျိုးစေ့ကွင်း သရုပ်ပြပွဲကို ရွာတော်အုပ်စု သံပုရာကန်ကျေးရွာ၌ ကွင်းအမှတ် ၈၃၉ ရှိ တောင်သူ ဦးစန်းမြင့်ဦး၏ လယ်မြေ၌ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း စိုက်ပျိုးရေးဝန်ထမ်းတစ်ဦးထံမှ သိရသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းဝင်းက သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် နွေစပါးပျိုးထောင်ခြင်း၏ သီးနှံအထွက်တိုးရေးအားသာချက်များကို တောင်သူများအား ရှင်းလင်းပြောကြားပြီး နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ စိုက်ပျိုးရေးဝန်ထမ်းများက စုပေါင်းမျိုးစေ့ချ ကွင်းသရုပ်ပြပွဲဆောင်ရွက်ခဲ့သည်။ ယင်းနောက် တက်ရောက်လာသည့် တောင်သူများက မရှင်းလင်းသည်များကို ပြန်လည်မေးမြန်းရာ တာဝန်ရှိသူများက တောင်သူများ သဘောပေါက်နားလည်အောင် ရှင်းလင်းပေးခဲ့သည်။ ယင်းအခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်ဇော် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

## တောင်သူလယ်သမား ပြည့်ခွန်အား

❁ သည်ယနေ့ဟာဖြင့်
ကြည်မွေ့စွာ ရှုမဆုံးပါကလား
သူ့အပြုံး ချိုပြေပြေနဲ့
ကိုယ့်အပြုံး ချိုပြေပြေနဲ့
အပြုံးတွေ သွယ်ဖြာဝေလို့
လယ်ယာမြေ ဂုဏ်ပြုတေးတွေလည်း
ချိုမွှေးပျံ့ သင်းထုံကြည်။

❁ (သြော်.. တကယ်တော့)
အခေါင်ယူ တကယ်ကြွား မမေ့စရာကွဲ့
တောင်သူလယ်သမားနေ့ဟာမို့
ကြည်မွေ့စွာ သဘင်ခင်း
ကျင်းပစုံညီ။

❁ ရွှေတစ်ခေတ်ပေဖို့
နေရစ်လေ ဟိုခေတ်ဟောင်းရယ်ပေါ့
ပြောင်းကြမယ် မပျက်ရှုရမှာက
စက်မှုလယ်ယာဆီပေါ့
ဦးတည်ကာ မြန်ပြည်တစ်လွှားမှာဖြင့်
ဆန်ရေစပါး ကြွယ်ဝဖြိုးပါမှ
တကယ်အလှတိုးမယ်လို့ တို့ယုံကြည်
တို့တိုင်းပြည်အနာဂတ်အရေး

❁ နိုးကြားစွာလေ
ကြိုးစားပါ သဟာဆွေတို့
မြေကောင်းကို အခြေခံ
ရေကောင်းအောင် စီမံ
နည်းသိပ္ပံ စနစ်တကျသုံးတဲ့ပြင်
အထွက်နှုန်း အားရစရာမို့
ဟိုနားမှာ ပုလဲသွယ်
သည်နားမှာ ပုလဲသွယ်
အသည်းဝယ် အမြတ်တနိုးထားကြတဲ့
ပုလဲသွယ် စပ်မျိုးစပါးကိုလည်း
ကြိုးစားကာ တစ်ပြည်လုံးမှာတဲ့
ရွှေဖုံးအောင် စိုက်ပျိုးကြပါစို့
နိုးကြားစွာအောင်လံထူဖို့
တို့တောင်သူလယ်သမားတို့ရယ် (ကွယ်)
အားသစ်စို့လေး။ ။

(မတ်လ ၂ ရက်နေ့ တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

**မြင်းမူမောင်နိုင်မိုး**

## ကျောက်ပန်းတောင်းမြို့နယ်၌ တည်ငြိမ်အေးချမ်းမှုကိုလိုလားသူများက ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၈**

ဒီမိုကရေစီရှင်သန်ရေးအတွက် တည်ငြိမ်အေးချမ်းမှုကို လိုလားသူများက ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါအဖွဲ့သည် နံနက် ၉ နာရီခွဲတွင် "တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို လိုလားသည်"၊ "မတည်ငြိမ်ဆူပူအောင်ဖန်တီးမှုမှန်သမျှ ဆန့်ကျင်သည်"၊ "တရားဥပဒေ စိုးမိုးမှုကို လိုလားသည်"၊ "စည်းကမ်းလိုက်နာမှုကို တိုက်တွန်းသည်"၊ "တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းကြစို့" အစရှိသည့် ဆိုင်းဘုတ်များကိုင်ဆောင်၍ ဈေးပတ်လမ်းအတိုင်း စတင်ထွက်ခွာလာပြီး ဗိုလ်ချုပ်လမ်းအတိုင်း ချီတက်ကာ မကွေး-မန္တလေးလမ်းမကြီးမှ အနောက်သို့လျှောက်၍ ဘူတာအဝိုင်းပတ်မှတစ်ဆင့် မြင်းခြံလမ်းမကြီးအတိုင်း ဆက်လက်ချီတက်ကြသည်။ ယင်းမှတစ်ဆင့် မြင်းခြံဂိတ်ပန်းခြံမှ ဈေးလမ်းသို့ ပြန်ဆင်းကာ ငြိမ်းချမ်းစွာ ချီတက်လမ်းလျှောက်ရခြင်းနှင့် ပတ်သက်၍ ဦးဇော်မင်းမင်းက သုံးမိနစ်ခန့် ရှင်းလင်းပြောကြားပြီး လမ်းလျှောက်ပွဲကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်သည်။

ယနေ့ပြုလုပ်သော ဒီမိုကရေစီလိုလားသူများ၏ ငြိမ်းချမ်းစွာစီတန်းလမ်းလျှောက်ပွဲတွင် သံဃာတော်နှစ်ပါးအပါအဝင် စုစုပေါင်း ၁၀၀၀ ကျော် ပါဝင်ခဲ့ကြပြီး သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ တရားဝင်ခွင့်ပြုချက်တောင်းခံ၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်(iprd)**

## ကွမ်းလုံမြို့နယ် ကြက်ခြေနီအဖွဲ့များသို့ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့မှ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ကွမ်းလုံ ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကြက်ခြေနီအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဦးကျော်ဆန်းဝင်း (ညှိနှိုင်းရေးမှူး မြန်မာနိုင်ငံကြက်ခြေနီအသင်း)က မြို့နယ်ကြက်ခြေနီအဖွဲ့၏ လိုအပ်ချက်များ၊ ကွမ်းလုံပြည်သူ့ဆေးရုံ၏လိုအပ်ချက်များကို ဆန်းစစ်သွားမည်ဖြစ်ပြီး ကြက်ခြေနီအဖွဲ့များ၏ စေတနာလုပ်အားနှင့် ကြက်ခြေနီလုပ်ငန်းများကို အန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်ရန် ICRC မှ လက်တွေ့ဆောင်ရွက်ပြသသွားမည်ဖြစ်ကြောင်း၊ ထမ်းစင်၊ မော်တော်ယာဉ်နှင့် လိုအပ်သောပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ကြက်ခြေနီအဖွဲ့ဝင်များက ကြက်ခြေနီလုပ်ငန်းများကို ဆွေးနွေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများနှင့် မြို့နယ်ကြက်ခြေနီအဖွဲ့များက ကြက်ခြေနီအဖွဲ့၏ လိုအပ်ချက်များနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြိုင်မြို့နယ်၌ ကျီးကန်း ၃၅ ကောင် အစာအဆိပ်သင့်သေဆုံးမှုဖြစ်ပွား

**မြိုင် ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် တဲကြီးကျေးရွာအုပ်စု ဒါန်းပင်ကျေးရွာစာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းတို့၌ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ ကျီးကန်း ၃၅ ကောင် သေဆုံးခဲ့ကြောင်း သတင်းရရှိသဖြင့် မြိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာသောင်းစိန်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ပြီး ကျီးကန်းတစ်ကောင်ကို တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ ဓာတ်ခွဲစစ်ဆေးနိုင်ရေး ပေးပို့ခဲ့ရာ သုတေသနအရာရှိ ဒေါက်တာမာမာအေးက ကျီးကန်းများသေဆုံးမှုမှာ အစာအဆိပ်သင့်မှုကြောင့် အူလမ်းကြောင်းများ ရောင်ရမ်း၍ သေဆုံးခဲ့ရကြောင်း၊ ကူးစက်ရောဂါ မဟုတ်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ အဆိုပါ ကျီးကန်းများ သေဆုံးရခြင်းမှာ ပုပ်ပွနေသည့် အသေကောင်ကို ဝိုင်းဝန်းထိုးစားမိရာမှ အစာအဆိပ်သင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ရာသီအကူးအပြောင်းကာလဖြစ်ကြောင်း၊ ယမန်နှစ်ကလည်း ယခုလိုပဲ စာကလေး၊ ကျီးကန်းများ ရုံဖန်ရံခါ အဆိပ်သင့်သေဆုံးမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ယခုကဲ့သို့ များပြားမှုမရှိခဲ့ကြောင်း မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း၊ သုတေသနအရာရှိ ဒေါက်တာမာမာအေးက ပြောသည်။

မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ရာသီအကူးအပြောင်းတွင် ဖြစ်ပွားတတ်သော တိရစ္ဆာန်ကူးစက်ရောဂါများနှင့် တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သောရောဂါများ အထူးသဖြင့် ခွာနာလျှာနာရောဂါ၊ ကြက်လည်လိမ်ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ဝက်နားရွက်ပြာရောဂါနှင့် ခွေးရူးရောဂါများအကြောင်းကို မြို့နယ်ဒေသများအတွင်းရှိ ပြည်သူလူထုအား အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ရန်နှင့် အဆိုပါ ကူးစက်ရောဂါများဖြစ်ပွားလာပါက ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်များသို့ ညွှန်ကြားထားကြောင်းလည်း မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသုတေသနအရာရှိ ဒေါက်တာမာမာအေးက ပြောကြားသည်။

**ကျော်ဇေယျ(မကွေး)**

ပြည်တွင်းသတင်း

# မျိုးဆက်သစ်လက်ဝှေ့စိန်ခေါ်ပွဲများ ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ် ယှဉ်ပြိုင်ထိုးသတ်ပွဲများကို ဖေဖော်ဝါရီ ၂၇ ရက် ည ၈ နာရီက ရန်ကုန်မြို့သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

သုံးချီစိန်ခေါ်ပွဲများတွင် ရှိုင်းထက်အောင် (အဖြူရောင်သွေးသစ်)နှင့် စွမ်းသတ္တိ (စွမ်းကေကေ)၊ သားကျားလေး(ရွှေကျားမင်း)နှင့် ကိုကိုမောင်(မုဒုံသား)၊ ကျားဘဟိန်း (အလင်းရောင်)နှင့် မင်းထွဋ်(S.T.L)၊ ကျော်ဝင်းအောင် (T&T)နှင့် မင်းနိုင်ထွန်း (စွမ်းကေကေ)တို့ အလူးအလဲ သူတစ်ပြန်ကိုယ်တစ်ပြန် ထိမိကာ အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျပြီး အောင်မြင်သူ(ဝါဆို)နှင့်အောင်သမိန် (မုဒုံသား)တို့ပွဲမှာ အောင်မြင်သူက အောင်သမိန်ကို ပထမအချီ၌ လက်ရည်မမျှ ဒိုင်ပွဲရပ်ဖြင့် အောင်မြင်သူ အနိုင်ရရှိသွားသည်။ တစ်ဖန်လေးချီစိန်ခေါ်ပွဲများတွင် စိုးမင်းဦး(မုဒုံသား)က တတိယအချီ၌ စောလယ်ဘွယ်ထူး (S.T.L)ကို အလဲထိုး အနိုင်ရရှိပြီး စောဖြိုးဝေ (အဖြူရောင်သွေးသစ်)နှင့် မိုက်မိုက် (S.T.L)တို့ ပွဲမှာလည်း အချီပြည့် ခြေကန်ချက်၊ ပင့်ဝိုက်လက်သီးတွဲလုံးများ သူတစ်ပြန်ကိုယ်တစ်ပြန် ထိမိကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေဖြစ်ခဲ့သည်။

"လက်ဝှေ့ကစားတာ တစ်နှစ်ခွဲလောက်ပဲရှိပါတယ်။ ပထမဆုံးအကြိမ် ရန်ကုန်မှာ ယှဉ်ပြိုင်တာပါ။ ကယားနဲ့ကရင်ပြည်နယ်မှာ လေးချီစိန်ခေါ်ပွဲထိုးတာပါ။ ဒီပွဲမှာသုံးချီပွဲဆိုတော့ ဆက်ထိုးနိုင်ပါတယ်"ဟု (T&T) ကလပ်မှ ကျော်ဝင်းအောင်က ပြောသည်။

"ဒီလိုပြိုင်ပွဲတွေ များများလုပ်စေချင်တယ်။ ဒါမှမျိုးဆက်သစ်လက်ဝှေ့လူငယ်တွေ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ အချိန်လည်းစောစောကျင်းပစေချင်တယ်"ဟု လာရောက်ကြည့်ရှုသူလက်ဝှေ့ဝါသနာရှင် ကိုကျော်ကျော်က ပြောသည်။

မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို မတ် ၆ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



# လောက်ကိုင်မြို့ သန့်ရှင်းသာယာလှပရေး ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

လောက်ကိုင်ဒေသတွင် ဖေဖော်ဝါရီ ၉ ရက်မှစ၍ တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့များ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ယခုအခါ တပ်မတော်စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းဆောင်ရွက်မှုများကြောင့် လောက်ကိုင်မြို့အတွင်း ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သဖြင့် ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည်။



ထို့ကြောင့် လောက်ကိုင်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး စောမြင့်ဦး ဦးဆောင်၍ လောက်ကိုင်တပ်နယ်မှ တပ်မတော်သားများ၊ မြို့မိမြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုးကန့်လူမှုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက လောက်ကိုင်မြို့တွင်းရှိ လမ်းများမှ အမှိုက်သရိုက်များ ရှင်းလင်းခြင်းနှင့် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

# ရှမ်းပြည်နယ် (မြောက်ပိုင်း)လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင် ကျောင်းသား/ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲဖြေဆိုနိုင်ရေး စီစဉ်ထားရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသမှ တိုက်ပွဲကြောင့် ဒေသအသီးသီးသို့ ရောက်ရှိနေကြသူများ၏ ကလေးများဖြစ်သည့် ကျောင်းသားကျောင်းသူများ အတန်းဆုံးစာမေးပွဲများ ဖြေဆိုနိုင်ရေးအတွက် အောက်ပါအတိုင်း စီစဉ်ထားရှိပါသည်-

**(က) သူငယ်တန်းမှ နဝမတန်း ကျောင်းသား/ကျောင်းသူများအတွက်**

၁။ တိုက်ပွဲရှောင် ကျောင်းသား/ကျောင်းသူများသည် သက်ဆိုင်ရာအတန်းဆုံးစာမေးပွဲများကို မိမိရောက်ရှိရာဒေသရှိ မြို့နယ်ပညာရေးမှူးထံ သတင်း ပေးပို့ပြီး နီးစပ်ရာကျောင်းများတွင် ဝင်ရောက်ဖြေဆိုနိုင်ရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။

၂။ ယခုစစ်ဆေးသည့် ပုံမှန်စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုရန် အခက်အခဲရှိသည့် ကျောင်းသား/ကျောင်းသူများအတွက် ၂၀၁၅ ခုနှစ် သင်္ကြန်ပွဲတော်အပြီးနှင့် ကျောင်းမဖွင့်မီကာလအတွင်း အတန်းဆုံးစာမေးပွဲများကို လောက်ကိုင်ဒေသတွင် သီးခြားပြန်လည်ကျင်းပပေးမည် ဖြစ်ပါသည်။

**(ခ) ဒသမတန်း ကျောင်းသား/ကျောင်းသူများအတွက်**

၁။ လောက်ကိုင်စာစစ်ဌာနတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရန် စာရင်းသွင်းထားသော ကျောင်းသား/ကျောင်းသူများအတွက် ကွမ်းလုံမြို့တွင် သီးခြားစာစစ်ဌာန ဖွင့်လှစ်ပေးမည်ဖြစ်ပါသဖြင့် အဆိုပါ မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၂။ ထို့အပြင် မိမိတို့ရောက်ရှိအခြေပြုရာဒေသရှိ စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုလိုပါက စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါသဖြင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်-

(ကက) ဦးမျိုးမြင့်အောင် (ဦးစီးအရာရှိ)
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ဇွဲကပင်ဆောင်)
ဖုန်း ၀၁- ၆၅၃၅၀၉၊ လက်ကိုင်ဖုန်း ၀၉-၅၀၆၁၇၇၆

(ခခ) ဒေါက်တာမြတ်စိုးအောင် (လက်ထောက်ညွှန်ကြားရေးမှူး)
မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်
ဖုန်း ၀၆၇-၄၃၀၁၆၈၊ လက်ကိုင်ဖုန်း ၀၉-၂၅၆၀၈၈၅၂၁

(သတင်းစဉ်)

# လောက်ကိုင်မြို့တွင်း မူးယစ်ဆေးဝါးများ ထပ်မံသိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

လောက်ကိုင်မြို့တွင်း တပ်မတော်စစ်ကြောင်းများက လုံခြုံရေးဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက နားလီလမ်းဆုံနှင့် နတ်စင်ကုန်းအနီးရှိ မသက်ာဖွယ် အဆောက်အအုံတစ်လုံးကို ဝင်ရောက်ရှင်းလင်းခဲ့ရာ အဆောက်အအုံအတွင်းမှ ဆာလာအိတ်ဖြင့် ထုပ်ထားသည့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ အထုပ် ၄၀၊ ပြား ၂၀၀၀ ပါ ၂၉ ထုပ်၊ ပြား ၄၀၀၀ ပါ ၁၅ ထုပ်၊ ပြား ၆၀၀၀ ပါ ၁၀ ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆၀၀၀၊ ကာလတန်ဖိုး ငွေကျပ် သိန်း ၂၇၉၀ ခန့်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည်။

အလားတူ လောက်ကိုင်မြို့အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းက ယနေ့ နံနက်ပိုင်းတွင် ရေသန့်စက်ရုံအနီး လျှိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၄၀၀၊ ကာလတန်ဖိုး ငွေကျပ် ၃၂၇ သိန်းခန့်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည်။

ထို့အတူ လောက်ကိုင်မြို့ မြောက်ဘက် မူကွာဂျိုင်းအနီးတွင် ယနေ့ နံနက်ပိုင်း၌ နယ်မြေရှင်းလင်းလျက်ရှိသော တပ်မတော်စစ်ကြောင်းက မသင်္ကာဖွယ်ရာ အရပ်သားနှစ်ဦးအား တွေ့ရှိ၍စစ်ဆေးခဲ့ရာ ဦးညီမာန် (၃၇နှစ်)(ဘ)ဦးလူခန်းနှင့် ဦးလျှောက်ကျောင်း (၄၃နှစ်) (ဘ) ဦးဝေချန်တို့ထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၀၀ ကာလတန်ဖိုး ငွေကျပ် ၁၃၉ သိန်းခန့်အား သိမ်းဆည်းရမိခဲ့သည်။



အထက်ပါဖြစ်စဉ်များမှ သိမ်းဆည်းရမိWY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်းပြား ၂၆၀၇၀၀ ကာလတန်ဖိုး ငွေကျပ် ၃၂၅၆ သိန်းခန့် နှင့်အတူ တရားခံနှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများအား မြန်မာနိုင်ငံမူးယစ်ဆေးဝါး ကာကွယ်တားဆီးနှိမ်နင်းရေး တပ်ဖွဲ့သို့ စနစ်တကျ အပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝတီ)

**လူကုန်ကူးမှု တားဆီးရေး ပိုင်းဝန်းကူညီ ဆောင်ရွက်ပေး**

# ပြည်ပသို့ အကျိုးဆောင်လိုင်စင်မရှိ လူပို့သူအား အရေးယူ

မကွေး ဖေဖော်ဝါရီ ၂၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၅ နာရီက ရွှေပွင့်ဖြူ ဆင်ဖြူကျွန်း-ရန်ကုန်လိုင်း ယာဉ်အမှတ် ၃ဂ/--- မှန်လုံယာဉ်ဖြင့် အမျိုးသမီးသုံးဦးအား မလေးရှားနိုင်ငံသို့ အလုပ်လုပ်ရန် ခေါ်ဆောင်သွားကြောင်း သတင်းရရှိ၍ တာဝန်ရှိသူများအဖွဲ့က ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၂၀၃/၅) မဲဇလီတံတားထိပ်တွင် စောင့်ဆိုင်းစစ်ဆေးခဲ့သည်။

ထိုသို့ စောင့်ဆိုင်းစစ်ဆေးနေချိန် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်၌ ရွှေပွင့်ဖြူ ဆင်ဖြူကျွန်း-ရန်ကုန်ကားရောက်ရှိလာသဖြင့် ကားပေါ်ရှိ ထိုင်းခုံအမှတ် (၂)တွင် လိုက်ပါလာသော ကိုသန်းနိုင် (၃၇ နှစ်)ငလျှင်စမ်းကျေးရွာ မင်းတုန်းမြို့နေသူအား စစ်ဆေးမေးမြန်းရာ ကားထိုင်ခုံအမှတ်(၁၁၊ ၁၂၊ ၁၅)တွင်လိုက်ပါလာသော မတင်ဇာဦး (၂၆ နှစ်)ငလျှင်စမ်းကျေးရွာ၊ မဝါဝါလှိုင်(၃၀ နှစ်)ငလျှင်စမ်းကျေးရွာ၊ မကေခိုင်ဝင်း(၂၁ နှစ်) သွေးကျောက်ဗမင်းတုန်းမြို့နယ်နေသူ သုံးဦးတို့အား မလေးရှားနိုင်ငံ ပုံနှိပ်စက်ရုံတွင် အလုပ်သမားအဖြစ် လုပ်ကိုင်ရန် ပို့ဆောင်ပေးမည်ဟု ခေါ်ယူခဲ့ပြီး ၎င်းတို့သုံးဦးထံမှ ပို့ဆောင်ခငွေကျပ် ၅၂၀၀၀၀ ရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် အကျိုးဆောင်လိုင်စင်မရှိဘဲ အခကြေးငွေရယူ၍ မလေးရှားနိုင်ငံသို့ ပို့ဆောင်ပေးမည့် ကိုသန်းနိုင်ကို မြောက်ပြင်ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက်ကံ)

## ပြည်တွင်းသတင်း

❄ ***ကျောဖုံးမှ***

လုပ်ငန်းစဉ်များအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများအား ခပ်သွက်သွက်လုပ်ဆောင်ပေးပါက ၂၀၁၅ ခုနှစ်အတွင်းမှာပင် လုပ်ငန်းများပြီးမြောက်နိုင်မည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် ကမ္ဘာ့ရေတိမ်ဒေသများနေ့တွင် ကြေညာနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မုတ္တမပင်လယ်ကွေ့အား အပြည်ပြည်ဆိုင်ရာ အရေးပါသောရေတိမ်ဒေသအဖြစ် အဆိုပြုသတ်မှတ်နိုင်ရေးနှင့် နယ်နိမိတ်ဧရိယာအတည်ပြုနိုင်ရေးဆိုင်ရာ ပြည်နယ်အဆင့်ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က မော်လမြိုင်မြို့ရှိ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ ကျင်းပခြင်းဖြစ်သည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအားမြန်မာနိုင်ငံ၏ ပထမဆုံးသော (Ramsar Site) အဖြစ် စာရင်းတင်သွင်း သတ်မှတ်နိုင်ခဲ့ပြီးနောက် ဒုတိယမြောက် အနေဖြင့် မုတ္တမပင်လယ်ကွေ့ကို သတ်မှတ်နိုင်ရန် မွန်ပြည်နယ် အစိုးရအပါအဝင် တာဝန်ရှိသူများက ကြိုးစားဖော်ဆောင်လာကြခြင်းပင် ဖြစ်သည်။

ရေတိမ်ဒေသဆိုသည်မှာ စိမ့်မြေ၊ ရွံ့နွံ၊ လဟာပြင်အပါအဝင် မြစ်ချောင်း၊ အင်းအိုင်၊ ရေချို၊ ရေငန်၊ ရေရှင်ဒေသများဖြစ်ကြပြီး သဘာဝအတိုင်း(သို့) လူတို့ပြုလုပ်ထားသော ဆည်မြောင်း၊ ရေကန်များနှင့် ပင်လယ်ကမ်းခြေ ဒီရေတောဒေသများ ပါဝင်သည်။ ဒီရေကျချိန်တွင် အနက် ခြောက်မီတာထက်နည်းသော ပင်လယ်ရေတိမ်ဒေသများကို ခေါ်သည်။ ရေတိမ်ဒေသများ၏ အခြေခံဂေဟစနစ်သည် ရေကိုထိန်းညှိသန့်စင်ပေးနိုင်ပြီး အပင်နှင့်သားငှက်တိရစ္ဆာန်များ၊ အထူးသဖြင့် ရေပျော်ငှက်များခိုလှုံကျက်စားရာအပြင် လူတို့အတွက် စီးပွားရေး၊ အစားအစာ၊ ယဉ်ကျေးမှုနှင့် အခြားအပန်းဖြေရေးတို့ကို ဖော်ဆောင်ပေးသည်။ ရေတိမ်ဒေသများသည် လျော့နည်းပျောက်ကွယ်သွားပါက အစားမရနိုင်သည့်အတွက်ယင်းတို့ကို ထိန်းသိမ်းရေးမှာ အလွန်အရေးပါသည်။

မုတ္တမပင်လယ်ကွေ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့ပါဝင်ပြီး ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်လျက်ရှိကာ (IUCN) ၏ အနီရောင်မှတ်တမ်းဝင် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုအခြေအနေနှင့် ကြုံတွေ့နေရသော ငှက်မျိုးစိတ်များ လာရောက်ဆောင်းခိုနေထိုင်ကြရာ နေရာဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် ငှက်ကောင်ရေ ၅၀၀ အောက်သာကျန်ရှိပြီး မျိုးသုဉ်းရန် အစိုးရိမ်ရဆုံးအဆင့်သို့ ရောက်ရှိနေသော ရေညှော်င်နှုတ်ဝိုင်းငှက်(ဒီလုံး) ငှက် ၅၀ ရာခိုင်နှုန်းခန့် နှစ်စဉ် လာရောက်ဆောင်းခိုနေထိုင်လျက်ရှိပြီး နှစ်စဉ် ဆောင်းခိုငှက်ကောင်ရေတစ်သိန်းခွဲမှ နှစ်သိန်းခန့်ထိ လာရောက် ကြောင်းလည်းသိရသည်။

ယနေ့ကျင်းပပြီးသော ဆွေးနွေးပွဲနှင့်ပတ်သက်ကာ ဒေါက်တာစောမွန်သိမ့်က

"ခုဆွေးနွေးပွဲကို ပြည်နယ်အစိုးရက အားပေးထောက်ခံပါတယ်။ကျွန်မတို့ဘက်ကလည်း ဒေသနေပြည်သူတွေ ကိုယ်ပိုင်ကိုယ့်နယ်မြေကို ထိန်းသိမ်းမယ်ဆိုတာကို ကတိကဝတ်ရချင်ပါတယ်။ ကျွန်မတို့ဘက်က လူထုအနေနဲ့ ကိုယ့်နယ်မြေမှာရှိတဲ့ အခြေခံကောင်းတွေကို ကိုယ့်ဘာသာထိန်းရမယ်ဆိုတဲ့အသိပေးချင်တာပါ။ပြည်နယ်အစိုးရကလည်း ခုလို NGO အဖွဲ့တွေ ခုလိုလုပ်တာ ဒီမိုကရေစီစနစ်နဲ့အညီ ပြည်သူလူထု ဗဟိုပြုလုပ်တာဖြစ်လို့ ပြည်နယ်အဆင့်၊ ပြည်သူလူထု၊ ပြည်ထောင်စုအဆင့်ထိပါ ညှိနှိုင်းပေါင်းစပ်ပေးတာ ဖြစ်တဲ့အတွက် အောင်မြင်မယ်လို့ ယုံကြည်တယ်၊ သူတို့ဘက်ကလည်း လိုအပ်တဲ့ပံ့ပိုးမှုတွေလုပ်သွားမယ်လို့ ပြောပါတယ်" ဟု ဆွေးနွေးပွဲအပြီး အောင်မြင်မှုရလဒ်အား အထက်ပါအတိုင်း ပြောကြားသွားသည်။

## ချောင်းဘေး၌ရေချိုးသော အမျိုးသမီး မိကျောင်းနှင့်တွေ့

**ဘိုကလေး ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာအုပ်စု ရွှေပြည်အေးကျေးရွာတွင် အမျိုးသမီးတစ်ဦးကို မိကျောင်းဆွဲခဲ့ရာ ကံကောင်းထောက်မစွာဖြင့် အန္တရာယ်ကင်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာအုပ်စု ရွှေပြည်အေးကျေးရွာတွင် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၅ နာရီခန့်က ဒေါ်သေးသေး (၃၈နှစ်) ကျပန်းလုပ်ကိုင်သူသည် အိမ်နောက်ဘက်ချောင်းဘေး ဓနိတောစပ်တွင်ရေခပ်ချိုးနေစဉ် ဓနိပင်များလှုပ်ယမ်းနေစဉ် ကြည့်လိုက်ရာ မိကျောင်းတစ်ကောင်ကို တွေ့ရှိခဲ့ကြောင်း၊ သို့ဖြစ်၍ လန့်ပြီး အော်နေစဉ် မိကျောင်းက လှမ်းဟပ်လိုက်သော်လည်း လူကိုမဆွဲမိဘဲ ဓနိပင်အုံကိုကိုက်မိနေစဉ်လူအများ ရောက်လာကြ၍ မိကျောင်းမှာ ရေထဲကူးသွားကြောင်း သိရသည်။

၎င်းနေရာမှာ ယခင်နှစ်က တတိယတန်း ကျောင်းသားလေး မောင်အာကာရေကူးနေစဉ် မိကျောင်းကိုက်သွားသည့်နေရာနှင့် လေးငါးလံသာခြားသည်။ စက်တင်ဘာလအတွင်းက ဆတ်ကျွန်းကျေးရွာအုပ်စု လဝိုင်းကျွန်းကျေးရွာက ကိုကုလားကြီးဆိုသူကို မိကျောင်းအဝါကျားကြီးမှ ကိုက်ချီသွားခဲ့သည်။ သို့ဖြစ်၍ ရေလုပ်သားများ ရေလုပ်ငန်းလုပ်ကိုင်ရာ အခက် တွေ့နေရကြောင်းကြား သိရသည်။ **ငွေးနိုင်(ဘိုကလေး)**

## စိတ်ကြွရူးသွပ်ဆေးပြား ၃၀၈၀ ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဖေဖော်ဝါရီ ၂၅ ရက်က မြင်းခြံခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မြင်းခြံမြို့ အမှတ်(၁၃) ရပ်ကွက်၊ သတိပဋ္ဌာန်လမ်းရှိ "ဒေါ်စော" အသုပ်ဆိုင်သို့ မော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ မစုစုခိုင်အား ရှာဖွေရာ ၎င်းစီးနင်းလာသည့် ဆိုင်ကယ်တူးဘောက်အတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် ၎င်းနေထိုင်ရာ



အမှတ် (၁၇) ရပ်ကွက်၊ နယ်မြေ (၂) ရှိ နေအိမ်အိပ်ခန်း ကြမ်းခင်းအံ့ဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ထပ်မံ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ ဆယ်ယူပေးသူ မြင်းခြံမြို့ အမှတ်(၃)ရပ်ကွက်၊ နယ်မြေ(၈)နေ ကွင်းဆက်တရားခံ လင်းအောင်ထွန်း၏နေအိမ်ကို သွားရောက်ရှာဖွေရာ မူးယစ်ဆေးဝါးသုံးပစ္စည်းကိရိယာများအား သိမ်းဆည်းရမိသဖြင့် မစုစုခိုင် (၃၇ နှစ်) နှင့် လင်းအောင်ထွန်း (၃၀နှစ်) တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## နတ်တလင်းမြို့၌ လူတစ်ဦး ရေတွင်းထဲကျသေဆုံး

**နတ်တလင်း ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့တွင် ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၀ နာရီခွဲက မြို့မရဲစခန်းတာဝန်မှူး တာဝန်ထမ်းဆောင်နေသော ဒုရဲအုပ်ကျော်မိုးထံ လူတစ်ဦးရေတွင်းထဲကျ၍ သေဆုံးနေကြောင်းသတင်းရသဖြင့် ရွာမရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအုန်းကြိုင်သက်သေ ဦးမြင့်ဝေတို့နှင့်အတူ အခင်းဖြစ်ရာနေရာသို့ သွားရောက်စစ်ဆေးကြည့်ရှုရာ သစ္စာလမ်းနေ ဦးကိုကိုကြီး၏ ခြံဝင်းအရှေ့ဘက်ရှိ ရေတွင်းထဲသို့လူတစ်ဦးကျပြီး သေဆုံးနေကြောင်းတွေ့ရှိရ၍ ရပ်ကွက်နေပြည်သူများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆယ်ယူခဲ့ကြသည်။ သေဆုံးသူမှာ အောင်နိုင်လင်း (၂၉ နှစ်) ဆေးသုတ်လုပ်သား အနောက်စုကျေးရွာတွင် နေထိုင်သူဖြစ်ကြောင်း သိရသည်။


စတင်တွေ့ရှိသူ မသင်းမွန် (၂၆ နှစ်)သည် ရေခပ်သွားစဉ်တွေ့ရှိခြင်းဖြစ်၍ဒုရဲအုပ်ကျော်မိုးနှင့်အဖွဲ့က ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

## နိုင်ငံဘက်စုံတည်ဆောက်စို့ မှန်မှန်ကန်ကန်အခွန်ပေးစို့


### ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်စန်းဝင်း ၁၂/သကတ(နိုင်)၁၂၂၀၆၆ ၏ CDC နံပါတ် 51564 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၅၂၉၈၆၊ ၀၉-၄၂၈၁၇၆၇၂၀**






### ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့မ(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ ကျွန်းကလေးပိုင်းရပ် ဦးပိုင်အမှတ် ဃ/၃၊ မြေချိန်ဧရိယာ ၀ဒသမ ၁၄၂၂ ဧကအား ပဲခူးတိုင်းဒေသကြီးမြို့မြေမှုအမှတ် ၈၅/ငါး/၉၃-၉၄ အရ ဦးလှအောင်-ဒေါ်ဝင်းအမည်ဖြင့် ၁၇-၁၂-၁၉၉၃ မှ ၁၆-၁၂-၂၀၂၃ အထိ နှစ်(၃၀)ဂရန်ရရှိခဲ့ပါသည်။ ယခုအခါ အဆိုပါဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မူလဂရန်အမည်ပေါက်သူမှ ဂရန်မိတ္တူမှန်ပြန်လည်ထုတ်ပေးရန် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးလှအောင်-ဒေါ်ဝင်း**

**၁၈၉၊ မန္တလေးလမ်း၊ မြို့မ(၄)ရပ်ကွက်၊ ညောင်လေးပင်မြို့**

### အမြန်ပြန်လာပါ



ကျွန်တော် ဦးစိုးနိုင် ၁၀/မလမ(နိုင်)၁၂၀၃၂၃၏ သားကြီး မောင်ကျော်ရဲနိုင် အသက်(၁၇)နှစ် ၉/အမဇ(နိုင်)၀၅၃၄၀၇သည် ၂၆-၂-၂၀၁၅ ရက် နံနက် ၉း၃၀နာရီတွင် နေအိမ်မှ ဒဂုံတက္ကသိုလ်သို့ ကျောင်းတက်သွားရာမှ ပြန်မရောက်လာသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သားကြီးအပြစ် အားလုံးခွင့်လွှတ်သည်။ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။

**ဖခင်-ဦးစိုးနိုင်**

**ဖုန်း-၀၉-၅၁၃၆၆၉၈၊ ၀၉-၉၇၅၇၄၃၇၅၇၊ ၀၉-၄၅၀၀၄၆၇၀၇**




### ပြည်ထဲရေးဝန်ကြီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည့် တပ်ဖွဲ့ဝင်များအသုံးပြုရန် တူညီဝတ်စုံ ပိတ်စ(ခဲ/ဖြူ/နက်ပြာ)များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၂) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၃-၂၀၁၅ရက်

(၃) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၉-၃-၂၀၁၅ရက်

(၄) **ကုမ္ပဏီ၏အချက်အလက်တင်ပြရန် နောက်ဆုံးရက်-** ၁၁-၃-၂၀၁၅ရက်

(၅) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၂-၃-၂၀၁၅ရက် နံနက် ၁၀ နာရီ

(၆) တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး၊ ရုံးအမှတ် (၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၆၇-၄၁၃၃၁၄၊ ၀၉-၄၃၀၀၁၆၈၁တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ပြည်ထဲရေးဝန်ကြီးဌာန**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ စံပြလမ်းနေ ဦးအောင်သန်း-ဒေါ်ခင်ဝေဝေတို့၏သား ကိုအောင်ကျော်ဇင်(ခ)အငယ်လေး ၅/မရန(နိုင်)၁၅၂၄၈၅သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးအောင်သန်း-ဒေါ်ခင်ဝေဝေ**

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အောက်ပါရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မဲရုံမှူးနှင့်မဲရုံဝန်ထမ်းများအတွက် အသင့်ချုပ်ပြီးဝတ်စုံ(အပေါ်ဝတ်)
(ခ) ဆန္ဒပြုခန်း (စက္ကူကတ်ထူ)
(ဂ) ပလတ်စတစ်မဲပုံး
(ဃ) ပလတ်စတစ်လုံခြုံရေးကြိုး
(င) ပလတ်စတစ်ခြင်းတောင်း (မဲထည့်သွင်းရေတွက်ရန်)
(စ) မင်အိုး (၂၄ နာရီအတွင်းဖျက်၍မရသည့်မင်)
(ဆ) လုံခြုံရေးကတ်ထည့်အိတ် (လွယ်ကြိုးအပါအဝင်)
(ဇ) စတစ်ကာ
(ဈ) ဆန္ဒပြုအမှန်တံဆိပ်တုံး
(ည) ချိတ်ထိုးတံဆိပ်တုံး
(ဋ) ချိတ်တောင့်
(ဌ) ဆာလာအိတ် (အကြီး/အသေး)

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/ သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ဖြင့် ၃-၃-၂၀၁၅ ရက်မှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင် အဆိုပြုလွှာ တင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ မိမိတို့ ပေးသွင်းနိုင်သည့် တင်ဒါအမျိုးအမည်၊ ပုံစံ၊ တန်ဖိုး၊ ရရှိနိုင်သည့်အရောင်၊ပေးသွင်းနိုင်သည့်အရေအတွက်တို့ကို ဖော်ပြ၍ တင်ဒါအဆိုပြုလွှာများကို ၁၆-၃-၂၀၁၅ရက်မှစတင်၍ ၂၃-၃-၂၀၁၅ ရက် ၁၆း၀၀ နောက်ဆုံးထားပြီး ရုံးအမှတ်(၂၂) သို့ လာရောက် တင်သွင်းရမည်ဖြစ်ပါသည်။သတ်မှတ်ရက် ကျော်လွန်ရောက်ရှိလာသော အဆိုပြုလွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ် (၂၂) ဖုန်း-၀၆၇-၄၀၄၃၁၁၊ ၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၂၃၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# (၅၀) မဂ္ဂါဝပ်ဓာတ်အားပေး စက်ရုံစီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်သဘောတူစာချုပ်ချုပ်ဆို

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Sumitomo Corporation (JAPAN) တို့၏ သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီဖြင့် တည်ဆောက်မည့် ၅၀ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံစီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် သဘောတူစာချုပ် ချုပ်ဆိုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၁ နာရီခွဲက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Sumitomo Corporation (JAPAN) မှ General Manager Mr.Kazushi Matunoki နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ကို ဇောတိကကမ်းလွန်သဘာဝဓာတ်ငွေ့မှ ရရှိမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ တောင်ဒဂုံဘားရုံမှ ၂၀ လက်မ ဓာတ်ငွေ့ပိုက်လိုင်း အရှည်မိုင် ၂၀ ကို တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ထွက်ရှိလာသောဓာတ်အားကို သီလဝါစက်မှုဇုန်အတွင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီဖြင့် တည်ဆောက်မည့် ၂၃၀/၃၃ ကေဗွီ ၂၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ ချိတ်ဆက်ပြီး သီလဝါအထူးစီးပွားရေးဇုန်သို့ အဓိကဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။



သီလဝါအထူးစီးပွားရေးဇုန်အတွင်း စက်ရုံများတပ်ဆင်ကာလအတွင်း ဓာတ်အားသုံးစွဲနိုင်ရန်အတွက် ၂၃၀/၃၃ ကေဗွီ သန်လျင်-ဘုရားကုန်း ဓာတ်အားခွဲရုံမှ လက်ရှိ ၃၃ ကေဗွီလိုင်းများဖြင့် ဓာတ်အားပို့လွှတ်ပေးနိုင်မည့်အပြင် သီးခြား ၃၃ ကေဗွီလိုင်းနှစ်ခုကို ဘုရားကုန်းခွဲရုံမှ သီလဝါအထူးစီးပွားရေးဇုန်သို့ တည်ဆောက်လျက်ရှိကြောင်းနှင့် ၂၃၀/၃၃ ကေဗွီ ၂၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီများဖြင့် ဆောင် ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ကျေးရွာချင်းဆက်ကျောက်ချောလမ်း အဆင့်တိုးမြှင့် ကတ္တရာခင်း

**ဖြူး ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နှင့်မြို့ပြ ရာသီမရွေး ဆက်သွယ်သွားလာမှု မြန်ဆန်ချောမွေ့စေရေးတို့အတွက် ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ အသစ်တိုးချဲ့တည်ဆောက်ဖောက်လုပ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ အဆင့်တိုးမြှင့်ခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိရာ မြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်ရန်ပုံငွေဖြင့် အရှည် ပေ ၁၂ မိုင်ကျော်၊ အကျယ် ၁၂ ပေ ကျောက်ချောလမ်းအား အရှည် နှစ်မိုင် ခုနစ်ဖာလုံ အဆင့်မြှင့်တင် ကတ္တရာလမ်းခင်းရန်အတွက် ရန်ပုံငွေကျပ် ၂၇၆ သန်း အကုန်အကျခံ၍ ၁၅-၂-၂၀၁၅ ရက်မှ စတင်၍ Aroma Rose Co., Ltd. က တာဝန်ယူအဆင့်မြှင့်တင် ကတ္တရာခင်းလျက်ရှိရာ ၂၄-၂-၂၀၁၅ ရက်အထိ ၉၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ဖြူး- ဘန်းလောင်လမ်းကို ဖြူးမြို့မှ စစ်တောင်းမြစ်ဘေးရှိ ဘန်းလောင်ရွာအထိ အရှည် ၁၂ မိုင်ကျော်၊ အကျယ် ၁၂ ပေလမ်း အား ကျောက်ချောလမ်းအဖြစ် ခင်းကျင်းပြီးစီးသွားသဖြင့် ဘန်းလောင်ကျေးရွာအုပ်စု၊ ကျောက်စောင်းကျေးရွာအုပ်စု၊ လှသင်းမောင်ကျေးရွာအုပ်စု၊ ကျော်လှကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာအုပ်စုတို့အတွင်းရှိ ကျေးရွာခွဲ ၂၂ ရွာမှ ကျေးလက်နေပြည်သူများ ရာသီမရွေး ကုန်စည်ပို့ဆောင်ရေးနှင့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စအဝဝတို့ကို မြို့ပြနှင့် လျင်မြန်သွက်လက်စွာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လုပ်ကိုင် နိုင်ကြပြီဖြစ်၍ အထူးဝမ်းသာ ပျော်ရွှင်လျက်ရှိကြကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ဖြူး-မြင့်ဦး**

# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး



**ပျဉ်းမနား ဖေဖော်ဝါရီ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁နာရီက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပျဉ်းမနား မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝင်းစိုးက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ၊ ဇီဝလုံခြုံရေး အသိပညာများ၊ ခြံဖျန်းဆေး စနစ်များအကြောင်းကို တက်ရောက်လာကြသော ကြက်မွေးမြူရေးလုပ်ကိုင်နေသူများ၊ ကြက်ရောင်းဝယ်ရေး ဒိုင်များစသည်တို့ကို အကျယ်တဝင့် ဆွေးနွေးပြောကြားကာ အခမ်းအနားသို့ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးဇေယျာ**

# ထိုင်းဘတ်ငွေ ၅၅၀၀၀ ပါ ပိုက်ဆံအိတ်တစ်လုံး ပိုင်ရှင်ထံပေးအပ်

**တာချီလိတ် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းက အမှတ်(၁) ချစ်ကြည်ရေးတံတားထိပ်ရှိ အဝိုင်းပတ်အနီး၌ ပိုင်ရှင်မဲ့ကောက်ရသည့် အမျိုးသမီးလက်ကိုင်ပိုက်ဆံအိတ်အတွင်းပါရှိသည့် ထိုင်းဘတ်ငွေ ၅၅၀၀၀၊ မိုဘိုင်းဖုန်းနှစ်လုံး၊ မြန်မာ MPT ဖုန်းကတ်တစ်ကတ်၊ Bangkok Bank ငွေသွင်း ငွေထုတ်ကတ် တစ်ကတ်ကို ပိုင်ရှင်ဖြစ်သူ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နေထိုင်သူအား အသိသက်သေများရှေ့မှောက်တွင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) သတ္တုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးမြင့်ဦးသည် တာချီလိတ်မြို့အမှတ်(၁)ချစ်ကြည်ရေး တံတားထိပ်အဝိုင်းပတ်အနီးတွင် ပိုင်ရှင်မဲ့ အမျိုးသမီးလက်ကိုင်ပိုက်ဆံအိတ်တစ်လုံးကိုတွေ့ရှိသဖြင့် အနီးရှိ ရှမ်းဝိုင်းဆိုင်ကယ် ဂိတ်မှ ဆိုင်ကယ် မောင်းသူအား မူလပိုင်ရှင်ထံ ပြန်လည် အပ်နှံနိုင်ရေးဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ယင်းဂိတ်မှ ဆိုင်ကယ်မောင်းသူများက အနီးရှိ မထသဂိတ်မှူးဖြစ်သူ ဦးလှမြင့်ထံ ခေတ္တအပ်နှံပေးထားသည်။ ဆက်လက်၍ ပိုင်ရှင်အားဆက်သွယ်ရန် စောင့်ဆိုင်းစဉ် လက်ကိုင်အိတ်ပိုင်ရှင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နေ မှတ်ပုံတင်အမှတ် Nationality No.1-5707-00092-28-9 ကိုင်ဆောင်သူ Miss. Thamon-on က ၎င်းပိုင်လက်ကိုင်ပိုက်ဆံအိတ် ကျပျောက်ကြောင်း ဖုန်းဆက်အကြောင်းကြားလာ၍ လာယူမည်ဟု ပြောကြားပြီး လာရောက်ကာဖုန်းရှိလော့ အားဖွင့်ခြင်း၊ နိုင်ငံသားမှတ်ပုံတင်ပြသခြင်း၊ အိတ်အတွင်းငွေပါရှိမှု အရေအတွက်တို့ ပြောခြင်းစသည့် အထောက်အထားများ ပြောဆိုသဖြင့် အသိသက်သေများရှေ့မှောက်၌ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

**ဝေယံလင်း(iprd)**

## ပြည်တွင်းသတင်း

### သတင်းတိုများ

## စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်

ရခိုင်ပြည်နယ် အမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမှုနဒီခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက လူထုဗဟိုပြုစီမံကိန်း စည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းကျော်က အမှာစကားပြောကြားခဲ့ပြီး အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီက လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ လူထုဗဟိုပြု စီမံကိန်းသင်တန်းတာဝန်ခံ ဒေါ်တင်မာလွင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းကို လူထုစည်းရုံးရေးမှူး ၃၁ဦး၊ လက်ထောက်နည်းပညာမှူး ၁၇ ဦး စုစုပေါင်း ၄၈ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းမောင်(အမ်း)**

## ရေအားလျှပ်စစ်ဖြင့် ကျေးရွာလုံးကျွတ်မီးလင်း

အင်္ဂပူ မြို့နယ် ကညွှတ်ကွင်းကျေးရွာအုပ်စု ကညွှတ်ကွင်းကျေးရွာတွင် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄နာရီက နန်ကသူဆည် ရေအားလျှပ်စစ်ဖြင့် ကညွှတ်ကွင်းကျေးရွာလုံးကျွတ် မီးလင်းခြင်းအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ နန်ကသူဆည် ရေအားလျှပ်စစ်ဖြင့် ကညွှတ်ကွင်းကျေးရွာလုံးကျွတ်မီးလင်းခြင်း အထိမ်းအမှတ် ထရန်စဖော်မာကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ လျှပ်စစ်နှင့် စက်မှုဌာနဝန်ကြီး ဦးစောမြသိန်း၊ ဆည်မြောင်းဦးစီးဌာန အထူးစီမံကိန်းညွှန်ကြားရေးမှူး ဦးဘိုဘိုကျော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန် တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ် ဦးသိန်းအောင်က ကညွှတ်ကွင်းကျေးရွာ မီးစတင်သုံးစွဲမှုကို မီးခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **မန်းကျော်**

## မဟီရာနဒီ စာကြည့်တိုက်ဖွင့်

**တောင်ကုတ် ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် မအီမြို့တွင် မဟီရာနဒီ စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က အဆိုပါ မဟီရာနဒီစာကြည့်တိုက် အဆောက်အအုံရှေ့ရှိ မြက်ခင်းပြင်၌ ကျင်းပရာ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ငွေမိုးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(၁၅၇)**

## အရန်သားဖွားသင်တန်း ဆင်းပွဲကျင်းပ

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားသင်တန်း (၁/၂၀၁၄) ဆင်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရွှေဝင်းနှင့် ဝန်ထမ်းများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဦးစီးအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားခဲ့ပြီး သင်တန်းသားများအတွက် ထောက်ပံ့ပစ္စည်းဆေးသေတ္တာများကို တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်သည်။

**(ခရိုင် ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး သိဂ်ၤါရပ်ကွက် မင်္ဂလာဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် မီးငြိမ်းသတ် နည်း လက်တွေ့သရုပ်ပြလေ့ကျင့်နေမှုကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက တိုင်းမီးသတ်ဦးစီးဦးဆောင်၍ သန္တေမီးသတ်တပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသည်ယာဉ်တစ်စီးတို့ဖြင့် လက်တွေ့သရုပ်ပြသလေ့ကျင့်စဉ်။

အိမ့်ထက်မှူး

ပြည်တွင်းသတင်း

# ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပ



**တပ်ကုန်း ဖေဖော်ဝါရီ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အနောက်ဘက် ၁၅ မိုင်ခန့် ဝေးကွာသော တောင်ရိုးအနောက်မှ အိုင့်ကျယ်ကျေးရွာ၌ ရွာလုံးကျွတ်ဆိုလာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် ညနေက ကျေးရွာ ဘုရားကုန်းမြေတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် ဦးမြင့်ရွှေတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အိုင့်ကျယ်ကျေးရွာသည် ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး လျှပ်စစ်မီးရရှိရန် မလွယ်ကူပေ။ ယခုအခါတွင် နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးဖြည့်စွက်ရန်ပုံငွေဖြင့် ငွေကျပ်သန်းပေါင်း ၆၇ ဒသမ ၈၀ အကုန်အကျခံ၍ ကျေးရွာရှိအိမ်ပေါင်း ၃၃၉ အိမ်ကို တစ်အိမ်လျှင် နှစ်သိန်းခန့် တန်ဖိုးရှိသော ဆိုလာပြား၊ ဘက်ထရီအိုး၊ အင်ဗာတာ၊မီးသီး၊ မီးကြိုး၊ မီးချောင်းများ တပ်ဆင်ပေးခဲ့သည်။

အစိုးရအထက်တန်းကျောင်းမှ ကျောင်းဆရာတစ်ဦးက ကျောင်းတွင် တက္ကသိုလ်ဝင်တန်းကျောင်းသား ၆၆ ဦးရှိပြီး ဆိုလာမီး ငါးစုံ တပ်ဆင်ပေးခဲ့သဖြင့် ညစာကျက် ရာတွင် ကျောင်းသားများ အဆင်ပြေ၍ မီးများလင်းထိန်လျက်ရှိကြောင်း သိရသည်။

(ဝ၂၁)

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြော

**ဟိုပုံး ဖေဖော်ဝါရီ ၂၈**

ကမ္ဘာ့ကုန်းမြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိရာ သစ်ပင်များ ခုတ်ထွင်မှုကြောင့် သစ်တောများ ပြုန်းတီးကာ သဘာဝဘေးဒဏ်များ ဖြစ်ပေါ်နေသောကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စဝေါ ကျေးရွာအုပ်စု၊ ကျောက်ကချားကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီခွဲက ဟိုပုံးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးခွန်အောင်ဆန်းက တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ကြောင်း သိရှိရသည်။

ထို့နောက် စဝေါကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးဖြူက ပအိုဝ်းဘာသာစကားဖြင့် ထပ်မံဖြည့်စွက်ရှင်းလင်းဟောပြောကာ ဒေသခံပြည်သူများက သစ်တောကြိုးဝိုင်းနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်အလက်များမေးမြန်းကာ သစ်တောဦးစီးဌာန တာဝန်ရှိသူများက ပြန်လည် ဖြေကြားဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲသို့ စဝေါကျေးရွာအုပ်စုရှိ ကျေးရွာ ၁၂ ရွာ၊ ဒေသခံပြည်သူ ၂၅၀ ခန့် တက်ရောက်ကြောင်းသိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# အမျိုးသားပညာရေးဥပဒေကို ပြန်လည်ပြင်ဆင်သည့် ဥပဒေမူကြမ်း ရှင်းလင်း

**လှိုင်ကော် ဖေဖော်ဝါရီ ၂၈**

ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မင်းရဲကျော်စွာခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် အမျိုးသားပညာရေးဥပဒေကို ပြန်လည်ပြင်ဆင်သည့် ဥပဒေမူကြမ်း မြို့နယ်အဆင့် ရှင်းလင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူးဦးတိုးလှက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပညာရေးကို ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးပါ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေကြောင်း၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာအောင် ဆောင်ရွက်နေကြောင်း၊ မူလတန်းနှင့် အလယ်တန်းအဆင့်တွင် အခမဲ့ပညာရေးဆောင်ရွက်ပြီး ဖြစ်သကဲ့သို့ အဆင့်ဆင့်တိုင်းမှာ အခမဲ့ပညာရေးဖြစ်အောင် ဆောင်ရွက်နေကြောင်း၊ တိုင်းပြည်အတွက် အနာဂတ်ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းရန်နှင့် ပညာရေးပို၍ကောင်းအောင် ဆောင်ရွက်နေကြောင်း၊ တက်ရောက်လာသော ကျောင်းအုပ်ကြီးများက ပွင့်လင်းစွာ ဆွေးနွေးအကြံပြုစေလိုကြောင်း ပြောကြားခဲ့သည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အမျိုးသားပညာရေးဥပဒေ ပြန်လည်ပြင်ဆင်သည့် ဥပဒေကြမ်းကို မူလဥပဒေနှင့် နှိုင်းယှဉ် ရှင်းလင်းဖတ်ကြားခဲ့သည်။ ဆက်လက်ပြီး တက်ရောက်လာသည့် ကျောင်းအုပ်ကြီးများက ဆွေးနွေးတင်ပြခဲ့ကြသည်။

**ရဲနောင်(လွိုင်ကော်)**

# ယခုနှစ်အတွင်း အများပိုင်ယာဉ်လိုင်းအဖြစ် ပြောင်းလဲပြေးဆွဲနိုင်မည်



**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်မြို့တော် မြို့ပြသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို ယခုနှစ်အတွင်း အများပိုင် ခရီးသည် ယာဉ်လိုင်းများအဖြစ် စတင်ပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ခရီးသည်များ သွားလာမှု အဆင်ပြေစေရေးအတွက် ရန်ကုန်မြို့ရဲ့ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းကို ပုဂ္ဂလိကပိုင်အဖြစ်ကနေ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖို့ စီစဉ်လျက်ရှိရာမှာ ယခုနှစ်အတွင်း အများပိုင်ယာဉ်လိုင်းများ စတင်ပြေးဆွဲနိုင်မှာဖြစ်ပါတယ်။ မော်တော်ယာဉ်လုပ်ငန်းရှင်တွေကိုလည်း အများပိုင်ယာဉ်လိုင်းတည်ထောင်နိုင်ဖို့ ဖိတ်ခေါ်ထားပါတယ်။ မကြာမီကာလအတွင်းမှာ အများပိုင်ယာဉ်လိုင်း စတင်ပြေးဆွဲနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

အဆိုပါအများပိုင် ယာဉ်လိုင်းများ ပြေးဆွဲရေး အစီအစဉ်သည် လွန်ခဲ့သည့် နှစ်ကုန်ပိုင်းက UMFCCI ၌ ကျင်းပခဲ့သော ရန်ကုန်မြို့ ယာဉ်ကြောသိပ်သည်းမှု လျှော့ချရေး ဆွေးနွေးခဲ့သည့် လမ်းပန်းဆက်သွယ်ရေးကို လုံခြုံချောမွေ့စေရေး ဆွေးနွေးပွဲတင်ပြချက်များ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ရန်ကုန်မြို့တွင် အများပိုင် ယာဉ်လိုင်းပြောင်းလဲရေးနှင့် အများပိုင်ကျောင်းကားများ အသုံးပြုသွားရန် စီစဉ်လျက်ရှိရာ ယခုအခါ အများပိုင် ယာဉ်လိုင်းများထွက်ပေါ်လာရေး တာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိသည်။

အများပိုင် ယာဉ်လိုင်းများ ထူထောင်ခြင်းဖြင့် ယာဉ်စည်းကမ်းချိုးဖောက် မောင်းနှင်ခြင်း မှတ်တိုင်များတွင် အချိန်ကြာမြင့်စွာ ပိတ်ဆို့ရပ်နားခြင်းများ လျော့နည်းသွားမည်ဖြစ်သည့်အပြင် ယာဉ်မောင်း ယာဉ်လုပ်သားများကိုလည်း လစာစနစ်ဖြင့် ခန့်ထားမည်ဖြစ်၍ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှာ ပိုမိုသွက်လက် မြန်ဆန်လာမည်ဖြစ်ကြောင်း အများပိုင်ယာဉ်လိုင်းပြောင်းလဲရေးတာဝန်ရှိသူတစ်ဦးက သုံးသပ်ထားသည်။

အများပိုင်ယာဉ်လိုင်း အဖြစ်ပြောင်းလဲပြေးဆွဲရာတွင် ကနဦးအနေဖြင့် မင်္ဂလာဒုံတွင် ဂိတ်ရင်းထားရှိပြီး ပြည်လမ်းမှ ကမ္ဘာအေးဘုရားလမ်း ၊ ယင်းမှ ဗိုလ်ချုပ်လမ်း၊ ယင်းမှတစ်ဆင့် ဗိုလ်တထောင်ဘုရားလမ်းအတိုင်း ပြေးဆွဲကာ အပြန်ခရီးအဖြစ် ကမ်းနားလမ်းမှ ဘုန်းကြီးလမ်းသို့ဝင်ပြီး ပြည်လမ်းသို့ ပြန်လည် ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ယာဉ်လိုင်းအပြီး ယာဉ်ကြောအခြေအနေပေါ်မူတည်၍ လမ်းကြောင်းသစ်များတိုးချဲ့ပြေးဆွဲသွားရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း -ကြဲတိုင်းအောင်**
**ဓာတ်ပုံ- သက္က**

သတင်းတိုများ

## တက္ကသိုလ်ဝင်တန်းစာမေးပွဲ မြို့နယ်အတွင်း စာစစ်ဌာန နှစ်ခုထားရှိ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် မတ်လ ၁၁ ရက်တွင် ကျင်းပမည့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် (အထက)လောင်းလုံး စာစစ်ဌာနနှင့် (အထက)ကမြောကင်းစာစစ်ဌာနပေါင်းနှစ်ခုရှိကြောင်း သိရသည်။ (အထက)လောင်းလုံးစာစစ်ဌာနတွင် ဘာသာတွဲ(၇) ဖြေဆိုသူ ၄၈ ဦးနှင့် ပြင်ပဖြေဆိုသူ တစ်ဦး စုစုပေါင်း ၄၉ ဦးရှိပြီး ဘာသာတွဲ(၁) ဖြေဆိုသူ ၂၉၈ ဦးနှင့် ပြင်ပဖြေဆိုသူ ၁၂၅ ဦးစုစုပေါင်း ၄၂၃ ဦးဖြေဆိုမည်ဖြစ်ပြီး (အထက)ကမြောကင်းစာစစ်ဌာနတွင် ဘာသာတွဲ(၇)ဖြေဆိုသူ ကိုးဦး၊ ပြင်ပဖြေဆိုသူ ၂၀၁ ဦးနှင့်ပြင်ပဖြေဆိုသူ ၆၀ စုစုပေါင်းဖြေဆိုသူ ၂၆၁ ဦး ဖြေဆိုမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ စာစစ်ဌာနနှစ်ခုတွင် ဖြေဆိုသူ ၅၅၆ ဦးနှင့် ပြင်ပဖြေဆိုသူ ၁၈၆ ဦးစုစုပေါင်း ၇၄၂ ဦး ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကျပ်တင်ပြီးငါး တစ်ကီလိုဂရမ် အိန္ဒိယရူပီးငွေ ၅၀၀ ရရှိ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပျဉ်းခုံလေးကျေးရွာတွင် ငါးများကျပ်တင်၍ တစ်ဖက်အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ကို တင်ပို့ရာ 1 kg လျှင် အိန္ဒိယ ရူပီး ငွေ ၅၀၀ အထိရရှိကြောင်း သိရသည်။

"ကျပ်တင်ပြီးသားငါးတွေကို ချင်းပြည်နယ် တီးတိန်၊ ရိဒ်မြို့တွေကို ပို့ပေးပါတယ်။ အဲဒီမှတစ်ဆင့် ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းကနေ မီဇိုရမ်ပြည်နယ်ဘက်ကိုပို့ပါတယ်။ မြန်မာငွေနဲ့ဆို တစ်ပိဿာ ငွေကျပ် ၁၂၀၀၀ ပါ။ သူတို့ဘက်မှာက ငါးရှားပါတယ်။ ကျပ်တင်ပြီးသားဆိုတော့ ကြာရှည်လည်းခံတယ်။ သူတို့ကတော့ လက်ဆောင်ပေးဖို့ အိမ်မှာစားဖို့ ဝယ်ကြတာပါ" ဟု ကျပ်တင်လုပ်ငန်းပိုင်ရှင် ဒေါ်လားဘူးလျံနီးက ပြောသည်။ ငါးများကို ကျပ်တင်ရာတွင် ငါးမြစ်ချင်းငါးများကိုသာ ရွေး၍ ကျပ်တင်ပြီး ငါးအစို ပိဿာ ၁၀၀ ကို ကျပ်တင်လျှင် ပိဿာ ၃၀ နီးပါးသာရကြောင်းသိရပြီး ငါးအစို တစ်ပိဿာ ငွေကျပ် ၂၆၀၀ ဈေးပေးရကြောင်း သိရသည်။ **သျှင်နေမင်း**

## ယဉ်ကျေးလိမ္မာဓမ္မကျောင်းတော် သုံးနှစ်ပြည့်အခမ်းအနား

ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု အုန်းတောဘုန်းတော်ကြီးကျောင်း၌ တနင်္ဂနွေနေ့တိုင်း သင်ကြားလျက်ရှိသော ဓမ္မကျောင်းတော် သုံးနှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ စတုတ္ထပတ်က ကျင်းပရာ အုန်းတောကျောင်းဆရာတော် ဦးနန္ဒဇဗက ဩဝါဒမိန့်ကြားခဲ့သည်။ အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ဒက္ခိဏသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းထွေးနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၅ ဦး တက်ရောက်ခဲ့ပြီး အခမ်းအနားတွင် ရေးဖြေဆုရ ကျောင်းသား ကျောင်းသူ ငါးဦး၊ နှုတ်ဖြေဆုရကျောင်းသား ကျောင်းသူ ငါးဦးကို ဆုများချီးမြှင့်ခဲ့သည်။ **ကိုကိုရှုပ**



နိုင်ငံတစ်ဝန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသော ဝက်သက်ဂျိုက်သိုးကာကွယ်ဆေးထိုးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၅ ရက်က သာယာဝတီခရိုင် မင်းလှမြို့အမှတ် (၇) ရပ်ကွက် အမက ပြည်တော်သာကျောင်း၌ ကျန်းမာရေးဝန်ထမ်းများက ပြည်သူလူထုအခြေပြု ကလေးများကို ကာကွယ်ဆေးထိုးနှံပေးစဉ်။ ပေါက်စ (iprd)

ပြည်တွင်းသတင်း

# တရားမဝင်သစ်ထုတ်လုပ်မှုများကို ထိရောက်စွာအရေးယူဆောင်ရွက်ရန်လိုအပ်

**ရေတာရှည် ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စုအတွင်းရှိ ဥယျာဉ်မှူးကျေးရွာနှင့် တမဆယ်ကျေးရွာများတွင် တရားမဝင် သစ်ထုတ်လုပ်မှုများကြောင့် ကျေးလက်လမ်းများ ပျက်စီးမှုများရှိနေသဖြင့် အရေးယူဆောင်ရွက်ပေးရန် ကျေးလက်နေဒေသခံများမှ လိုလားလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ရွာက ဆည်အောက်ခြေ ချောင်းမြောက်ဘက်ကမ်းမှာနေရတာ။ တံတားကလည်း ခနော်ခနဲ့၊ လမ်းတွေကလည်း သစ်လှည်းတွေ ညတိုင်းမောင်းလို့ ခုဆို ဆိုင်ကယ်စီးဖို့တောင်မလွယ်တော့ဘူး။ သစ်လှည်းတွေက ဆွာဆည်မြောက်ဘက်မှာရှိတဲ့ ကျွန်းတောစုရွာဘက်က နေဆင်းတာ။ ညတိုင်း ခုနစ်စီးကနေ ၁၄ စီးလောက်အထိဆင်းတယ်။ သိုင်းဝရွာတောင်ဘက် ဆည်မြောင်း တာပေါင်အတိုင်း ရေတာရှည်ကို မောင်းကြတယ်”ဟု တမဆယ်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

တရားမဝင်ကျွန်းသစ် ထုတ်ယူကြရာ၌ သစ်တောကြိုးဝိုင်းဒေသနေသူများက ယာစိုက်ခင်းအတွင်းရှိ အပင်များကို တစ်နှစ်ကြိုတင်၍ အပင်သတ်ခြင်း ဆောင်ရွက်ရာ တစ်ပင်လျှင် ငွေကျပ် ၅၀၀ ဖြင့် ပြန်လည်ရောင်းချကြောင်း၊ ရေတာရှည်မြို့နယ်တွင် စကွေး(မရိုးခုံ)၊ ဆိပ်ဆင်း၊ မြောင်သာမှတစ်ဆင့် ဖားအိုင်းပြေး ၁၅ မိုင်၊ကိုးပင်-သာဂရ ရိုးမဖြတ်ကျော် ကားလမ်းအတိုင်း တရားမဝင် သစ်ထုတ်လုပ်မှုများရှိနေဆဲဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး



အတိုင်းအတာအားဖြင့် သစ်တောဧရိယာများစွာ ကျဆင်းလျက်ရှိကာ ၄၇ ရာခိုင်နှုန်းကျော်သာ ရှိတော့ကြောင်း စစ်တမ်းများအရသိရပြီး သစ်တောများထိန်းသိမ်းရေးအတွက် အောက်ခြေတွင် ထိရောက်စွာ ကိုင်တွယ်သင့်ကြောင်း သုံးသပ်မှုများလည်း ရှိနေသည်။

**ကိုလွင်(ဆွာ)**

## ရတနာမှန်ကင်းစေတီတော် ပဋ္ဌာန်းပူဇော်ပွဲကျင်းပ

**ဟုမ္မလင်း ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ပင်ချယ်စိုက်ကွင်းအတွင်း တည်ထားကိုးကွယ်လျက်ရှိသော ဆုတောင်းပြည့်ရတနာမှန်ကင်းစေတီတော် ပဋ္ဌမအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပွဲပိတ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပသည်။

အသံမစဲ မဟာပဋ္ဌာန်းပွဲပိတ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ခလရ ၂၇၂ ပင်ချယ်စိုက်ကွင်း တာဝန်ခံ ဗိုလ်မှူးနေလင်းအောင်က အသံမစဲ မဟာပဋ္ဌာန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် အလှူရှင်များနှင့် တက်ရောက်လာကြသူများအား ကျေးဇူးတင်စကားပြောကြားပြီး နာယက ဆရာတော် ဘဒ္ဒန္တကေသရထံမှ နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို နာယူကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဒေသခံပြည်သူများက ဆရာတော် သံဃာတော် ၅၃ပါး၊ ရှင်သာမဏေ ၁၂ ပါးနှင့် သီလရှင် ၁၇ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

**နီတိုး**

## သမိုင်းဝင်အညာသီဟတောဆင်းတုတော် ဒေသစာရီ ကြွချီအပူဇော်ခံ

**ခင်ဦး ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ရှိ သမိုင်းဝင်အညာသီဟတောဘုရားဆင်းတုတော်ကို ခင်ဦးမြို့နယ်အတွင်းမှ ပြည်သူများ ပူဇော်နိုင်ရန် ဒေသစာရီလှည့်လည်ပင့်ဆောင်လျက်ရှိရာ ခင်ဦးမြို့သို့ ဖေဖော်ဝါရီ ၂၆ ရက်က ရောက်ရှိကြောင်း သိရသည်။

အညာသီဟတောရွှေဆင်းတုတော်ကို တပေါင်းလဆန်း ၉ ရက်က ရွှေဘိုမြို့ ရွှေတန်ဆာဘုရားမှ ခင်ဦးမြို့အနောက်ဘက် ကျေးရွာများသို့ ဒေသစာရီကြွချီပူဇော်ခံပြီး ခင်ဦးမြို့လယ်မွှာရုံ၌တစ်ညတာ ပူဇော်ခံလျက်ရှိသည်။ တပေါင်းလဆန်း ၁၀ရက်တွင် ခင်ဦးမြို့မှ အညာသီဟတောကုန်းတော်သို့ ပင့်ဆောင်ရာတွင် သပိတ်ကျင်းမြို့သို့ မြစ်ကြောင်းမှ ဆန်တက်ပင့်ဆောင် အပူဇော်ခံပြီး အညာသီဟတောရင်ပြင်တော်တွင် လပြည့်နေ့အထိ အပူဇော်ခံလျက်ဘုရားပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ ကျင်းပလျက်ရှိပြီး နှစ်စဉ်ပင့်ဆောင်ပူဇော်မြဲဖြစ်သော သီဟတောရွှေဆင်းတုတော်ကို မန္တလေးမြို့ ရွှေကျီးမြင်ဘုရားမှ ခင်ဦးမြို့နယ် အညာသီဟတောကုန်းတော်ပေါ်သို့ (၂၇)ကြိမ်မြောက် ပင့်ဆောင်ပူဇော်ခံမည်ဖြစ်ရာ ယခုနှစ်တွင် ရွှေဆင်းတုတော်၏ ရွှေစလွယ်တော်ကို ပိုမိုခိုင်ခန့်အောင် ငွေကျပ် သိန်း၂၀၀ ကျော် ကုန်ကျခံမွမ်းမံပြုပြင်ပူဇော်ထားခဲ့ကြောင်း သိရသည်။ ဘုရားပွဲတော်တွင် ရေကြောင်းမှ သင်္ဘောများ၊ မော်တော်၊ စက်လှေများ ဆိုက်ကပ်နိုင်ရန် စီစဉ်လျက် ကုန်းကြောင်းမှလည်း လမ်းတံတားများကောင်းမွန်နေပြီဖြစ်၍ နေ့ချင်းပြန်လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## ရေတာရှည်မြို့နယ်မီးသတ်ဦးစီးဌာနအတွက် ရေသယ်ယာဉ်သစ်တစ်စီးရောက်ရှိ

**ရေတာရှည် ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မီးသတ်ဦးစီးဌာနသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့သော ရေဂါလန် (၁၆၀၀) ဆံ့ CNJ အမျိုးအစား မီးသတ်ရေသယ်ယာဉ်သစ်တစ်စီး ဖေဖော်ဝါရီ ၂၄ ရက်က ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါယာဉ်သစ်တစ်စီးအပါအဝင် မြို့နယ်မီးသတ်ဦးစီးဌာနတွင် မီးသတ်ယာဉ် ခြောက်စီးအထိ ရှိသွားပြီဖြစ်ကြောင်း၊ ထို့အပြင် ဆွာမြို့တွင် မီးသတ်ယာဉ် တစ်စီး၊ သာဂရတွင် မီးသတ်ယာဉ် တစ်စီး၊ မြို့လှမြို့တွင် မီးသတ်ယာဉ် နှစ်စီး၊ ရေနီတွင် မီးသတ်ယာဉ် တစ်စီးရှိကာ တစ်မြို့နယ်လုံးအနေနှင့် မီးသတ်ယာဉ် ၁၁ စီးရှိ၍ မီးဘေးအန္တရာယ်ကြုံတွေ့ရပါက မီးသတ်ဦးစီးဌာနများက နိုင်နင်းစွာဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ထွန်းက ပြောသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် မီးဘေးအန္တရာယ်များကြောင့် ဆုံးရှုံးမှုများဖြစ်ပွားခြင်းကို လျှော့ချနိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မီးသတ်ဦးစီးဌာနများအတွက် မီးသတ်ယာဉ်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက ဖြည့်ဆည်းလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**





## လှည်းတန်းမီးပွိုင့်၌ ယာဉ်ကြောပိတ်ဆို့မှုများ ပြန်ဖြစ်လာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှု အများဆုံးနေရာတစ်ခုဖြစ်သော လှည်းတန်းမီးပွိုင့်အား ခုံးကျော်တံတားတည်ဆောက်ပေးပြီးနောက် ယာဉ်ကြောပိတ်ဆို့မှုအနည်းငယ်လျော့ကျခဲ့သော်လည်း ယခုအခါ အင်းစိန်လမ်းနှင့် လှည်းတန်းလမ်းဆုံ လှည်းတန်းမီးပွိုင့်တွင် နေ့စဉ် ယာဉ်ကြောပိတ်ဆို့မှုများ ပြန်လည်ဖြစ်ပေါ်နေကြောင်း၊ မီးပွိုင့်ကို ဒစ်ဂျစ်တယ်စနစ်သို့ပြောင်းလဲနိုင်ပါက ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်များအချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရမှုကို ပြေလျော့စေနိုင်မည်ဖြစ်ကြောင်း မြို့တွင်းပြေးဆွဲနေသော ယာဉ်မောင်းများက အကြံပြုပြောကြားသည်။

“ခရီးသည်ပို့ဆောင်ရတဲ့အချိန်ထက် ယာဉ်ကြောပိတ်လို့စောင့်ရတဲ့အချိန်၊ မီးပွိုင့်မှာစောင့်ရတဲ့အချိန်က ပိုများနေတယ်။ အရင်က နေ့စဉ်ဝင်ငွေကို ခန့်မှန်းလို့ရပေမယ့် အခုယာဉ်ကြောရှင်းတဲ့လမ်းက ရှားလာတော့ ခန့်မှန်းလို့မရတော့ဘူး။ ယာဉ်ကြောပိတ်တဲ့အထဲမှာ လှည်းတန်းမီးပွိုင့်ဟာ အကြာဆုံးပဲ။ ယာဉ်ဖြတ်သန်းဖို့အတွက် မီးပွိုင့်ကို ခလုပ်နှိပ်ပေးနေတာထက် မိနစ်သတ်မှတ်ပေးထားတဲ့ ဒစ်ဂျစ်တယ်စနစ်ကိုအသုံးပြုတာက ယာဉ်ကြောကြန့်ကြာမှုကို ဖြေရှင်းနိုင်လိမ့်မယ်လို့ထင်တယ်” ဟု အငှားယာဉ်မောင်းဦးမြင့်ဇော်က ပြောသည်။

လှည်းတန်းမီးပွိုင့်အနီးရှိ ဟံသာဝတီအဝိုင်းနှင့် ဦးဝိစာရအဝိုင်းများတွင်လည်း နေ့စဉ် ယာဉ်ကြောကြပ်လျက်ရှိသော်လည်း ယာဉ်ထိန်းရဲက ကြပ်မတ်ဆောင်ရွက်မှုကြောင့် ယာဉ်ကြောကြပ်မှုကို ဖြေရှင်းဆောင်ရွက်နိုင်လျက်ရှိပြီး မီးပွိုင့်များတွင်သာ ယာဉ်ကြောကြပ်ခြင်း၊ အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေရခြင်းတို့ကြောင့် ရန်ကုန်မြို့တွင်းမီးပွိုင့်အချို့နှင့် လှည်းတန်းမီးပွိုင့်အား မိနစ်သတ်မှတ်ထားသော ဒစ်ဂျစ်တယ်စနစ်ကို ပြောင်းလဲအသုံးပြုနိုင်ပါက မီးပွိုင့်တွင်ယာဉ်များအချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရမှုကို ပြေလျော့စေမည်ဖြစ်ကြောင်း လှည်းတန်းမီးပွိုင့်ကို နေ့စဉ်ဖြတ်သန်းနေသောယာဉ်မောင်းများက အကြံပြုပြောကြားကြသည်။

**(၁၆၄)**

## ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားရောင်းချသုံးစွဲသူများဖမ်းမိ

**တာချီလိတ် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ကော့မကိန်းကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းစိမ်းနှင့် အိုက်(စ်)များကို ရောင်းချသူနှင့် သုံးစွဲသူ ကိုးဦးအား ဖေဖော်ဝါရီ ၂၄ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်အထူးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့မကိန်းကျေးရွာနေ ဦးအားကော်၏ နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ရှင်ဖြစ်သူ ဦးအားကော်နှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသူ ဦးအိုက်စန်း၊ ဦးမန်နော်၊ ဦးအိုက်လွန်း၊ ဦးအောင်ဇော်ထိုက်နှင့် ဦးလီဖာတို့ငါးဦးအား နေအိမ်တွင် အသင့်တွေ့ရှိရပြီး ဦးအားကော်ဝတ်ဆင်ထားသည့် အင်္ကျီအိတ်ကပ်အတွင်းမှ WY စာတမ်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ (၁၅ ဂရမ်)နှင့် နေအိမ်အတွင်း အိပ်စင်အောက်တွင် ဝှက်ထားသော WY စာတမ်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၀ (၄ ဂရမ်ခန့်) စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ပြား ၁၉၀၊ ကာလတန်ဖိုးငွေကျပ် ၄၈၅၀၀၀ ခန့်ကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် ကော့မကိန်းကျေးရွာနေ မအားမြယ်၏နေအိမ်အား ဆက်လက်ရှာဖွေရာ မအားမြယ်အား နေအိမ်တွင် အသင့်တွေ့ရှိရပြီး ၎င်းနေအိမ် အိပ်ခန်းအတွင်းမှ WY စာတမ်းပါ လိမ္မော်ရောင်နှင့် အညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၃၉ ပြား (၅၃ ဒသမ ၉ ဂရမ်)၊ ကာလတန်ဖိုးငွေကျပ် ၁၃၄၇၅၀၀ ခန့်နှင့် ဘိန်းစိမ်း ၂၃၀ ဂရမ်ခန့်၊ ကာလတန်ဖိုးငွေကျပ် ၂၃၀၀၀၀ခန့်ကို တွေ့ရှိသိမ်းဆည်းမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် လွိုကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အိမ်ရှင်ဖြစ်သူ လွိုကြည်နှင့်အတူ မူးယစ်ဆေးဝါးသုံးရန် ရောက်ရှိနေသူ ရာဂျေတို့ကို နေအိမ်တွင် အသင့်တွေ့ရှိရပြီး လွိုကြည် ဝတ်ဆင်ထားသည့် အင်္ကျီအိတ်ကပ်အတွင်းမှ အိုက်(စ်) ဒသမ ၂ ဂရမ်ခန့်ပါ တစ်ထုပ်၊ ကာလ တန်ဖိုးငွေကျပ် ၄၆၀၀ ခန့်နှင့် နေအိမ်မီးဖိုချောင်အတွင်းမှ WY စာတမ်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ကိုးပြား (ဒသမ ၉ ဂရမ်)၊ ကာလတန်ဖိုးငွေကျပ် ၂၂၅၀၀ ခန်တို့ကို တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အမှုမှ စိတ်ကြွဆေးပြား၊ ဘိန်းစိမ်းနှင့် အိုက်(စ်)ရောင်းချသူနှင့် သုံးစွဲသူများအား တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

ပြည်တွင်းသတင်း

# တည်ငြိမ်အေးချမ်းမှုကိုလိုလားကြောင်း တောင်သာ၌ ဆန္ဒထုတ်ဖော်

**တောင်သာ ဖေဖော်ဝါရီ ၂၈**

ဒီမိုကရေစီ ရှင်သန်ရေးအတွက် နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုကို လိုလားကြောင်း တောင်သာမြို့နယ်မှ ပြည်သူအချို့က ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် တောင်သာမြို့ ဘူတာရုံအနီး မြေကွက်လပ်၌ စုစည်းပြီး သတ်မှတ်လမ်းကြောင်းအတိုင်း မြို့တွင်းသို့ ချီတက်ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။



ဆန္ဒထုတ်ဖော်ပွဲ၌ တောင်သာမြို့နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ပြည်သူ ၇၁၀ ပါဝင်လှည့်လည်ခဲ့ကြောင်း သိရသည်။ ရုံစည်ကြီးကျေးရွာမှ ကိုကျော်နိုင်က ဒီမိုကရေစီ အခွင့်အရေး အပြည့်အဝရရန် နိုင်ငံတည်ငြိမ်အေးချမ်းရန် လိုအပ်ကြောင်း၊ ဆူပူမှုနှင့် လက်နက်ကိုင်ဆန့်ကျင်မှုများကြောင့် တိုင်းပြည်မတိုးတက်နိုင်သကဲ့သို့ ပြည်သူအများ ဒုက္ခရောက်ရပြီး ဒီမိုကရေစီရှင်သန်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရေး၊ ဆူပူလှုပ်ရှားမှုနှင့် ဆူပူအောင်ဖန်တီးမှုများအား ဆန့်ကျင်ရေး၊ ၂၀၁၅ ခုနှစ်အား ငြိမ်းချမ်းရေးနှစ်အဖြစ် ဖော်ဆောင်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းရေးတို့အတွက် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း ပြောကြားသည်။

ဆန္ဒထုတ်ဖော်ပွဲ၌ ပါဝင်ခဲ့သူများက ဒီမိုကရေစီရှင်သန်ခိုင်မာရေး --ဒို့အရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး --ဒို့အရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး --ဒို့အရေး၊ ၂၀၁၅ ခုနှစ်ငြိမ်းချမ်းမှုဖော်ဆောင်ရေး --အောင်ရမည်ဟူသော ကြွေးကြော်သံများဖြင့် ဆန္ဒထုတ်ဖော်ခဲ့သည်။ တိုင်းရင်းသားလူမျိုးအားလုံး၏ တန်းတူအခွင့်အရေးများရရှိရန် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရန်လိုသည်။ တရားဥပဒေစိုးမိုးမှုရရှိရန် အေးချမ်းတည်ငြိမ်ဖို့လိုသည်။ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် အေးချမ်းတည်ငြိမ်ဖို့လိုသည်။ စာပေ၊ မီဒီယာတိုးတက်ရန် နိုင်ငံတော်အေးချမ်းတည်ငြိမ်ဖို့လိုသည်။ တည်ငြိမ်အေးချမ်း ဒီမိုကရေစီပန်း ပွင့်လန်းဝေဖြာ အေးချမ်းသာ စသည့် ပိုစတာဆိုင်းဘုတ်များ ကိုင်ဆောင်ပြီး ကြွေးကြော်သံများ ကြွေးကြော်၍ ငြိမ်ချမ်းစွာ စီတန်းလှည့်လည်ခဲ့ပြီး ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် ဆန္ဒထုတ်ဖော်မှု ပြီးဆုံးခဲ့ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

# ကသာမြို့နယ်မှ ရေထွက်ကုန် ငါးချဉ်ဈေးကွက်

ကသာမြို့သည် ဧရာဝတီမြစ်ကမ်းဘေးကို အခြေပြုတည်ရှိသည်။ ကသာမြို့သည် ဧရိယာစတုရန်းမိုင် ၈၆၅ ဒသမ ၆၈ ကျယ်ဝန်းပြီး ပင်လယ် ရေမျက်နှာပြင်အထက် ၃၁၃ ပေတွင် တည်ရှိကာ ဧရာဝတီမြစ်နှင့် ရွှေလီမြစ်ပေါင်းဆုံရာ ဧရာဝတီမြစ်ကမ်းဘေးကို အခြေပြုတည်ရှိသည်။ ကသာမြို့တွင် ရပ်ကွက်(၁၁) ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၂အုပ်စုနှင့် ကျေးရွာပေါင်း ၁၃၅ ရွာ ပါဝင်သည်။

ဧရာဝတီမြစ်နှင့် အင်းများကို အခြေပြုတည်ရှိသော မြို့ဖြစ်ရာ ရေထွက်ကုန်ဖြစ်သော ငါးအမျိုးမျိုးပေါများသည်။ ငါးများကို အစိမ်းအတိုင်းရောင်းချသကဲ့သို့ ဈေးကွက်အရ ငါးချဉ်ပြုလုပ်၍လည်း ရောင်းချကြသည်။ ကသာငါးချဉ်ကို အနယ်နယ်အရပ်ရပ်မှ စားသောက်သူများ အကြိုက်တွေ့ကြပြီး ကသာမြို့၏ နာမည်ကျော် ထွက်ကုန်ဖြစ်သော်လည်း ငါးချဉ်ဖြစ်အောင် အဆင့်ဆင့်လုပ်ဆောင်ရမှုကို သိသူနည်းပါးသည်။

ကသာငါးချဉ်များ ပြုလုပ်ရန်အတွက် ကသာမြို့နယ်ရှိ အင်းများမှ ထွက်သော ငါးလူး၊ ငါးပြေက်(ခ) ဒင်္ဂါးနှင့် ငါးသေး၊ ငါးလတ်များကို ဝယ်ယူစုဆောင်းကြရသည်။ ထို့နောက် ငါးခေါင်းဖြတ်ခြင်း၊ အခါးခတ်လျော့နည်းစေရန် ငါးချေးဖောက်ခြင်းများ ပြုလုပ်ပြီး ရေစင်အောင် ဆေးရသည်။ အထက်ပါ သန့်စင်သည့်အဆင့်အတွက် အလုပ်သမားကို ငါး ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ငှားရသည်။ ငါးချဉ်လုပ်ရာတွင် ဖယ်ရှားပစ်သော ငါးခေါင်းများကိုလည်း စွန့်ပစ်ခြင်း မပြုဘဲ မွေးမြူရေးလုပ်ငန်းအကျိုးပြု ဝက်စာနှင့် ကြက်စာများအဖြစ် ပြန်လည်အသုံးပြုပြီး ငါးချေးများကိုလည်း မီးပြင်းပြင်းဖြင့်ကျို၍ အဆီအဖြစ် သစ်တောဦးစီးဌာနသို့ ရောင်းချကြောင်း၊ ငါးအဆီကို သစ်တောဦးစီးဌာနရှိ ဆင်များ ပုခုံးမပေါက်စေရေးအတွက် ဆင်ပုခက်ကိုသုတ်လိမ်းရာ၌ အသုံးပြုကြောင်း သိရသည်။

သန့်စင်ဆေးကြောထားပြီးသော ငါးများကို ရေစစ်၍ အသင့်ချက်ထားသော မနော်ဆန်နှင့် စောရှုတ်ဆန်မာများဖြင့် ပေါင်းချက်ထားသည့် ထမင်းနှင့် ငါးပိဿာချိန် ၁၀၀ လျှင် ဆန် ခြောက်ပြည်နှုန်း၊ ဆားငါးပိဿာနှုန်းဖြင့် ရောနှောကာ ငါးချဉ်နယ်ဆုံထဲတွင် သမအောင် ယောက်မဖြင့် အထက်အောက် မွှေရသည်။ ထို့နောက် ၂၅ ကျပ်သားထုပ်မှစ၍ ငါးပိဿာ၊ ၁၀ ပိဿာနှင့် ၁၅ ပိဿာအစရှိသည့် အထုပ်အမျိုးမျိုးကို အင်ဖက်များဖြင့်ထုပ်၍ ရောင်းချရခြင်းဖြစ်သည်။

ငါးချဉ်လုပ်ငန်းသည် အစဉ်အမြဲရာသီမရွေး လုပ်နိုင်သောလုပ်ငန်းမဟုတ်ဘဲ အင်းပိတ်ရာသီ သီတင်းကျွတ်လမှစ၍ တပေါင်းလခန့်အထိသာ လုပ်ရသောလုပ်ငန်းဖြစ်ကြောင်း ကသာမြို့ ရပ်ကွက်(၁) ဘုရားသုံးဆူလမ်းနေ ငါးချဉ်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးထွန်းထွန်းဦးက ပြောပြသည်။ ကသာငါးချဉ်များကို နယ်သို့တင်ပို့ရာတွင် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ဈေးခန့်ဖြင့် ရောင်းချသည်။ ကသာခရိုင်အတွင်းရှိ ကသာ၊ ကောလင်း၊ ဝန်းသို၊ ဗန်းမောက်၊ မော်လူးမြို့များက အဓိကဝယ်ယူကြပြီး အခြားမြို့များမှ မှာယူရာသို့လည်း ပို့ဆောင် ရောင်းချလျက်ရှိကြောင်း သိရသည်။ **ရဲကို(ကသာ)**

# မီးငြှိမ်းသတ်မှု လက်တွေ့သရုပ်ပြပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးစစ်ဆေး

**ချောင်းဦး ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့တွင် မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လက်တွေ့မီးငြှိမ်းသတ်မှု သရုပ်ပြပွဲကို ချောင်းဦးမြို့မဈေး၌ ဖေဖော်ဝါရီ ၂၅ ရက်က ပြုလုပ်ကြောင်း သိရသည်။

မီးငြှိမ်းသတ်မှု သရုပ်ပြရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ကားသုံးစီးဖြင့် လက်တွေ့သရုပ်ပြသခဲ့ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကျော်လွင်ဦးကလည်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်း တပ်ဆင်ထားသော လျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းနေခြင်း၊ ပေါက်နေခြင်းများ ရှိ၊ မရှိကို လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။



သရုပ်ပြပွဲသို့ ချောင်းဦးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်သိန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမျိုးညွှန့်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်အောင်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကျော်လွင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဈေးသူ ဈေးသားများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာ (ငါးကဏ္ဍ) စီမံကိန်း အရင်းမပျောက် မတည်ရန်ပုံငွေပေးအပ်

**မြင်းခြံ ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်း ကျေးရွာများအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ငါးကဏ္ဍ) အရင်းမပျောက်မတည်ရန်ပုံငွေပေးအပ်ပွဲကို မြင်းခြံမြို့ရှိ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ယခုပေးအပ်သော မြစိမ်းရောင်ရန်ပုံငွေ (ငါးကဏ္ဍ)ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြင်းခြံခရိုင်အတွင်းမှ ရွာသုံးရွာသာရရှိသဖြင့် အကျိုးရှိစွာ အသုံးပြုနိုင်ရေးနှင့် အရင်းမပျောက်လည်ပတ်နိုင်ရေးအတွက် အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသော်ထွန်းဦးက မြစိမ်းရောင်ကျေးရွာ (ငါးကဏ္ဍ)ရန်ပုံငွေ ရရှိသောကျေးရွာများအနေဖြင့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်သာ အသုံးပြုရေး၊ ဖွဲ့စည်းပေးထားသည့် ကျေးရွာကော်မတီများကလည်း ရရှိသည့်ရန်ပုံငွေများကို စနစ်တကျစာရင်းများ ပြုစုရေးသွင်းထားရေးတို့ကို မှာကြားသည်။ မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ) ရန်ပုံငွေကို မြင်းခြံမြို့နယ်မှ ထနောင်းကုန်းကျေးရွာနှင့် ဂျုပ်ပင်ကျေးရွာ၊ တောင်သာမြို့နယ်မှ သာပေါင်းလေးကျေးရွာတို့က ရရှိကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ငါးကဏ္ဍ)ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသော်ထွန်းဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်တို့က ကျေးရွာ သုံးရွာမှ ကော်မတီများထံသို့ ပေးအပ်ခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရန်ပုံငွေရရှိသည့်ကျေးရွာများမှ ကော်မတီအဖွဲ့ဝင်များ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**



# ကျေးရွာအလကာ၌ ကျောင်းဆောင်သစ်တည်ဆောက်

**ဖားကန့် ဖေဖော်ဝါရီ ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ်ကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ကျောင်းဆောင်သစ်သည် သွပ်မိုး၊အုတ်ကာနှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကနဦးမတည်အလှူရှင်များအဖြစ် ဆယ်ဇင်းကျေးရွာနေ ဦးမြေပုံ မိသားစုက ကျပ်သိန်း ၅၀ နှင့် ဦးချစ်ကိုမိသားစုက ငွေကျပ် ၁၀ သိန်းမတည်ကာ စုပေါင်းအလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခန့်မှန်းကုန်ကျငွေမှာ ငွေကျပ်သိန်း ၉၀၀ ခန့်ရှိကြောင်း၊ ယခုအခါ ကျောင်းဆောင်သစ်ဆောက်လုပ်မှုမှာ လေးပုံတစ်ပုံခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ စာသင်ခန်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ကျောင်းဆောင်သစ်ကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **နီတိုး**

# ငါးလုပ်ငန်းဆိုင်ရာ မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ခင်ဦး ဖေဖော်ဝါရီ ၂၈**

ငါးလုပ်ငန်းဦးစီးဌာန၏ ငါးလုပ်ငန်းဆိုင်ရာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲကို စစ်ကိုင်း တိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရုံးစုကျေးရွာ မြစိမ်းရောင်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးက ငါးလုပ်ငန်းဆိုင်ရာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးမှူးတို့က ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ရုံးစုကျေးရွာ မြစိမ်းရောင်ကော်မတီဥက္ကဋ္ဌ ဦးငွေဒေါင်းအား လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

ပြည်တွင်းသတင်း

## ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိ

**တောင်သာ ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ပဲခင်းကျော်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တင်ဒါစနစ်ဖြင့်ဆောင်ရွက်ခဲ့သော ဆိုလာစနစ်ဖြင့် ဓာတ်အားပေးရေးလုပ်ငန်းဖွင့်ပွဲကို တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်က အမှာစကားပြောကြားပြီး တောင်သာမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အခမဲ့ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကျွဲတလင်း၊ တောင်လုလင်၊ ကျူချောင်း၊ အင်ကြင်းသာတော၊ ရန်ကင်းသာစည်ကျေးရွာများ၌ မီးရရှိနေပြီဖြစ်ပြီး ယခုပဲခင်းကျော်ကျေးရွာလည်း မီးရရှိပြီဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် မြို့ပြနှင့်ကျေးလက်ဒေသ လူမှုစီးပွားဘဝ ကွာဟမှုကျဉ်းမြောင်းစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ ဆိုလာစနစ်ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိခြင်း၊ ထိန်းသိမ်းရလွယ်ကူခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းခြင်းများ စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ဆိုလာစနစ်တပ်ဆင်ရေးဆောင်ရွက်ခဲ့သော Comet energy ကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်သီဟစိုးက ဆိုလာစနစ်အကြောင်းသိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

ထို့နောက်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးရွာသို့ ဆိုလာစနစ်တပ်ဆင်ခြင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်က ဆိုလာပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းက ဆိုလာစနစ်ဆိုင်ရာ ဆက်စပ်ပစ္စည်းများကို လည်းကောင်း ကျေးရွာနေပြည်သူများအား ပေးအပ်ခဲ့သည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြင်သစ်-မြန်မာ ဆွေးနွေးပွဲကျင်းပ ရေပေးဝေရေးတွင်ထောက်ပံ့ရန် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုး

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေး မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြင်သစ်-မြန်မာဆွေးနွေးပွဲ (France-Myanmar Forum on Mandalay Urban Development) နှင့် မန္တလေးမြို့တော် ရေပေးဝေရေးဖွံ့ဖြိုးတိုးတက်မှု ထောက်ပံ့ပေးခြင်းအတွက် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort ခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး Mr. Thierry Mathou နှင့် သံရုံးအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်ကြူ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြင်သစ်စီးပွားရေးကော်မရှင်မှ ကိုယ်စားလှယ်များ၊ ပြင်သစ်ကုန်သွယ်မှုကော်မရှင်တို့မှ ဖိတ်ကြားထားသူများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်တင်၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့တော်အတွင်း ရေနှင့်သန့်ရှင်းမှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် အဓိကထားပြီးဆွေးနွေးမည့် France- Myanmar Business Forum မှတစ်ဆင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက မန္တလေးမြို့တော်အတွင်း ဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သောက်သုံးရေရရှိရေး၊ မြို့တော်အား



(Green City)ဖြစ်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီးက မြန်မာ-ပြင်သစ်နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြော ကြားသည်။

ထို့နောက် မန္တလေးမြို့တော်ရေပေးဝေရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သဘောတူညီမှုအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် The France Development Agency (AFD) တို့မှ တာဝန်ရှိသူများက နားလည်မှု စာချွန်လွှာကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## လယ်ယာသုံးစက်ကိရိယာများ သရုပ်ပြပွဲကျင်းပ

**ကျွန်းလှ ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်ချက်ဖြင့် ရွှေဘုန်းကုမ္ပဏီနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ လယ်ယာသုံးထွန်စက်များ သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျီကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် ရွှေဘုန်းကုမ္ပဏီက ထွန်စက်အမျိုးမျိုး၊ မြေပဲနုတ်စက်၊ မြေပဲခြွေစက်များကို မြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျီကုန်း၊ ရွာသီ၊ အင်းကောင်း၊ တင်းတိန်ရဲ၊ လယ်လှ၊ ရှမ်းစုကျေးရွာအုပ်စုများမှ တောင်သူများအား လက်တွေ့မောင်းနှင်သရုပ်ပြသခဲ့သည်။

"မြေပဲနုတ် မြေပဲခြွေရင် အလုပ်သမားငှားခ တစ်မနက်ကို ငွေကျပ် ၁၅၀၀ ပေးရပါတယ်။ အလုပ်သမားက တစ်နှစ်ထက် တစ်နှစ် ရှားပါးလာလို့ သီးနှံသိမ်းရာမှာ အခက်အခဲမျိုးစုံ ကြုံတွေ့ရပါတယ်။ ယခုလို လယ်ယာသုံးစက်ကိရိယာတွေကို ကျွန်းလှမြို့ဆိုင်ခွဲမှာ အလွယ်တကူဝယ်လို့ရတော့ ဒေသခံတောင်သူတွေအတွက် အဆင်ပြေပါတယ်"ဟု ကျီကုန်းကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မီးလောင်မှုဖြစ်ပွားပါက အဆင့်ဆင့်မီးငြိမ်းသတ်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်

**မြဝတီ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ် မြဝတီမြို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်နိုင်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို မြဝတီမြို့ဘုရင့်နောင်ဈေးကြီး၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

မီးလောင်မှု ဖြစ်ပေါ်ကြောင်း သံချောင်းခေါက်ချိန်မှစတင်၍ ရှေးဦးမီးငြိမ်းကိရိယာများဖြစ်သော မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးများဖြင့် မီးငြိမ်းသတ်ခြင်း၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့များက မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်တပ်ဖွဲ့က မီးသတ်ကားသုံးစီးဖြင့် မီးငြိမ်းသတ်ခြင်း၊ စေတနာလူမှုကယ်ဆယ်ရေးအသင်းက မီးလောင်နေရာ ဈေးအတွင်းပိတ်မိနေသည့် လူများအားကယ်ဆယ်ခြင်းစသည့် မီးလောင်ချိန်တွင် ဆောင်ရွက်ရမည့် ကိစ္စအားလုံးကို သရုပ်ပြလေ့ကျင့်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်မှုသည် ဒုတိယအဆင့်ဖြစ်ပြီး ရှေးဦးမီးငြိမ်းကိရိယာများဖြင့် မီးငြိမ်းသတ်နိုင်ရေးကလည်း အရေးကြီးသဖြင့် ရှေးဦးမီးသတ်ခြင်းကိုပါ ထည့်သွင်းလေ့ကျင့်ခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မီးငြိမ်းသတ်မှု လေ့ကျင့်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ခရိုင်မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းမှ ဦးစီးအရာရှိ ဦးမြင့်ဆွေနှင့် တပ်ဖွဲ့ဝင်များ၊ စေတနာလူမှုကယ်ဆယ်ရေးအသင်းဥက္ကဋ္ဌ ဦးလှထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်**





## နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီရှင်သန်ရေးလိုလားကြောင်း ဆန္ဒထုတ်ဖော်

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီရှင်သန်ရေးကို လိုလားကြောင်း စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူ ၇၀၀ ခန့်က ဖေဖော်ဝါရီ ၂၆ ရက်တွင် လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်သူများသည် ဒီမိုကရေစီ ရှင်သန်ခိုင်မာရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ၂၀၁၅ခုနှစ် ငြိမ်းချမ်းမှုဖော်ဆောင်ရေးစသည့် ကြွေးကြော်သံများ ကြွေးကြော်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှုဖျက်ဆီးသူ --ဒို့ရန်သူ၊ လက်နက်နဲ့ငြိမ်းချမ်းရေး အမြန်ဆုံး လဲလှယ်ပေး၊ တည်ငြိမ်အေးချမ်း ဒီမိုကရေစီပန်း ပွင့်လန်းဝေဖြာ ပြည်သာယာ၊ ဒီမိုကရေစီဖြောင့်ဖြူးရန် ဥပဒေကိုလေးစားလိုက်နာပါ၊ တရားဥပဒေစိုးမိုးမှုရရှိရန် တည်ငြိမ်အေးချမ်းဖို့လိုသည် စသည့်ပိုစတာများ ကိုင်ဆောင်ပြီး စဉ့်ကိုင်မြို့လယ်အဝိုင်း တောင်ဘက် တစ်ဖာလုံခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်းမှစတင်ခဲ့ကာ ထိုမှတစ်ဆင့် မြို့လယ်လမ်းအတိုင်း မြို့တွင်းသို့ဝင်ရောက်ခဲ့သည်။ ထို့နောက် မြို့မရပ်ကွက်၊ ရန်နိုင်ရပ်ကွက်လမ်းများမှ ရွှေကျီးနားကွင်းသို့ ဝင်ရောက်ခဲ့ပြီး ကြွေးကြော်သံများ ကြွေးကြော်ကာ နံနက် ၉ နာရီတွင် ငြိမ်းချမ်းစွာ လူစုခွဲခဲ့ကြောင်း သိရှိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

ပြည်တွင်းသတင်း



# ကံ့ကော်တစ်ထောင် သာသနာ့စခန်း နှစ်(၁၀၀)ပြည့်ပူဇော်ပွဲကျင်းပ

**ဘိုကလေး ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပေချောင်းကြီးကျေးရွာရှိ ကံ့ကော်တစ်ထောင် သာသနာ့အောင်မြေစခန်း၌ ကံ့ကော်တစ်ထောင် နှစ်(၁၀၀)ပြည့် ပူဇော်ပွဲကို တပေါင်းလဆန်း ၁ရက်မှ တပေါင်းလပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ကံ့ကော်တစ်ထောင်နှစ်(၁၀၀)ပြည့် ပူဇော်ပွဲသည် ကံ့ကော်တစ်ထောင် ဘုရားများတည်ထားခြင်း (၂၅) နှစ်မြောက် ငွေရတုသဘင်နှင့် ကံ့ကော်တစ်ထောင် ဆရာတော်၏ (၇၅)နှစ်ပြည့် စိန်ရတုဝိဇာတ (မွေးနေ့)မင်္ဂလာကို ပေါင်း၍ အထိမ်းအမှတ်အဖြစ် နှစ်(၁၀၀) ပြည့် ပူဇော်ပွဲကို ကျင်းပခြင်းဖြစ်ကာ တပေါင်းလဆန်း ၁ ရက်မှ ၃ ရက်အထိ တရားပွဲများ၊ ၄ ရက်မှ ၈ ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲများကို ကံ့ကော်တစ်ထောင်ဆရာတော်ကိုယ်တိုင်ဦးစီး၍ ပူဇော်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကံ့ကော်တစ်ထောင် ဆရာတော်ကြီး ဦးစီးလျက် တပည့်ဒါယကာ၊ ဒါယိကာမများစုပေါင်း ပါဝင် လှူဒါန်းမှုဖြင့် တပေါင်းလဆန်း(၉ရက်၊ ၁၀ရက်၊ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်များတွင် သိက္ခာထပ်ပွဲ၊ အဘိုး အဘွား ၁၀၀ အား သက်ကြီးပူဇော်ပွဲ၊ နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ ရှင်(၁၀၀)ပြုပွဲ၊ သီလရှင်ဝတ်ပွဲ၊ ပင့်သံဃာအပါး ၁၀၀ တို့အား ရှင်ပြု၊ ရဟန်းခံ၊ သိက္ခာထပ် ရေစက်ချပွဲများကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ပွဲတော်ရက်များတွင် ရပ်ဝေးရပ်နီးမှ ဧည့်ပရိသတ်များအား စတုဒိသာလှူဒါန်းကျွေးမွေးခြင်းနှင့် တေးသံရှင် မာမာအေး၊ စိုးစန္ဒာထွန်းနှင့် အနုပညာရှင်များက အခမဲ့ဖျော်ဖြေခြင်း စသည့်ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကံ့ကော်တစ်ထောင် သာသနာ့အောင်မြေစခန်းသည် ကံ့ကော်တစ်ထောင် ဆရာတော် ဘဒ္ဒန္တကေလာသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က အောက်မြန်မာပြည်၌ သာသနာထွန်းတောက်စေရန် ရည်ရွယ်လျက် ကံ့ကော်ပင်တစ်ထောင်၊ ပလ္လင်တော်တစ်ထောင်၊ စေတီတော်တစ်ထောင်၊ မုနိတော်တစ်ထောင်၊ ရုပ်ပွားဆင်းတုတော်တစ်ထောင် စသည့် တစ်ထောင်ငါးမျိုးဖြင့် ၁၃၅၁ ခုနှစ်တွင် တည်ထားခြင်းဖြစ်သည်။

ယခုအခါ ကံ့ကော်တစ်ထောင် သာသနာ့အောင်မြေစခန်း၌ အထက်တန်းပညာသင်ယူရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်ကို လက်ခံသင်ကြားပေးနေသည့် ကံ့ကော်တစ်ထောင် အခမဲ့ပညာဒါနကျောင်း၊ ဆေးဝါးကုသရန် အခက်အခဲရှိသည့် ကျေးလက်နေပြည်သူများ ဆေးကုသနိုင်ရေးအတွက် ကံ့ကော်တစ်ထောင် အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းတို့ကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်သည့်အပြင် ခိုကိုးရာမဲ့အဘိုးအဘွားများ နားခိုနေထိုင်နိုင်ရေးအတွက် ဘိုးဘွားရိပ်သာကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ကံ့ကော်တစ်ထောင် သာသနာ့စခန်းသည် ယခင်က သွားလာရေး ခက်ခဲသော်လည်း ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ပြီးစီးသည့် နောက်တွင် ရန်ကုန်-ဖျာပုံ-ဘိုကလေး ကားလမ်းအတိုင်း ကံ့ကော်တစ်ထောင်အထိ အလွယ်တကူသွားလာဖူးမြော်နိုင်ပြီဖြစ်ကြောင်းနှင့် ဆက်သွယ်လှူဒါန်းလိုပါက ကံ့ကော်တစ်ထောင်ဆရာတော် ဖုန်း-၀၉-၈၅၉၁၁၉ ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## သတင်းတိုများ

### ကလေးငယ်များအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးများထိုးနှံ

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ရွှေတွင်းကျေးရွာအုပ်စု ရွှေပြည်မြင့်ကျေးရွာမှ အသက် ၉ လမှ ၁၅ နှစ်အတွင်း ကလေးငယ်များအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများကို ကျေးရွာကျန်းမာရေးဆေးပေးခန်း၌ ဖေဖော်ဝါရီ ၂၀ ရက်က ထိုးနှံပေးခဲ့ရာ ကျေးရွာအုပ်စု တာဝန်ခံသားဖွားဆရာမ ဒေါ်နှင်းဆီနှင့်အဖွဲ့က ကလေးငယ် ၉၀ ကျော်ကို ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ကြောင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၁၄၉)**

### မူလတန်းကြိုသင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကျင်းပ

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မူလတန်းကြို သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းခိုင်က ရင်သွေးငယ်များနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ပြောကြားပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မူလတန်းကြိုသင်တန်းပြီးဆုံးကြောင်း အောင်လက်မှတ်များပေးအပ်ပြီး ထူးချွန်ဆုရရှိကြသည့် ရင်သွေးငယ်လေးများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **နီတိုး**

### မျိုးဆက်ပွားကျန်းမာရေးပညာပေးဟောပြော

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုအဖွဲ့နှင့် ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ပြင်ဦးလွင်မြို့ သုတပြည့်စုံစာကြည့်တိုက်၌ ဟောပြောခဲ့ကြောင်း သိရသည်။ **(၄၃၂)**

# ကန့်ဘလူ၌ တပ်မတော်ဆေးကုသရေးအဖွဲ့ အခမဲ့ကွင်းဆင်းကုသ

**ကန့်ဘလူ ဖေဖော်ဝါရီ ၂၈**

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ စီမံချက်ဖြင့် စစ်မှုထမ်းဟောင်းများနှင့် ၄င်းတို့၏မိသားစုများ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ကုသရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၃ ရက်က ကန့်ဘလူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ အမှတ်(၆၀၀၆) တင့်ကားတပ်ရင်းမှ ဆေးကုသရေးအဖွဲ့ ဗိုလ်ကြီးဆန်းလွင်နှင့် ဒုအရာခံဗိုလ်ထွန်းဦးတို့က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးကုသရေးအဖွဲ့ ဆေးကုသမှုလွယ်ကူစေရန် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းအောင်နှင့်အဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်းလူနာကိုးဦးကို ကုသပေးနိုင်ခဲ့ပြီး တစ်ဦးကို မေမြို့(ပြင်ဦးလွင်)စစ်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရန် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ကူညီထောက်ပံ့ပေးခဲ့ကြောင်း၊ အမှတ် (၆၀၀၆) တင့်ကားတပ်ရင်းမှူး ဗိုလ်မှူးနေထွန်းသန်းက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ယင်းအခမဲ့ဆေးကုသမှုလုပ်ငန်းကို အဝေးမှလူနာများလာရောက်ကုသနိုင်ရန် လစဉ်လဆန်း ၃ ရက်မှ ၂၃ ရက်တို့တွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကုသပေးမည်ဖြစ်ပြီး လိုအပ်ပါက မေမြို့(ပြင်ဦးလွင်)စစ်ဆေးရုံ၌ တက်ရောက်ကုသနိုင်ရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အတွင်းရေးမှူး ဦးအိမ်ကြီးမောင်က ပြောပြသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားကြမ်းခင်းများပျက်စီးနေမှု အချိန်မီပြုပြင်ပေးရန် ကားသမားများဆန္ဒရှိနေ

**မိုးညှင်း ဖေဖော်ဝါရီ ၂၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားမော်တော်ကားလမ်း မိုင်တိုင်အမှတ် (၁၈၂/၅)အနီးရှိ တံတားသည် ကြမ်းခင်းများ ပျက်စီးလျက်ရှိရာ အချိန်မီပြုပြင်ရန်လိုအပ်နေကြောင်း သိရသည်။

မိုင်တိုင်အမှတ်(၁၈၂/၅) အနီးရှိ တံတားသည် ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်းမပေါ်ရှိ နန့်တောချောင်းကို ဖြတ်သန်းတည်ဆောက်ထားသော အရှည် ၂၂ ပေ၊ အကျယ် ၁၆ ပေခန့်ရှိ သံပေါင်သစ်သားကြမ်းခင်း တံတား အမျိုးအစားဖြစ်သည်။ နေ့စဉ် မော်တော်ယာဉ်စီးရေ ၃၀၀ ခန့် တံတားပေါ်မှ ဖြတ်သန်းသွားလာနေကြသဖြင့် တံတားကြမ်းခင်းများ ပျက်စီးနေမှုကို အမြန်ပြုပြင်ပေးစေလိုကြောင်း လမ်းအသုံးပြုနေကြသည့် ယာဉ်မောင်းများက ပြောသည်။

"ဒီတံတားဟာ ကြမ်းခင်းတွေလည်း ပျက်စီးနေတယ်။ ကျွန်တော်တို့ ဆီသယ်ယာဉ်တွေက ယာဉ်မောင်းရော၊ ယာဉ်နောက်လိုက်ရော အကုန်လုံးဆင်းပြီး ကြေမွနေတဲ့ ကြမ်းခင်းတွေကို ပြုပြင်ပြီးမှ တစ်စီးပြီးမှတစ်စီး ဖြတ်သန်းမောင်းနှင်နေရပါတယ်။ ဖြတ်သန်းတဲ့ ကားသမားတိုင်းက တံတားကြမ်းခင်းကို ပြုပြင်ပြီးမှ မောင်းနှင်ဖြတ်သန်းနေရတာပါ။ ဒီအတိုင်းသာ မပြုပြင်ဘဲထားလိုက်ရင် တံတားတစ်စင်းလုံး ပျက်စီးပြီး ကျွန်တော်တို့ယာဉ်မောင်းတွေအတွက် အခက်ကြုံမှာပါ။ ရှောင်ကွင်းလမ်းကလည်းမရှိဆိုတော့ ပိုဆိုးတာပေါ့။ တံတားသံပေါင်တွေကလည်း တဖြည်းဖြည်းယိုင်နဲ့နေပြီ"ဟု ကသာမြို့မှ ဖားကန့်မြို့ သို့ ဆီသယ်ယာဉ်မောင်းနှင်သည့် ယာဉ်မောင်းတစ်ဦးက တံတားအခြေအနေကို ပြောပြသည်။

"မန္တလေး၊ ရွှေဘို၊ ကသာ မြို့ပေါ်တွေက ကုန်တင်ယာဉ်အမျိုးမျိုး နေ့စဉ် အဆင်းအတက် အစီးရေ ၃၀၀ လောက် မောင်းနှင်နေတာမို့ တံတားကြမ်းခင်းတွေ ပျက်စီးနေတာ ယာဉ်မောင်းတွေအတွက် အန္တရာယ်ရှိသလို ဒေသခံ ခရီးသွားတွေအတွက်လည်း အန္တရာယ်ရှိနိုင်တာမို့ တာဝန်ရှိသူတွေက အမြန်ဆုံး ပြုပြင်ပေးစေလိုပါတယ်" ဟု မိုးညှင်းမြို့ခံတစ်ဦးက ပြောပြသည်။ **နီတိုး(မော်လူး)**



# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီခွဲက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ မူဘောင်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန် ရည်မှန်းပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်းအား Pilot Project အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာပေါင်း ၁၄၅၀ တွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ CDD စီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများအား ပြည်သူအများ သိရှိလာပြီး ကျေးရွာစီမံကိန်းများအား စနစ်တကျ ဆောင်ရွက်လာနိုင်သည့်အတွက် စီမံကိန်းများကို ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။



တိုင်းဒေသကြီး / ပြည်နယ် တာဝန်ခံများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စံနမူနာပြအဖြစ် စိတ်ရောကိုယ်ပါ ထမ်းဆောင်ကြခြင်းဖြင့် လက်အောက်ဝန်ထမ်းများကလည်း လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအား အရှိန်အဟုန်မြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဝန်ထမ်းများအနေဖြင့် မိမိအလုပ်ကို တာဝန်ယူလိုသည့် အသိစိတ်များဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေး၊ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး၊ ဒုတိယဝန်ကြီး ဦးတင်ငွေတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူထုအခြေပြု စီမံကိန်းဆောင်ရွက်နေမှုအခြေအနေများအား အသီးသီးရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက မိမိတို့ကဏ္ဍများအလိုက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အသားကဏ္ဍ၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြကြပြီး ရှေ့လုပ်ငန်းစဉ်များအားလည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိရေးနှင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ဆက်လက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက အသားကဏ္ဍ၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် အကြံပြုဆွေးနွေး ညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်မှကိုယ်စားလှယ်အဖွဲ့လာရောက်

**မန္တလေး ဖေဖော်ဝါရီ ၂၈**

ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်မှ Dr.Chayan Vaddhanaphuti နှင့် Dr. Thapin Phatcharanuruk တို့သည် မန္တလေးတက္ကသိုလ်သို့ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲက လာရောက်ရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်းက လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်သင်းက မန္တလေးတက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၊ ဘာသာရပ်ဆိုင်ရာ သုတေသနဆောင်ရွက်ချက်များ၊ မန္တလေးတက္ကသိုလ်အနေဖြင့် နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ချင်းမိုင် တက္ကသိုလ်မှ Dr.Chayan Vaddhanaphuti က ချင်းမိုင်တက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသောသင်တန်းများ၊ မဟာဌာနများနှင့် နိုင်ငံတကာကျောင်းသားများအား ပညာသင်ဆုပေးအပ်နေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့အပြင် ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်တို့၌ International Conference on Burma/Myanmar Studies ကို ချင်းမိုင်တက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ရာ မန္တလေးတက္ကသိုလ်အား co-hosted University အဖြစ် ပါဝင် ဆောင်ရွက်စေလိုကြောင်း၊ ထိုကွန်ဖရင့်အတွက် စာတမ်းများတင်သွင်းရန် ဖိတ်ခေါ်ခြင်း၊ တင်သွင်းလာသောစာတမ်းများ စိစစ်ပေးခြင်းများကို ပြုလုပ်ပေးရန်နှင့် ကုန်ကျစရိတ်အားလုံးကို ချင်းမိုင်တက္ကသိုလ်မှ ကျခံပေးမည်ဖြစ်ကြောင်း၊ Asian University Network(AUN)member များဖြစ်သည့် မန္တလေးတက္ကသိုလ်နှင့် ချင်းမိုင်တက္ကသိုလ်တို့အကြား ပညာရေးကိစ္စများတွင်ပူးပေါင်းဆောင်ရွက်ရေးနှင့် ပညာရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ(MoU) လက်မှတ်ရေးထိုးလိုကြောင်း Dr.Chayan Vaddhanaphuti က ပြောကြားသည်။



အဆိုပါတွေ့ဆုံပွဲသို့ ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်မှ Dr.Chayan Vaddhanaphuti (Director of the regional centre for social science and sustainable development (RCSD) and Director of ASIAN centre of Chiang Mai University)၊ Dr.Thapin Phatcharanuruk, (Associated Dean for Academi မှ Affairs) နှင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ တက်ရောက်ကြသည်။

**အောင်ကျော်ထိုက်**

# မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးတွေ့ဆုံပွဲ ကျင်းပ

**ကျောက်မဲ ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ရှိ မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစုပျိုးထောင်ရေး (MANA ) တွင် စာရင်းဝင်မှတ်ပုံတင်ထားသော မူးယစ်ဆေးစွဲနေသူဦးရေမှာ ယနေ့အထိ ၂၀၀၀ ရှိကြောင်း၊ ဒါဟာ မြို့ပေါ် ရပ်ကွက်ကိုးရပ်ကွက်တို့မှဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများမှ မပါသေးကြောင်း၊ စာရင်းလာမပေးသေးသော ပြင်ပရှိလူဦးရေမှာ တစ်ထောင်ခန့်ရှိကြောင်းဖြင့် ကျောက်မဲခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်သိန်းက ကျောက်မဲမြို့ မြို့မရဲစခန်းတွင် ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသော ရဲတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရှိ အဖွဲ့အစည်းများ၊ ရပ်ကွက်ပေါင်းစုံမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ရာအိမ်မှူးများ၊ သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းခိုင်၊ စခန်းမှူး ဒုရဲမှူးဇော်နိုင်တို့က ရဲလုပ်ငန်းများဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းပြရာတွင် မိမိတို့ ရဲစခန်းတွင် မူးယစ်ဆေးဝါးအမှုမှာ အများဆုံးဖြစ်နေကြောင်း၊ မူးယစ်ဆေးသုံးစွဲသူများနေပါက ကျောင်းသားလူငယ်များအတွက် စိုးရိမ်စရာဖြစ်ကြောင်း၊ ထိုသို့မဖြစ်ရလေအောင် မိမိတို့ ရဲတပ်ဖွဲ့သို့ သတင်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းကြောင်း စသည်ဖြင့် ပြောကြားသည်။

**မောင်မောင် (ကျောက်မဲ)**

ပြည်တွင်းသတင်း

# ကျေးလက်ဒေသမီးလင်းရေး ဆိုလာပြားများတပ်ဆင်ပေး

**မိုးညို ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက အင်းတော်တလုပ်အုပ်စု ထိန်ကုန်းကျေးရွာ၌ ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများကို ကျေးရွာနေပြည်သူများထံ ပေးအပ်တပ်ဆင်ပေးခဲ့သည်။

အင်းတော်တလုပ်အုပ်စု ထိန်ကုန်းကျေးရွာသည် ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိပြီး ကျေးလက်နေပြည်သူများ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများကို အထောက်အပံ့ပြုစေရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေဖြင့် အိမ်ခြေသုံးအိမ်ကို ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ခဲ့၍ ဒေသမီးလင်းစေရေးအတွက် တစ်အိမ်တက်ဆင်းတပ်ဆင်မှုများ ပြုလုပ်ပေးခဲ့သည်။

**ခင်လတ် (မိုးညို)**

# စီမံချက်ဖြင့် ဝက်သက်နှင့် ဂျိုက်သိုးကာကွယ်ဆေးထိုးပေး

**တောင်ကုတ် ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် မအီမြို့တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ကျန်းမာရေးဌာနခွဲ ခြောက်ခုနှင့် မအီပင်မတို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းလွင် စီမံခန့်ခွဲမှုဖြင့် မအီမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ငွေမိုး၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ ကူညီမှုဖြင့် RHC တွင် ကျန်းမာရေးမှူး ဦးလှဝင်းဦးဆောင်ကာ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးလုပ်ငန်း၊ ပြည်သူအခြေပြု ၉ လမှ ၁၅ နှစ်ကလေးငယ်များကို ကာကွယ်ဆေးထိုးဆောင်ရွက်ပေးပြီး ကလေးငယ်များအားလုံးကို ဗလာမပါကံစမ်းမဲနှင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(၁၅၇)**



**ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၁ နာရီက ဗန်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကျော်သက်ထွန်းက မှုခင်းကျဆင်းရေးအတွက် ပြည်သူများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်နှင့် ပြေးလေးပြေး ဖော်ထုတ်ရာတွင်လည်း ပူပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ရှင်းလင်းဆွေးနွေးစဉ်။** (ခရိုင် ပြန်/ဆက်)

# ဘက်စုံသီးနှံကာကွယ်ရေး တောင်သူပညာပေးသင်တန်းဖွင့်

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)နှင့် (EUROPE Aid Funded Project) ဥရောပနိုင်ငံများ၏ အထောက်အပံ့ဖြင့် ပူးပေါင်းစီစဉ်ဖွင့်လှစ်သော အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး (နွေစပါး)တွင် ဥကပ်ပါးနဂျီပိုးအခြေခံ၍ ဘက်စုံသီးနှံကာကွယ်ရေး တောင်သူနည်းပညာပေးသင်တန်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာအုပ်စု အိုးထိမ်းတောင်ကျေးရွာတွင် ဖွင့်လှစ်သင်ကြားပြသပေးကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက တောင်သူများအား မိတ်ဆက်အမှာစကားပြောကြားပြီး သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ကြင်ကြင်ဝင်းက ယခုကျင်းပသည့် ဘက်စုံသီးနှံကာကွယ်ရေးစီမံကိန်း၏ ရည်ရွယ်ချက်မှာ စပါးပင်စည်ထိုးပိုး၏ ဥကိုကပ်ပါးပြုသည့် အကျိုးပြု နဂျီကိုမွေးမြူ၍ လွှတ်ပေးခြင်းဖြင့် ဓာတုပိုးသတ်ဆေးသုံးစွဲမှု လျှော့ချရန် ဇီဝနည်း (ထရိုင်ဂိုဂရားမား ဥကပ်ပါးနဂျီ (Trichogramma) ကို အခြေခံသော ဘက်စုံသီးနှံကာကွယ်နှိမ်နင်းနည်းစနစ်များကို တောင်သူများ သိမြင်နားလည်စေပြီး လိုက်နာအသုံးပြုနိုင်ရန်နှင့် ရေရှည်တည်တံ့သော ဘက်စုံသီးနှံကာကွယ်နှိမ်နင်းနည်းစနစ်ကို လက်တွေ့ကွင်းဆင်းပညာပေး ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သီးနှံကာကွယ်ရေးဌာနခွဲမှ ဒေါက်တာကိုကိုက မဟာမဲခေါင်ဒေသတွင်း နိုင်ငံများမှ ကောက်ယူရရှိသော ဥကပ်ပါးနဂျီမျိုးစိတ်များထဲမှ အကောင်းဆုံးမျိုးစိတ်ကို ရွေးချယ်၍ စပါးခင်းထဲတွင် ဘက်စုံသီးနှံကာကွယ်နှိမ်နင်းနည်းစနစ်ဖြင့် ကာကွယ်နှိမ်နင်းနည်းအကြောင်းကို ရှင်းပြသည်။

**ကိုပေါက်(ဥက္ကာမြေ)**

ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးညွန့်တင် (တိုက်ကြီး)
### ဌာနေနိုင်ငံခြားသတင်းထောက်၊ ဖူဂျီတီဗွီ
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၁၃၃နေ (ဒေါ်အိအိဝင်း၊ အိရွှေစင် လက်ဖက်ရည်ဆိုင်)၏ခင်ပွန်း ဦးညွန့်တင်(တိုက်ကြီး) အသက်(၇၉)နှစ်သည် ၂၆-၂-၂၀၂၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးခင်အောင်မြင့်၊ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးညွန့်တင် (တိုက်ကြီး)
### ဌာနေနိုင်ငံခြားသတင်းထောက်၊ ဖူဂျီတီဗွီ
### အသက် (၇၉)နှစ်

ဦးညွန့်တင် (တိုက်ကြီး) ဌာနေနိုင်ငံခြားသတင်းထောက်၊ ဖူဂျီတီဗွီ၊ အသက်(၇၉)နှစ်သည် ၂၆-၂-၂၀၂၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး**
**ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်ထွန်းလှ
### အထကပြ(ငြိမ်း)၊ မောင်တော
### အသက်(၆၄)နှစ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရှိတ္တာရွာနေ (ဦးစိန်လှ-ဒေါ်သိန်းတန်ဖြူ)တို့၏သား၊ (ဦးညိုမှိုင်း-ဒေါ်အဘု)တို့၏ သားသမက်၊ ဒေါ်အေးလှ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြသူဇာ(UNICEF၊ မန္တလေး)၊ ဒေါ်စောမြသန္တာ(မြို့နယ်ထွေ/အုပ်၊ မောင်တော)-ဦးအောင်စောသန်း၊ ကိုနေမိုးထွန်း (OOW-6 Batch)တို့၏ချစ်လှစွာသောဖခင်၊ မောင်သန့်ဇင်အောင်၏အဖိုးရင်သည် ၂၈-၂-၂၀၂၅ရက် ညနေ ၄း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၂၅ရက်(တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်အချိန်အား ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## သိက္ခာတော်ရဆရာ ဦးဂင့်ရှင်းထန်
### အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ မြိုင်လမ်း၊ အမှတ် ၃၂ (က)နေ Pu Sut Thang - Ciin Za Don တို့၏သားကြီး၊ (Nu Niang Lian Cing)၏ခင်ပွန်း၊ Nu Vung Khan Man ၏မောင်၊ Pa Kam Khan Lian(ပညာရေးဌာန)၊ Pastor Kham Khan Suan တို့၏အစ်ကိုကြီး၊ Nu Don Man Lun Vung(ခ)မလွန်း၊ Nu Ciin Lian Niang, Taang Thang Biak Lian Suum - Taang Lian Muan Khual (Lecturer, Bethel Bible College) တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ တူ၊တူမ ၁၆ယောက်တို့၏ ဘကြီးသည် ၂၇-၂-၂၀၂၅ရက် နံနက် ၆း၃၀နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၃- ၂၀၂၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (လှိုင်သာယာနေအိမ်၊ ဗေသလနှစ်ခြင်းအသင်းတော်(ဘိုကုန်း)၊ ဓမ္မလေ့လာဘုရားကျောင်းရှေ့ ဆူးလေ၊ ယုဇနဥယျာဉ်မြို့တော် ပိတောက်ကွေ့တို့မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## စိုင်းကျော်စွာခင်
### (Matsuda General Services Co.,Ltd. DIRECTOR)
### ယခင် စိန်ဂျွန်း၊ အထက(၁)လမ်းမတော်ကျောင်းသားဟောင်း
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော် (၇)ရပ်ကွက်၊ မဟာဗေယျလမ်း၊ အမှတ် ၁၉၊ ပထမထပ်နေ ဦးခင်မောင်လေး(ခ)ဖိုးသောကြာ (ခေတ်+မိုး) သတင်းစာဆရာ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ နာယက မြန်မာနိုင်ငံသတင်းစာဆရာအသင်း(BJA)-ဒေါ်ရီရီသိန်း(ခ)နန်းကြာရီတို့၏စတုတ္ထသား၊ (ဒေါ်သိန်းနု-ဦးဘစိန်)၊ (ဒေါ်သိန်းကြည်-ဦးလှမောင်)၊ ဒေါ်သိန်းသီ-ဦးတင်ငွေတို့၏တူ၊ စိုင်းသူရခင်၊ ဒေါ်နန်းနွယ်နီခင်-ဦးတင်ထွန်းအောင်၊ (စိုင်းအောင်နိုင်ခင်)တို့၏ညီ/မောင်၊ စိုင်းခိုင်ဇော်လင်း-ဒေါ်မြတ်နီလာဝင်းတို့၏အစ်ကို၊ နန်းအေးကလျာနိုင်(G6 Beauty Spa)-ကျော်ဇေသောင်း (ပန်းသတင်းဆောက်လုပ်ရေး)၊ စိုင်းမင်းသိမ်းကျော် (နည်းပညာတက္ကသိုလ်၊ သန်လျင်)၊ စိုင်းမင်းမြတ်ကျော်သူ (အရှေ့ပိုင်းတက္ကသိုလ်)တို့၏ဦးလေး၊ စိုင်းလင်းသန့်ဌေး(Hendrick)၊ နန်းမေမြတ်သဒ္ဒါသန့်တို့၏အဘိုးလေး၊ စိုင်းနန္ဒကျော်စွာ၏ဖခင်သည် ၂၄-၂-၂၀၂၅ရက်(အင်္ဂါနေ့)ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၅ရက်(ကြာသပတေးနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၂၅ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒုတပ်ကြပ် စောဝင်းရွှေ
### အသက်(၄၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ ၁၅ လမ်းအရှေ့၊ အမှတ် ၇၀နေ ဦးရွှေလင်း(ရေကြောင်းဦးစီး၊ ငြိမ်း)-ဒေါ်နီနီဝင်းတို့၏သားကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ ဦးစိုးညွန့်-ဒေါ်လှလှဝင်းတို့၏သားသမက်၊ ကိုမောင်နိုင်-မစန်းစန်းယု(ရေကြောင်းဦးစီး)တို့၏မောင်၊ ကိုထွန်းထွန်းဝင်း-မဥမ္မာသင်း၊ (ကိုကျော်စွာစိုး)-မဝင်းဝင်းယု၊ ကိုမင်းမင်းထွန်းကျော်-မငုဝါလွင်၊ ကိုအေးချမ်းကိုကို-မတင်တင်ယု(ရေကြောင်းဦးစီး)တို့၏အစ်ကို၊ ကိုသိန်းဦး-မဌေးဌေးကြွယ်၊ ကိုတင်စိုး-မဌေးဌေးဝင်း၊ (ကိုမြင့်ဆွေ)-မဆွေဆွေဌေး၊ ကိုထွန်းထွန်း-မခိုင်ခိုင်ဌေးတို့၏မောင်၊ ကိုလင်းမြင့်ဦး-မကြည်ကြည်ရွှေ၊ ကိုသောင်းထွဋ်-မကေသွယ်မိုး၊ ကိုကျော်ဇင်သန့်-မဆွေမာဝင်းတို့၏အစ်ကို၊ မနိုင်နိုင်ဌေး၏ခင်ပွန်း၊ မဇီဇဝါဝင်း၏ဖခင်သည် ၂၇-၂-၂၀၂၅ရက် ည ၇း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၂၅ရက် မွန်းလွဲ ၁း၃၀နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

### သုံးဆယ်မြို့နယ်အသင်း(ရန်ကုန်) ရာသက်ပန်အသင်းဝင်ကန်တော့ခံ
## ဒေါ်အေးကြည်
### အသက်(၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/တောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊အမှတ် ၅၃၊ လေးလွှာ (အေ)နေ (ဦးစံတင်)၏ဇနီးသည် ၂၄-၂-၂၀၂၅ရက်(အင်္ဂါနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့် (စဥ့်ကိုင်)
### သံလွင်ဓာတ်ပုံတိုက်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊မြသီတာအိမ်ရာ၊ ဥဇနာလမ်း၊အမှတ် ၁က/၄၉နေ(ဦးကောင်း-ဒေါ်သောင်း)တို့၏သမီး၊ (ဦးထွန်းလွင်)၏ဇနီး၊ဒုတိယဗိုလ်မှူးကြီးဒေါ်မိမိလွင်(သမက-၁/၃၀၀)၊ ဦးသော်တာမြင့်-ဒေါ်ချစ်ချစ်ဆွေ၊ဒေါ်ခင်စန္ဒာလွင်၊ ဦးကျော်နိုင် - ဒေါ်အေးသီတာလွင်၊ ဦးဇော်မျိုးထွန်း၊ ဦးမင်းရဲထွန်း-ဒေါ်သက်သက်ဌေးတို့၏မိခင်ကြီး၊ မောင်သူရကျော်နိုင်၊ မောင်ဖွဲ့ထက်စံ၊ မသိမ့်ဟန်သော်၊မမေမွန်ကျော်၊မဝိုင်းစက်စက်မင်းတို့၏အဘွားသည် ၂၈-၂-၂၀၂၅ရက် နံနက် ၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၂၅ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (မြသီတာအိမ်ရာမှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## PI TIAL FAM
### အသက်(၆၃)နှစ်

ချင်းပြည်နယ်၊ထန်တလန်မြို့၊ဗန်ဇန်ကျေးရွာနေ(PU Huat Luai- Pi Huat Iang) တို့၏သမီး၊ Pi Sung Pen၏ညီမ၊ Pu Van Er ၏အစ်မ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ စောလှဘော်လမ်း၊ Pu Chiah Nawl-၃၇၀/၃၅နေ၏ချစ်လှစွာသောဇနီး၊ Pi Ellen- Rev. Za Mang Cung, Pu Thawng H-u Pi Far Sung (Australia), Pi Mang Thuam Tial - Pu No Thawng (Australia), Sayamah Tha Nawn Par-Pu Tin Hmung, Pu Sang Ceu Cin- Pi Sui Len Tawi (Australia), Pu Sang Bawi Thawng- Pi Sung Bor (U.S.A) တို့၏မိခင်၊ မြေး ၁၄ ယောက်တို့၏အဘွားသည် ၂၈-၂-၂၀၂၅ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၃-၂၀၂၅ရက်မွန်းလွဲ ၂နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [(၁) နေအိမ်၊ (၂)ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ အအေးဆိုင်မှတ်တိုင်၊ (၃) ယုဇနဥယျာဉ်မြို့တော်၊ (၄) လှိုင်သီရိအိမ်ရာ၊ (၅) အင်းစိန်(BOC)မှတ်တိုင်တို့မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## ကိုအောင်ထွန်းမြင့်
### အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ် ၁၅နေ (ဦးသောင်း-ဒေါ်မြရှိန်)၊ (ဦးခင်အောင်)-ဒေါ်တင်ရွှေတို့၏မြေး၊ ဦးမြင့်ဝေ-ဒေါ်တင်တင်လင်း(ရုံးအုပ်၊ဥက္ကဋ္ဌရုံး၊ YESB)တို့၏သားကြီး၊မအေးမွန်မြင့်(SAE,YESB)၊ မောင်ဝင်းထွန်းမြင့်၊ မောင်ကျော်မြင့်ထွန်းတို့၏အစ်ကိုသည် ၂၇-၂-၂၀၂၅ ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၃-၂၀၂၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
## သခင်တင်မြ(ခ)ဦးစံထွန်း
### နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်
### အသက် (၉၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဆည်မြောင်း ၄လမ်း၊ အမှတ် ၇၅၅နေ ဒေါ်သန်းသန်းညွန့်(အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန)၏ခင်ပွန်းဖြစ်သူ သခင်တင်မြ(ခ)ဦးစံထွန်းသည် ၂၈-၂-၂၀၂၅ရက် (စနေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး**
**ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

## သခင်တင်မြ(ခ)ဦးစံထွန်း
### လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်
### အသက်(၉၁)နှစ်

ဓနုဖြူမြို့နေ (ဦးဘိုးငြိမ်-ဒေါ်အုန်းပွင့်)တို့၏သား၊ (ဒေါ်ဖြူဖြူ)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးရဲမြင့်၊ စာရေးဆရာ ဂယက်နီ)-ဒေါ်ခင်စီ၊ (ဦးရဲညွန့်)-ဒေါ်သန်းဆွေ၊ (ဦးရဲလင်း)-ဒေါ်ဖြူဖြူ၊ (ဦးရဲဝင်း)၊ (ဒေါ်နီနီထွေး)-ဦးကျော်သန့်ဇင်တို့၏ဖခင်ကြီး၊ မြေး ၁၂ယောက်၊ မြစ်၁၀ယောက်၊ တီနှစ်ယောက်တို့၏အဘိုးသည် ၂၈-၂-၂၀၂၅ရက်(စနေနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၃)ရပ်ကွက်၊ ဆည်မြောင်း ၄လမ်း၊ အမှတ် ၇၅၅ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၂၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မဟာဗန္ဓုလပန်းခြံလမ်းထိပ်၊ ဗိုလ်ချုပ်လမ်းထောင့်နှင့် အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## သခင်တင်မြ(ခ)ဦးစံထွန်း
### နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်၊
### အသက်(၉၁)နှစ်

ဓနုဖြူမြို့နေ(ဦးဘိုးငြိမ်-ဒေါ်အုန်းပွင့်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဆည်မြောင်း ၄လမ်း၊ အမှတ် ၇၅၅နေ (ဒေါ်ဖြူဖြူ)၊ ဒေါ်သန်းသန်းညွန့်(အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန)၏ခင်ပွန်း၊ ဒေါ်အေးအေးမာ(အထက-၁၊ အရှေ့ဒဂုံ)၏ ဘဘသည် ၂၈-၂-၂၀၂၅ရက်(စနေနေ့)နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၃-၂၀၂၅ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မဟာဗန္ဓုလပန်းခြံလမ်းထိပ်၊ ဗိုလ်ချုပ်လမ်းထောင့်နှင့် အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ချိုချို (ဖွားချို)
### အသက်(၉၀)

၂၇လမ်း၊ ပန်းဘဲတန်း၊ မြကန်သာ၊ သဃ်န်းကျွန်း(ဇဝန)၊ တိုက်အမှတ် (3B)၊ အခန်း 005၊ ဓာတုဗေဒလမ်း၊ ရတနာမွန်အိမ်ရာ၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးချမ်းသာ-ဒေါ်သိန်းကြွယ်)တို့၏သမီးငယ်၊ (ဦးတင်လှ-ဒေါ်လှကြီး)တို့၏ညီမ၊ (ဦးစိန်ညွန့်၊ ရွှေဘို)၏ချစ်လှစွာသောဇနီး၊ ဒေါ်မြင့်မြင့်ကြည် (မော့)၊ ဦးလှအောင်(ဘော့)-ဒေါ်ခင်ပြုံး၊ ဦးထွန်းအောင်(ဂျော့)-ဒေါ်ဖြူဖြူဝင်း၊ ဦးရဲထွဋ်(ချစ်သဲ) SCG -ဒေါ်လှမဋ္ဌူ၊ ဦးကျော်မင်း(တော့)-ဒေါ်နီလာလှိုင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၈-၂-၂၀၂၅ရက်တွင် အနောက်ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၂၅ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းထွေး(ခ)အဆိုတော်ဒေါ်အေးမိစံ (မြင်းခြံမြို့)
### မိုးကုတ်ယောဂီ
### အသက်(၈၃)နှစ်

မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ခြုံကြီးကျေးရွာနေ ဦးဘိုးဘ-ဒေါ်ဖွားရှင်တို့၏သမီး၊ ဦးအေး-ဒေါ်စောရင်တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ တိုက် ၄၉၇-၄၉၈ (၅-က)နေ(ဦးတင်အောင်)-ဒေါ်ခင်ဝင်းမာ[လက်ထောက်တိုင်းဒေသကြီးဥပဒေအရာရှိ(အငြိမ်းစား)]၊ ရန်ကုန်တိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံး ဦးမောင်မောင်ညွန့်-ဒေါ်ကြည်ကြည်ညွန့်(PST Construction)၊ ဦးသန်းဌေး(ဧည့်လမ်းညွှန်)၊ ဦးဝင်းကိုကိုဦး(ခေတ္တ-ကိုရီးယား)-ဒေါ်သင်းသင်းအေးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ရဟန်း ဦးဣန္ဒောဘာသ၏ရဟန်းအမကြီးသည် ၂၇-၂-၂၀၂၅ရက်(သောကြာနေ့) နံနက် ၃း၄၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၃-၂၀၂၅ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်အေး
### အားမာန်သမဝါယမအသင်း
### ရန်ကင်းမြို့နယ်(ငြိမ်း)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊သစ္စာလမ်းမကြီး၊ အမှတ် ၁၂၃၅နေ (ဦးဌေးမောင်-ဒေါ်မြရန်)တို့၏သမီး၊ (ဦးခင်မောင်ကြည်-ဒေါ်မေစီ)တို့၏သမီးချွေးမ၊ အရာခံဗိုလ် ခင်မောင်လှ(ပ·ည/၆၁) (တပ်မတော်-ရေ၊ ငြိမ်း)၏ဇနီး၊ (ဦးမြင့်သန်း)-ဒေါ်မြကြိုင်၊ (ဒေါ်ကြည်ကြည်ညွန့်)-အရာခံဗိုလ်သန်းအောင်၊ (ဒေါ်သန်းမြင့်)-ဦးအေး၊ ဒေါ်အေးအေးချစ်-(ဦးသန်းထွန်း)၊ ဦးသန်းဌေး-(ဒေါ်အေးပွား)၊ဦးတင်ဌေးတို့၏ညီမ/အစ်မ၊ တူ၊ တူမ ၁၆ယောက်တို့၏ အဒေါ်သည် ၂၇-၂-၂၀၂၅ရက် (သောကြာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၃-၂၀၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရီရီမြင့် (မန္တလေး)
### အသက်(၇၃)နှစ်

မန္တလေးမြို့၊ဝါးတန်းရပ်နေ (ဦးသာဦး-ဒေါ်စိန်စိန်)တို့၏သမီး၊ (ဦးလှမြင့်-ဒေါ်ခင်သိန်း)တို့၏ချွေးမ၊ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ အမှတ် ၂၅ (ငါးလွှာ)နေ [ဗိုလ်မှူးကျော်မြင့် (ဗဟိုကုန်ရုံဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)]၏ဇနီး၊ ဦးကျော်မောင်မောင်-ဒေါ်ညိုညိုတင်၊ ဒေါ်မြင့်မြင့်သိန်း၊ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း)-ဒေါ်ချိုချိုပြုံးတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၈-၂-၂၀၂၅ရက် (စနေနေ့) နံနက် ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၃-၂၀၂၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကလျာဏမထေရ်
### (နိုင်ငံတော် သံဃသမ္မုတိရကိုယ်စားလှယ်)
### အိမ်စိုးမေမိကျောင်းတိုက်
### သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်၊ အိမ်စိုးမိကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် (နိုင်ငံတော် သံဃသမ္မုတိရကိုယ်စားလှယ်)ဖြစ်တော်မူသော ဘဒ္ဒန္တကလျာဏမထေရ်သည် (၁၃၈၆ခုနှစ် တပေါင်းလဆန်း ၅ရက်) ၂၂-၂-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၈၆ခုနှစ် တန်ခူးလဆန်း ၃ရက်) ၂၂-၃-၂၀၂၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အိမ်စိုးမေမိကျောင်းတိုက်မှ ကရဝိက်ဖောင်ဆွဲတလားဖြင့် ဒုံးတိုက်ကွင်းသို့ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဈာပနပူဇော်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်
ရှုပတောင်ရပ်ကွက် ဒါယကာ၊ ဒါယိကာမများ

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ
### အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ
### သီရိပဝရဓမ္မာစရိယ၊ စေတီယင်္ဂဏဓမ္မာစရိယ၊ ဝိနယပါရဂူ၊
### ပါရာဇိကဝါစနာမဂ္ဂဒီပနီကျမ်းနှင့်ဝိနယဝါစနာမဂ္ဂဒီပနီကျမ်းပြု၊
### စာချနာယကဆရာတော်၊ဘုရားဖြူကျောင်းတိုက်၊ပုဇွန်တောင်၊ရန်ကုန်
### သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ဇီးတော်ပင်ကျေးရွာနေ ခမည်းတော် ဦးချက်-မယ်တော် ဒေါ်အေးရင်တို့၏သား၊ ရန်ကုန်မြို့၊ ဘုရားဖြူကျောင်းတိုက်၊ စာချနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသသည် (၁၃၈၆ခုနှစ် တပေါင်းလဆန်း ၁၀ရက်) ၂၇-၂-၂၀၂၅ရက် (သောကြာနေ့) ည ၉နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဇီးတော်ပင်ကျေးရွာ မိမိဖွားရာတိုက်ခန်း၌ပင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပါမည်။)

မဟာနာယကဆရာတော်နှင့် တပည့်သံဃာတော်များ
ဘုရားဖြူကျောင်းတိုက်

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးထွန်းလင်း
### B.Com, M.Com, LL.B, LL.M (Lond), JUR.DRS (UTRECHT)
### Barrister-at-Law(Inner Temple)
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဗဟိုဥပဒေရုံး
### တရားရုံးချုပ်တရားသူကြီး(ငြိမ်း)၊ နိုတြီပဗ္ဗလစ်
### အသက်(၈၃)နှစ်

(ဦးစံရွှေ-ဒေါ်သင်းလှိုင်)တို့၏သား၊(ဦးငွေထွန်း)-ဒေါ်ညွန့်ညွန့်တင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၆၅ နေ ဒေါ်ခင်ညိုညိုထွန်း၏ချစ်လှစွာသောခင်ပွန်း၊ Dr. Ronald Cress Well ကေဇင်မျိုးထွန်းလင်း(U.S.A)၊ဒေါက်တာအေးမြတ်မျိုးထွန်းလင်း(ခေတ္တ-UK)၊ ခိုင်မြတ်မျိုးထွန်းလင်း(MIC)တို့၏ချစ်လှစွာသောဖခင်၊ Elektra, Kayla Lynn တို့၏ဘိုးဘိုးသည် ၂၇-၂-၂၀၂၅ရက် (သောကြာနေ့) ည ၉း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၅ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသက်လွင်ဦး (စစ်မှုထမ်း၊ ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ် ၁၅-၂၉၄၊ တပင်ရွှေထီးလမ်းနေ (ဦးဘိုးဟန်-ဒေါ်ကံမြိုင်)တို့၏သား၊ (ဦးထွန်းရီ-ဒေါ်သန်းရီ)တို့၏သားသမက်၊ ဒေါ်လှမြင့်၏ခင်ပွန်း၊ တကကဇော်မြင့်ဦး (ကက-ဆက်)၊ ဒေါ်တင်တင်မော်(နေပြည်တော်)၊ (ဒေါ်စိန်စိန်မာ)၊ ဒေါ်ချိုချိုသော်၊ ဒေါ်သန္တာဦး (နေပြည်တော်ခရိုင် လဝကရုံး)၊ ဒေါ်စန္ဒာဦး(အလက-၁၊ ဒဂုံ)၊ ဦးမြင့်လွင်ထွေး (မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)၊ ဒေါ်ဆန်းဆန်းထွေး(ချော)တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၅ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၂၇-၂-၂၀၂၅ရက် (သောကြာနေ့) ညနေ ၃နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၂၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစံလင်း (ညွှန်ကြားရေးမှူး၊ ငြိမ်း)
### မြန်မာ့လျှပ်စစ်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း
### စက်မှုဝန်ကြီးဌာန
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်တာဝါ(၁)၊ တိုက် A (လေးလွှာ)၊ အခန်း ဝ၃၇နေ (ဦးစံလှ-ဒေါ်ခင်မေလှ)တို့၏သားကြီး၊ ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ရှယ်လီကူး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာအေးသီတာလင်း(ခေတ္တ-USA)၏ချစ်လှစွာသောဖခင်၊ ဒေါက်တာဖေခင်-ဒေါ်သီရိမွန်တို့၏အစ်ကိုကြီးသည် ၂၇-၂-၂၀၂၅ရက်(သောကြာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၃-၂၀၂၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
## မောင်ဥက္ကာဖြိုး(ခ)ဖိုးရှိုင်း အသက်(၂၁)နှစ်
### (စတုတ္ထနှစ်၊ နည်းပညာတက္ကသိုလ်၊ မုံရွာ)

ဗိုလ်မှူးလေးနိုင်(ငြိမ်း) - ဒေါ်သင်းသင်းမော်တို့၏ ချစ်လှစွာသောသားသည် ၂၄-၂-၂၀၂၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိဘများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်တိုး-ဒေါ်နီလာဝင်းလှိုင် မိသားစု၊ တောင်ဥက္ကလာပ။**

နိုင်ငံသားအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း၊ အမုန်းတရားတွေကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားပြီး ပြည်သူတွေ ဒုက္ခမျိုးစုံ တွေ့ကြုံနေကြရတာကို ကမ္ဘာ့ဖြစ်စဉ် ဖြစ်ရပ်များက သက်သေပြနေပါတယ်။ ဒါကြောင့် နိုင်ငံသားများအကြား အမုန်းတရားများ ပွားများစေမယ့် အပြုအမူ၊ အပြောအဆို၊ အရေးအသားများကို ကျွန်တော်တို့ လူ့အဖွဲ့အစည်းအနေနဲ့ ရှုတ်ချပြစ်တင်ဆန့်ကျင်ကြရမှာဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)




ဒုတိယသမ္မတ ဦးညဏ်ထွန်း အမျိုးသားအားကစားပွဲတော်ပိတ်ပွဲအခမ်းအနားတွင် ဆုရရှိသောအသင်းများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# အားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိရေး အရှိန်အဟုန်မပြတ် လေ့ကျင့်ပြင်ဆင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အမျိုးသားအားကစားပွဲတော် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ကရင်ပြည်နယ်ဘောလုံးအသင်း ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ဒုတိယသမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*စာမျက်နှာ ၈ ကော်လံ ၁* ◆

# မုတ္တာမပင်လယ်ကွေ့ကို ရေတိမ်ဒေသသတ်မှတ်နိုင်ရေး ဆောင်ရွက်မှုထက်ဝက်ပြီးစီး

သတင်း-မြတ်မွန်ထွေး ➢ ဓာတ်ပုံ-အာကာမောင်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၈**

မုတ္တာမပင်လယ်ကွေ့အား ရေတိမ်ဒေသအဖြစ် အဆိုပြုသတ်မှတ်နိုင်ရေး ဆောင်ရွက်မှုလုပ်ငန်းစဉ် ထက်ဝက်ထိပြီးစီးပြီဖြစ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) ဥက္ကဋ္ဌ ဒေါက်တာ စောမွန်သိမ့်ထံမှသိရသည်။ နောက်ထပ်

*စာမျက်နှာ ၁၄ ကော်လံ ၁* ❄



# လက်ပံတန်းမြို့ရောက် သပိတ်ပင်မစစ်ကြောင်းဆန္ဒပြအဖွဲ့မှ (၉)ဦး ပြည်ထောင်စုလွှတ်တော်ကျင်းပနေပုံ ကြည့်ရှုလေ့လာခွင့်ပြုခဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
သတင်းထုတ်ပြန်ချက်အမှတ် (၃/၂၀၁၅)
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်
၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

၁။ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံသို့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့တွင် ရောက်ရှိနေသော သပိတ်ပင်မစစ်ကြောင်း ဆန္ဒပြအဖွဲ့မှ မောင်ကျော်ကိုကို၊ မဖြိုးဖြိုးအောင်၊ မောင်မိုးထက်နေ၊ မောင်မင်းသွေးသစ်၊ မောင်ရဲရင့်ကျော်၊ မဟာန်နီဦး၊

*စာမျက်နှာ ၅ ကော်လံ ၁* ■

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၌စတင်ကြားနာ ဆွေးနွေးဆောင်ရွက်နေပြီဖြစ်၍ သပိတ်မှောက်ဆန္ဒထုတ်ဖော်မှုများ မပြုလုပ်ကြရန် သတိပေးကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရေးအတွက် သပိတ်မှောက် ဆန္ဒပြတောင်းဆိုမှုများအရ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီနှင့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)မှ ကိုယ်စားလှယ်များပါဝင်သည့် လေးပွင့်ဆိုင်ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ကြပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေပြုရေးအာဏာရှိသည့် လွှတ်တော်သို့တင်ပြရန် ဆုံးဖြတ်ခဲ့ကြပါသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ❀

မြန်မာ့အလှနား အားဖြင့် သနပ်ခါးကိုစုနှံ့ အနည်းဆုံး (၃) နှစ်ကြာပါသည်၊



[illegible]

ဖွေးမိမိထွန်း [Master of Psychology]

ဖွေးမိမိထွန်း

mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS